
တက္ကသိုလ်

တက္ကသိုလ်

# နေလင်းအောင်

## သွေးအကြွေ ကြွေးအပြေ

စာစဉ် (၅)

အခန်း(၅၆)
အဆိပ်အန္တရာယ်

လင်းထက်ဆွေသည် အလွန်ကျယ်ပြန့်လှသော သဘာဝ ပန်းခင်းကြီး တစ်ခင်းကို ကျော်ဖြတ်လာရသည်။

ပန်းခင်းထဲဖြတ်သွားစဉ် မွှေးကြိုင်သင်းပျံ့လှသော ရနံ့ပေါင်းစုံက တိုက်ခိုက်ပင်ပန်းခဲ့သမျှကို ပြေပျောက်အားသစ်စေသည်။

ထိုပန်းခင်းကြီးကို ဖြတ်ကျော်ပြီးသည်နှင့် ဖွဲ့တည်ထားသော အဆောင်ကြီးတစ်ဆောင်သို့ ရောက်ရှိလာကြသည်။

ထိုအဆောင်ကြီးမှာ နန်းတော်ကြီးတစ်ဆောင်ကဲ့သို့ ပြင်ဆင်မွမ်းမံထားသည်။

မှူးကြီးမက်ရာတစ်ယောက်၏ နေအိမ်ဟုထင်မှတ်ရအောင် အသုံးအဆောင် ပစ္စည်းများကလည်း အဖိုးတန်တောက်ပြောင်လှ၏။

လွယ်လိန်သည် ခန်းမကြီး အလယ်တည့်တည့်ရှိ ကျားသားရေခင်းထားသောကု လားထိုင်တစ်လုံးပေါ်တွင် ထိုင်ချလိုက်ပြီး

ဖျောက်ခနဲ လက်ဖျစ်တွက်လိုက်သည်။

"ညှော်သည့်ဖို့ လက်ဖက်ရည်ကြမ်း လုပ်ကြစမ်းဟေ့"

မကြာမီ အရိုန်မှာပင်ဆံပင်ကို ကျစ်ဆံမြီးကျစ်ထားသည့် ယောက်ျားပျိုတစ်ယောက် ထွက်ပေါ်လာသည်။

သူ့လက်ထဲတွင်လည်း အငွေ့တထောင်းထောင်း ထနေသော လက်ဖက်ရည်ကြမ်းတစ်ခွက် ပါလာ၏။

လင်းထက်ဆွေတစ်ယောက်တည်းအတွက် ရည်ရွယ် သယ်ဆောင်လာဟန်ရှိသည်။ တစ်ခွက်တည်းသော လက်ဖက်ရည်ကြမ်းသာတည်း။

လက်ဖက်ရည်ကြမ်းမှာ မည်မျှကောင်းသော လက်ဖက်ခြောက်ကို အမျိုးအစားကို ထည့်ခတ်လာသည်မသိ။

အမွှေးရနံ့မှာ သင်းပျံ့လှသဖြင့် လင်းထက်ဆွေသည် လက်ဖက်ရည်ကြမ်း လက်တွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဟန်ပင်မဆောင်နိုင်တော့ဘဲ တကျိုက်တည်း မော့သောက်ချလိုက်တော့သည်။

လက်ဖက်ရည်ကြမ်း ဝမ်းထဲသို့ရောက်လျှင် လင်းထက်ဆွေ၏တစ်ကိုယ်လုံးမှာ ခြစ်ခြစ်ပူလာသည်။

နှလုံးသွေးများ ဆူကြွလာပြီး သွေးလှည့်ပတ်နှုန်းကလည်း မြန်ဆန်လာသည်။

တစ်ကိုယ်လုံးမှာ လေထဲသို့မြောက်တက်တော့ မည့်နှယ် ပေါ့ပါးသွက်လက်လာသည်။



လင်းထက်ဆွေ၏စိတ်များ မတည်ငြိမ်တော့ပေ။

ထိုင်ရမလို ထရမလို ဂနာမငြိမ်ဖြစ်နေပြီး လူသတ်ချင်သည့် အရိုင်းစိတ်များ ဝင်လာသည်။

သူကိုယ်သူလည်း ဘာဖြစ်နေသည်ကို ခွဲခြားခန့်မှန်းနိုင်ခြင်း မရှိတော့ပေ။

မျက်နှာဖုံးစွပ် လိန်လွယ်က လင်းထက်ဆွေ၏အခြေအနေကို အကဲခတ်နေသည်။ ထို့နောက် အေးစက်စက် ရယ်မောလိုက်လေတော့၏။

သူ၏ရယ်သံ၌ အားရခြင်း၊ ကျေနပ်ခြင်း၊ ပီတိဖြစ်ခြင်းတို့ ရောပြွမ်းနေ၏။

လိန်လွယ်က အေးစက်စူးရှသောလေသံဖြင့် အမိန့်ပေးလိုက်သည်။

"လင်းထက်ဆွေ… မင်းဟာ ကျုပ်ရဲ့အဖွဲ့သားတစ်ယောက်ဖြစ်သွားပြီ၊ ကျုပ်အဖွဲ့ထဲဝင်တဲ့အတွက် ပထမဆုံး ကျုပ်ရဲ့အကျိုးစီးပွားတစ်ခုကိုဆောင်ရွက်ပေးရမယ်၊ စမ်းစိန်ပန်းဂိုဏ်းနဲ့ ပတ်သက်တဲ့ကိစ္စတွေကို မင်း တာဝန်ယူရလိမ့်မယ်"

လင်းထက်ဆွေကား လိန်လွယ်၏ အဆိပ်ဆေးမိသွားလေပြီ။ ထို့ကြောင့် မူလစိတ်ဓာတ်များသည် ပြောင်းလဲသွားခဲ့ချေပြီ။

လက်ဖက်ရည်ကြမ်းကား သာမန်လက်ဖက်ရည်ကြမ်း မဟုတ်ပေ။

လိန်လွယ်၏အဆိပ်ဆေးခတ်ထားသော လက်ဖက်ရည်

ကြမ်းသာ ဖြစ်လေ၏။

ထို့ကြောင့် သူ၏ပုံသဏ္ဍာန်သည် ကြမ်းကြုတ်ရက်စက်သည့် ကျားရဲတစ်ကောင်အလား ပြောင်းလဲသွားသည်။

လိန်လွယ်ကိုလည်း သူ့သခင်အဖြစ် သတ်မှတ်လိုက်လေပြီ။

"စမ်းစိန်ပန်းဂိုဏ်းကို ဘာလုပ်ရမလဲ၊ သွေးနဲ့ဆေးပစ်ရမလား သခင်ကြီး"

လိန်လွယ်က အသံလေးလေးနှင့် ပြန်ပြောသည်။

"အေး... ဟုတ်တယ်၊ အခုချက်ချင်းသွားပြီး စမ်းစိန်ပန်းဂိုဏ်းကို သွေးနဲ့ဆေးခဲ့ပါ။ မနက်မိုးလင်းတာနဲ့ ဒီတောင်ကို အရောက်ပြန်လာခဲ့၊ ပထမဆုံးအကြိမ် တာဝန်ယူဆောင်ရွက်တဲ့အတွက် သက်တော်စောင့်လေးယောက်ကို အဖော်ခေါ်သွား"

လိန်လွယ်၏စကားဆုံးသည်နှင့် အခန်းအပြင်ဘက်မှ လူရိပ်များ လှုပ်ရှားလာသည်။

ဒုက္ခိတသိုင်းသမားလေးဦး အခန်းထဲသို့ လှစ်ခနဲ ရောက်ရှိလာကြသည်။

အခန်းထဲသို့ ရောက်ရောက်ချင်း လိန်လွယ်ကို ဦးညွတ်ဂါရဝပြုကြ၏။

ထို့နောက်....



"သွားကြရအောင်"

လင်းထက်ဆွေကို နှိုးဆော်လိုက်သည်။

လင်းထက်ဆွေ၏ ဦးနှောက်ထဲ၌ ထောင်ပေါင်းများစွာသော ပုရွက်ဆိတ်တို့ ဝိုင်းအုံကိုက်တွယ်နေသည့်ပမာ တဆစ်ဆစ်ဖြစ်ကာ အခံရခက်နေသည်။

ဒေါသများက အလိုအလျောက် ထွက်နေသည်။

မျက်လုံးထဲတွင်လည်း ညိုစို့သောသွေးများနှင့်လူသေအလောင်းများကို တွေ့မြင်ချင်နေသည်။

ထိုသူလေးဦးက လှုံ့ဆော်လိုက်သည်နှင့် ထိုင်ခုံမှ ဝုန်းခနဲ ခုန်ထလိုက်သည်။

"ကောင်းပြီ... ကျုပ်တို့သွားမယ်၊ ခင်ဗျားတို့လေးယောက်က ရှေ့က ဦးဆောင်လမ်းပြပေးပါ"

ဒုက္ခိတလေးယောက်က လိန်လွယ်ကို ဦးညွတ်အလေးပြုပြီး လွှားခနဲ ခုန်ပျံကာ အပြင်ဘက်သို့ထွက်လိုက်ကြသည်။

လင်းထက်ဆွေလည်း စိတ်ညှို့ခံရသူပမာ သူတို့နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

ထိုဒုက္ခိတလေးယောက်၏ ကိုယ်ဖော့ပညာမှာ ကောင်းမွန်လှသဖြင့် ရိပ်ခနဲ ရိပ်ခနဲ လျင်မြန်လှ၏။

လင်းထက်ဆွေလည်း သူ၏ကိုယ်ဖော့ပညာဖြင့် ထိုသူလေးယောက်ကို နောက်မှအမီလိုက်နိုင်ပေသည်။

လူငါးယောက်မှာ မိုးခိုးတန်းကြီးတစ်တန်း လေနှင့်အတူ

လွင့်မျောသွားသည့်အလား ကျူးအီးတောင်ပေါ်မှ တရိပ်ရိပ် ထွက်ခွာသွားတော့သည်။

လက်ဖက်ရည်တစ်အိုးကျလောက်အချိန်တွင် သူတို့ငါးယောက်သည် ပိန်းပိတ်အောင် မည်းမှောင်နေသော အိမ်ကြီးတစ်အိမ်ရှေ့သို့ ရောက်လာကြ၏။

မသန်မစွမ်း ဒုက္ခိတသိုင်းသမားလေးယောက်က ကိုယ်ရှိန်သတ်ပြီး အိမ်မည်းကြီးကို လက်ညှိုးညွှန်ပြလိုက်သည်။

"သူရဲကောင်းလေး... စမ်းစိန်ပန်းဂိုဏ်းရဲ့ဌာနချုပ်တည်နေရာကို ရောက်ပါပြီ"

ခြေတစ်ဖက်ပြတ်ဒုက္ခိတသိုင်းသမားက ပြောကြားလိုက်၏။

လင်းထက်ဆွေ၏ဦးခေါင်းမှာ ပွင့်ထွက်မတတ် ကိုက်ခဲနေသည်။ သူ၏ပင်ကိုယ် အသိဉာဏ်မရှိတော့သဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီ... ကျုပ်တို့အားလုံး အထဲဝင်မယ်၊ တွေ့တဲ့လူအားလုံးကို သတ်မယ်"

ဒုက္ခိတသိုင်းသမားလေးဦးက တစ်ပြိုင်နက်ပင် ခေါင်းညိတ်ကြ၏။

လင်းထက်ဆွေက ဦးဆောင်ကာ အိမ်မည်းကြီးအတွင်းသို့ ခုန်ဝင်သွားကြလေတော့သည်။



အိမ်မည်းကြီးထဲမရောက်မီ ခြံဝသို့ရောက်သည်နှင့် ရုပ်ချင်းဆင်တူသည့်လူငယ်နှစ်ဦးက ရှေ့က တားဆီးလိုက်သည်။

"ဘယ်သူလဲ"

လင်းထက်ဆွေမှာ စိတ်မိုက် စိတ်ရိုင်းများ ကြီးစိုးနေချိန်ဖြစ်၍ မေးမြန်းစုံစမ်းရန် သတိမရှိတော့ပေ။

"သွားကြစမ်း"

အသံနက်ကြီးဖြင့် အော်ငေါက်ပြီး လက်ဝါးနှစ်ဖက်ဖြင့် ရိုက်ချလိုက်သည်။

"အား..."

"အမယ်လေး..."

အဝါရောင်ဝတ်စုံဝတ် လူငယ်နှစ်ယောက်မှာ အမှတ်မထင် တိုက်ခိုက်ခံရမှုကြောင့် ငါးပေခန့် မြောက်တက်သွားပြီး အိမ်ရှေ့ကွက်လပ်ဆီသို့ စိုက်ကျသွားတော့သည်။

အိမ်ဝင်းအတွင်း၌ မီးတုတ်များ လင်းထိန်သွားသည်။ ထောင်ထောင်မောင်းမောင်း အဘိုးအိုတစ်ဦးသည် မုတ်ဆိတ်ဖြူများ တယမ်းယမ်း တခါခါနှင့် ထွက်လာသည်။

လင်းထက်ဆွေနှင့် မျက်နှာချင်းဆိုင်မိသည်နှင့် တည်ငြိမ်

အေးဆေးစွာ မေးသည်။

"မိတ်ဆွေလေး... ဘာကိစ္စရှိလို့ စမ်းစိန်ပန်းဂိုဏ်းကို ညကြီး သန်းခေါင်ရောက်လာရတာလဲ"

လင်းထက်ဆွေသည် စောစောက ပုံစံအတိုင်း စကားတစ်ခွန်းမျှမပြောပဲ အဘိုးအိုအား လက်ဝါးဖြင့်ရိုက်ချသည်။

"ခင်ဗျား ဘယ်သူလဲ... ဖယ်စမ်း"

"ဟင်..."

အဘိုးအိုမှာ လျှပ်တစ်ပြက် ဘေးသို့ခုန်ရှောင်လိုက်ရလေသည်။

"ကျုပ်... စမ်းစိမ်ပန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ကိုးစွန်းလျှောင်ပဲ"

"ကျုပ်... ခင်ဗျားကိုလိုက်ရှာနေတာပဲ၊ လာစမ်း ကျုပ် လက်အောက်မှာ မြန်မြန်အသတ်ခံလိုက်စမ်း"

"မင်းကလား... ငါ့ကို"

"ဒိုး..."

ကိုးစွန်းလျှောင်မှာ စကားကိုပင် ဆုံးအောင်မပြောလိုက်နိုင်ချေ။

ကိုးစွန်းလျှောင်၏ ရင်ဘတ်ဆီသို့ သူ့လက်ဖြင့် ရုတ်တရက် ကုတ်ဆွဲရိုက်ချလိုက်သည်။

ကိုးစွန်းလျှောင်မှာ ကမန်းကတန်းပင် ရှောင်တိမ်းရပြန်သည်။



လင်းထက်ဆွေသည် သရဲစီးသည့်အလား ကိုးစွန်းလျှောင်နောက်သို့လိုက်ကာ တရကြမ်း တိုက်ခိုက်သည်။

ကိုးစွန်းလျှောင်မှာ ပြန်လည်တိုက်ခိုက်နိုင်ရန် အခွင့်အရေးမရှိပဲ ခံစစ်ဖြင့်သာ နောက်သို့တစ်ဆုတ်တည်း ဆုတ်နေရသည်။

တိုက်ကွက်ပေါင်း ဆယ့်ငါးကွက်ခန့်ရှိလျှင် ကိုးစွန်းလျှောင်မှာ ရှုံးနိမ့်တော့မည့်အခြေအနေသို့ လုံးလုံးလျားလျား ရောက်ရှိသွားလေတော့၏။

"ဖြတ်..."

"နောက်ထပ် ပြေးချင်သေးသလား"

လင်းထက်ဆွေ၏ လက်ချောင်းဆယ်ချောင်းက ကိုးစွန်းလျှောင်၏ လည်ကုပ်ကို ပြုတ်တူနှင့် ညှပ်ထားသည့်အလား စွဲစွဲမြဲမြဲ ဆုပ်ကိုင်မိသွားသည်။

ကိုးစွန်းလျှောင်မှာ ထိတ်လန့်တုန်လှုပ်မှုကို ခံစားလိုက်ရသည်။

တစ်ခဏအတွင်းမှာပင် လင်းထက်ဆွေက အကြင်နာကင်းမဲ့စွာ လည်ကုပ်ကိုရိုက်ချလိုက်လေတော့၏။

ကိုးစွန်းလျှောင်မှာ လည်ကုပ်ကျိုးကျ သေဆုံးသွားလေတော့၏။

နှုတ်ခမ်းထောင့်စွန်းမှ သွေးများလည်း ယိုစီးကျလာသည်။

လင်းထက်ဆွေသည် သွေးနီနီများနှင့် အညီနံ့များကို မြင်ရခံစားလိုက်ရသောအခါတွင် တဟားဟား အော်ရယ်လေတော့၏။

ဒုက္ခိတသိုင်းသမားများနှင့် လင်းထက်ဆွေ၏ တိုက်ခိုက်မှုကြောင့် စမ်းစိန်ပန်းသိုင်းသမားများမှာ တစ်ယောက်ပြီးတစ်ယောက် သေဆုံးကုန်တော့၏။

ပြေးနိုင်သဖြင့် လွတ်မြောက်သွားသူလည်း ရှိသည်။ သို့သော် နောက်ဆုံး စမ်းစိန်ပန်းဌာနချုပ်၌ ပြင်းထန်သောတိုက်ပွဲသည် ပြီးစီးသွားခဲ့ရလေ၏။

လင်းထက်ဆွေသည် စိတ်ကျေနပ်မှုမရှိသေးဘဲ နောက်ထပ် သတ်ရမည့်လူ ရှိသေးလားဟူသောအကြည့်ဖြင့် ခြံဝင်းတစ်ခုလုံး အနှံ့အစပ် လှျောက်ရှာကြည့်သည်။

တစ်စုံတစ်ယောက်မျှ အသက်ရှင်လျက် မတွေ့ရတော့ပေ။

မသန်မစွမ်း ဒုက္ခိတသိုင်းသမားလေးယောက်ထဲမှ လက်တစ်ဖက်ပြတ် အဘိုးအိုက....

"အသက်ရှိတဲ့လူဆိုလို့ တစ်ယောက်မှမကျန်တော့ဘူး၊ ကျုပ်တို့ အပြည့်အဝအကျိုးဆောင်ပြီးပြီ၊ ကိစ္စအောင်မြင်စွာနဲ့တောင်ပေါ်ကို ပြန်ကြပါစို့"

လင်းထက်ဆွေသည် လက်ဝှေ့ယမ်းပြကာ ကျူးအီးတောင်ဆီသို့ လာရာလမ်းအတိုင်း အလျင်အမြန် ပြေးလွှားထွက်သွားတော့သည်။



နေရောင်က အရှေ့မိုးကုပ်စက်ဝိုင်းဆီမှ ဖြန့်ကျက်နေခဲ့လေပြီ။

နီရဲသောအရုဏ်သစ်က ရက်စက်ကြမ်းကြုတ်သော လူသတ်သမားများကို ကြို့ဆိုလျက် ရှိနေပြီ။

ထိုနေ့သစ်နှင့်အတူ လင်းထက်ဆွေ၏ ဖြောင့်မတ်သောနှလုံးသား၌ မကောင်းမှုသွေးညှိများ စွန်းထင်သွားခဲ့ချေလေပြီတကား။

## အခန်း(၅၇)
## အချစ်နှင့်သေခြင်းတရား

လင်းထက်ဆွေ ဦးဆောင်သော ဒုက္ခိတသိုင်းသမားများသည် ကျူးအီးတောင်သို့ ပြန်လည်ရောက်ရှိလာခဲ့၏။

အဆောက်အဦ၏ လှေကားဝ၌ ကျူးအီးတောင်၏အရှင်သခင် လိန်လွယ်က ကြိုဆိုနေ၏။

သူ၏မျက်နှာဖုံးစွပ်ကား သူ့မျက်နှာပေါ်၌ ရှိမြဲ ရှိနေပေသေး၏။

သူ၏မျက်လုံးများက တလက်လက် တောက်ပနေ၏။

လိန်လွယ်သည် ကြိုဆိုခေါ်ဆောင်လာပြီးနောက် ခန်းမကြီးထဲသို့ ဦးဆောင်ဝင်လာသည်။

သူ၏ကြီးမားသောထိုင်ခုံကြီး၌ ထိုင်ကာ သူ့တပည့်များအားလှမ်းကြည့်နေ၏။

လင်းထက်ဆွေက ရှေ့မှရပ်လျက်ရှိပြီး၊ ဒုက္ခိတသိုင်းသမား



လေးယောက်က လင်းထက်ဆွေ၏နောက်နား၌ ရပ်နေ၏။

လင်းထက်ဆွေက သူ ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်များကို ပြန်လည်တင်ပြနေ၏။

လိန်လွယ်က ခေါင်းညိတ်၏။

"ကောင်းတယ်... ဒါမျိုးပဲ ငါလိုချင်တယ်၊ မင်းကော စိတ်ကျေနပ်မှု ရှိရဲ့လား"

လင်းထက်ဆွေက ခေါင်းညိတ်သည်။

"ကျွန်တော်လဲ ကျေနပ်ပါတယ်"

"အေး... စိတ်ချ စိတ်ချ၊ မင်းအတွက် ကျေနပ်စရာ ကောင်းမယ့်ရက်တွေ အများကြီး ရှိသေးတယ်"

"ဟုတ်လား... ရှိသေးလား"

"ကဲ... ကဲ... မင်းလဲ ပင်ပန်းပြီ၊ ဒီနေ့တော့ အနားယူလိုက်ပါဦး"

လင်းထက်ဆွေသည် လိန်လွယ်၏အဆောင်မှထွက်၍ ပန်းဥယျာဉ်ကို ဖြတ်သန်းလာ၏။

ပန်းရနံ့များက လင်းထက်ဆွေ၏ဦးခေါင်းထဲမှ အဆိပ်ခိုးများကို တဖြည်းဖြည်း ပြေလျော့လာစေ၏။

သူ၏အသိစိတ်ဓာတ်များက အဆိပ်ခိုးများနေရာ၌ တစစတိုးဝင်လာသည်။

လင်းထက်ဆွေ သူ့အခန်းသို့ပြန်ရောက်လျှင် မီးရောင်များလင်းလက်နေသေးသည်ကို တွေ့လိုက်ရ၏။

အခန်းတံခါးကိုတွန်းဖွင့်ပြီး အထဲကိုဝင်လိုက်သည်။

လိန်ရန်လန်မှာ တစ်ယောက်တည်း ငူငိုင်ထိုင်နေရာမှလင်းထက်ဆွေ ဝင်လာသံကြားလျှင် ဆီးကြိုနှုတ်ဆက်ဟန် ပြင်လိုက်သည်။

"အို... အမယ်လေး"

သူမ၏လက်များက လမ်းခုလတ်တွင် ရပ်တန့်သွားသည်

သူမ၏နှုတ်ခမ်းများမှ အပြုံးများ ပျောက်ကွယ်သွားပြီး ခြေလှမ်းများ နောက်ဆုတ်သွား၏။

သူမ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

လင်းထက်ဆွေသည် မူလအသိစိတ်များ ပြန်လည်ရှိနေသဖြင့် လိန်ရန်လန်တစ်ယောက်ဖြစ်ပျက်နေပုံကို နားမလည်နိုင်ပဲ ပြုံးပြလိုက်မိသည်။

"ရန်လန်... အချစ်"

သူလက်နှစ်ဖက်ကိုဆန့်တန်းပြီး လိန်ရန်လန်ဆီသို့ လျှောက်လှမ်းလိုက်သည်။

လိန်ရန်လန်က ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ခြေတခါခါလက်တခါခါဖြင့်....

"မလာနဲ့... မလာနဲ့၊ ရှင် ကျွန်မ အနားကိုမလာနဲ့"

"ရန်လန်... ဘယ်လိုပြောလိုက်တာလဲဟင်၊ အစ်ကို ဘာဖြစ်နေလို့လဲ"

"သွေးတွေ သွေးတွေ၊ ရှင့်ကိုယ်ပေါ်မှာ သွေးတွေနဲ့"



"သွေးတွေ ဟုတ်လား"

လင်းထက်ဆွေ အံ့သြသွား၏။ သူ့ကိုယ်သူ ပြန်ငုံ့ကြည့်မိသည်။

အင်္ကျီနှင့်လက်ဖဝါးတွင် ရဲရဲတွတ်အောင် ပေကျံနေသောသွေးများကို မြင်လိုက်ရသောအခါမှ လင်းထက်ဆွေမှာ ထခုန်မိမတတ် တုန်လှုပ်ချောက်ချားသွားသည်။

လိန်ရန်လန်က သူ့အောက်နှုတ်ခမ်းကို ဖိကိုက်ထားလိုက်သည်။

"အစ်ကို လင်းထက်ဆွေ... ရှင်... ရှင်"

လိန်ရန်လန်ပြောချင်သည့်စကားများမှာ'ရှင် လူသတ်လာတယ်မဟုတ်လား'ဟူသော စကားများပင်ဖြစ်သည်။

သို့သော် သူသည် ရှေ့သို့မဆက်နိုင်ပဲဖြစ်နေသည်။

"ငါ... ငါ... ငါ... ဘာလုပ်မိခဲ့သလဲ"

"ရှင် လူသတ်ခဲ့တယ်မဟုတ်လား"

လင်းထက်ဆွေ တစ်ကိုယ်လုံး တုန်ခါသွားသည်။

"ငါ လူသတ်ခဲ့တယ် ဟုတ်လား၊ ဟင့်အင်း မဖြစ်နိုင်ဘူး၊ ငါ လူသတ်သမားမဟုတ်ပါဘူး"

"အစ်ကို မသတ်ဘူးဆိုရင် ဒီသွေးတွေက ဘယ်က ပေနေ

တာလဲ"

လင်းထက်ဆွေက သူ့ကိုယ်သူ ငုံ့ကြည့်လိုက်ပြန်သည်။

လိန်ရန်လန်ကို အားကိုးမျှော်လင့်သည့်အကြည့်ဖြင့် ကြည့်လိုက်ပြီး....

"ဟုတ်တယ်... ဒီသွေးတွေက ဘယ်လိုလုပ်ပြီး ပေနေတာလဲ၊ ရန်လန် မင်း သိလား၊ ငါ... ငါတော့ ဘာမှမသိတော့ဘူး"

"ဘာလို့မသိရမှာလဲ၊ ဒါတွေ အစ်ကို သိရမှာပေါ့"

ထိုစဉ် ပြတင်းတံခါးမှ လူရိပ်တစ်ရိပ်ကို ဖျတ်ခနဲ တွေ့လိုက်ရပြီး အိမ်ဖော်မလေး ချွမ်းလန် ရောက်ရှိလာသည်။

"အို... အမယ်လေး"

သူမသည်လည်း လင်းထက်ဆွေ၏ အဖြစ်အပျက်ကိုကြည့်ပြီး အထိတ်တလန့် အော်လိုက်မိလေ၏။

အခန်းထဲသို့ ဝင်မလာတော့ပေ။

"သခင်မလေး... သခင်မလေးကို ဘိုးဘိုးကြီးက ခေါ်ခိုင်းလိုက်တယ်၊ ကိုယ့်အခန်းမှာ ကိုယ်ပြန်အိပ်ပြီး အစ်ကိုလေးကို ဒီမှာအနားယူဖို့လဲ ထပ်ပြီး မှာလိုက်သေးတယ်"

"ဒါဖြင့် လာ၊ ငါတို့ မြန်မြန်သွားကြစို့"

လိန်ရန်လန်က မျက်ရည်များကို လက်ဖမိုးနှင့်သုတ်လိုက်ပြီး လင်းထက်ဆွေအား တစ်ချက်မျှ လှည့်ကြည့်ကာ ထွက်ပြေးသွားတော့သည်။

လင်းထက်ဆွေသည် လိန်ရန်လန်၏ စိမ်းကားသောအပြုအမူကို တွေ့လိုက်ရသောအခါ ရင်ထဲ၌ နာကျင်သွားသည်။

သို့သော် သူ့ခန္ဓာကိုယ်၌ စွန်းထင်းနေသည့် သွေးများကိုမြင်တွေ့နေရသည့်အတွက်လည်း သူ့ကိုယ်သူ မစဉ်းစားတတ်အောင်ဖြစ်နေရသည်။

အဘယ်ကြောင့် ဤသို့ဖြစ်ရသည်ကို မစဉ်းစားပဲ မနေနိုင်သဖြင့် ခုတင်ပေါ်၌လှဲချကာ နဖူးပေါ်လက်တင်၍ စဉ်းစားနေမိ၏။

လွန်ခဲ့သည့်ညက လူပေါင်းများစွာကို သတ်ခဲ့သလိုလို စိတ်ထဲ၌ ထင်လာသော်လည်း သူ့စိတ်ထဲ၌ ရေရေရာရာ မရှိပေ။ အိပ်မက်လိုလို ဝိုးတဝါးဖြစ်နေသည်။

နောက်ဆုံး အစဉ်းစားလွန်လာသောအခါ ဦးခေါင်းတစ်ခုလုံး နောက်ကျိလာပြီး အိပ်ပျော်သွားတော့သည်။

"အိပ်လို့ကောင်းရဲ့လား"

မည်မျှကြာအောင် အိပ်ပျော်သွားခဲ့သည်မသိ။ သူ့ဘေးမှ မေးသံကြားသောအခါမှ လန့်နိုးလာတော့သည်။

လိန်လွယ်ကို သူ့ခုတင်ဘေးတွင် မျက်နှာဖုံးစွပ်လျက်ရပ်နေသည်ကို သူ တွေ့လိုက်ရ၏။

ပြတင်းပေါက်မှနေရောင်ခြည်က မွန်းတည့်ချိန်ရောက်ပြီကို ညွှန်ပြနေသည်။

လင်းထက်ဆွေသည် ယခင်က ဤသို့အချိန်လွန်အောင် မအိပ်စက်ဖူးပေ။

"အား... ဘယ်အချိန်လောက်တောင် ရှိသွားပြီလဲမသိဘူး"

"စောပါသေးတယ်ကွယ်... ကဲ... ထထ၊ အစားအသောက်လေး ဘာလေး စားသောက်ပြီးမှ ထပ်ပြီး စကားပြောကြတာပေါ့"

နေအတော်စောင်းသွားပြီဖြစ်သော်လည်း လိန်လွယ်က ခပ်အေးအေးပင် ပြောသည်။

လင်းထက်ဆွေသည် ကိုယ်လက်သန့်စင်ပြီးနောက် လိန်လွယ်နောက်သို့လိုက်သွား၏။

လိန်လွယ်သည် လင်းထက်ဆွေအတွက် စားကောင်းသောက်ဖွယ် ဟင်းလျာများနှင့်ဧည့်ခံရန် အသင့်ပြင်ဆင်ထားပေသည်။

လိန်လွယ်က လက်ကိုဖော့ယမ်းပြလိုက်၏။

"စားလဲစားပါ... သောက်လဲသောက်ပါ၊ ဒါတွေအားလုံးမောင်ရင့်အတွက် စီစဉ်ထားတာပဲ"

လင်းထက်ဆွေက မေးလိုက်၏။

"ဆရာကြီး... မနေ့က ကျွန်တော် ဘာဖြစ်သွားတာလဲ"

လိန်လွယ်က အေးစက်စက် ရယ်လိုက်၏။

"မနေ့က မင်း ဘာမှမဖြစ်ပါဘူး"

"ကျွန်တော် စောစောက ကိုယ်လက်သန့်စင်ပြီး လဲခဲ့တဲ့အင်္ကျီတွေမှာ သွေးတွေ အရမ်းစွန်းပေနေတာပဲ၊ ကျွန်တော်လူတွေဘာတွေများ သတ်ခဲ့မိသလား မသိဘူး"

"မသတ်ပါဘူး... မနေ့က ငါဟာ မင်းအတွက် သိဒ္ဓိတင်ပွဲတစ်ခုလုပ်ပေးခဲ့တယ်၊ ဒါကြောင့် သွေးစွန်းနေတာပါကွယ်။ ကဲ... စားပါ... စားပါ၊ အရက်လဲ သောက်ပါ၊ စားသောက်ပြီးရင် မင်းနဲ့ဒဆွေးနွေးစရာ ရှိသေးတယ်"

လင်းထက်ဆွေသည် စားဖွယ်ဟင်းလျာတို့၏ ဆွဲဆောင်မှုကို တင်းမခံနိုင်ရှာပေ။ သူ ဆာလောင်မွတ်သိပ်နေသည်မှာကြာပြီမ ဟုတ်ပါလော။

ထို့ကြောင့် အစားအသောက်များကို စားလည်းစား၊ သောက်လည်း သောက်သည်။

ထိုအရက် သူ၏အစာအိမ်အတွင်းသို့ ဝင်သွားပြီးသည့်အချိန်တွင်မူကား လင်းထက်ဆွေသည် မျက်နှာတပြင်လုံး နီရဲတက်လာ၏။

မျက်လုံးများကလည်း နီရဲလာသည်။ ခက်ထန်ကြမ်းကြုတ်သောအမူအရာများ ပေါ်လာလေတော့သည်။

လိန်လွယ်သည် ခန်းမတစ်ခုလုံး ပွဲတင်ထပ်သွားအောင် တဟားဟား အော်ဟစ်ရယ်မောလေတော့၏။

"နောက်ဆုံး ဒါပဲ ဖြစ်ရမှာပေါ့၊ ဒါက ဒုတိယအကြိမ်ပဲ၊ တတိယအကြိမ် ဆေးသောက်ပြီးရင်တော့ မင်းကို နောက်ထပ်ဆေးတိုက်ဖို့ မလိုတော့ပါဘူး၊ ငါ့လူ လုံးလုံးဖြစ်ပြီပေါ့"

လင်းထက်ဆွေသည် လိန်လွယ်ကို ခက်ထန်စွာကြည့်နေ၏။ သို့သော် စကားတစ်လုံးမျှတော့ မပြောပေ။

"ဖြောင်း... ဖြောင်း"

လိန်လွယ်က လက်ခုပ်တီးအချက်ပေးလိုက်လျှင် တံခါးအပြင်ဘက်မှ မသန်မစွမ်း ဒုက္ခိတလေးယောက် ရှိသေဦးညွှတ်လျက် အခန်းတွင်းသို့ဝင်ရောက်လာကြသည်။

"အမိန့်ရှိပါ သခင်ကြီး"

"လူစွမ်းကောင်းလေး လင်းထက်ဆွေနဲ့အတူ မင်းတို့တွေ နဂါးအဆိပ်တောင်ကို လိုက်သွား၊ စောစောသွားပြီး စောစောပြန်လာခဲ့"

လိန်လွယ်က လင်းထက်ဆွေအား အမိန့်ပေး၏။

"မင်း သူတို့နဲ့လိုက်သွား၊ မင်းရဲ့အာသာဆန္ဒတွေ ဖြေဖျောက်နိုင်မယ့် ရန်သူတွေကို မင်း တွေ့ရမယ်"

စကားဆုံးသည်နှင့်မည်သူ့စကားပြန်မျှ မစောင့်တော့ပဲ လှည့်ထွက်သွားတော့သည်။

ဒုက္ခိတသိုင်းသမားလေးယောက်တို့က လင်းထက်ဆွေအား လှမ်း၍ပြောလိုက်၏။

"လူစွမ်းကောင်းလေး... ကျုပ်တို့ သွားကြစို့"

လင်းထက်ဆွေသည် မူလအသိဉာဏ်များ ပျောက်သွားပြီဖြစ်၍ ဒုက္ခိတသိုင်းသမားလေးယောက်နောက်သို့ လိုက်ရန် အဆင်သင့်ဖြစ်နေပေသည်။

လင်းထက်ဆွေ ဦးဆောင်သော မရဏဝိညာဉ်ပူးကပ်နေသော သိုင်းသမားလေးယောက်တို့သည် တရိပ်ရိပ် ပြေးလွှားထွက်ခွာ



သွားကြလေ၏။

ထိုညသန်းခေါင်ယံအချိန်တွင် နဂါးအဆိပ်တောင်ပေါ်၌ သွေးချောင်းစီးကာ လူသေအလောင်းများစွာလည်း မြင်မကောင်းအောင် ဖြစ်သွားခဲ့ပြန်သည်။

လင်းထက်ဆွေသည် လိန်လွယ်အား သွားရောက်အစီရင်ခံပြီးနောက် ပန်းဥယျာဉ်ထဲမှပင်ဖြတ်၍ ပြန်လာခဲ့သည်။

ပန်းတို့၏မွှေးရနံ့များက သူ့ဦးနှောက်များကို ကြည်လင်လန်းဆန်းစေခဲ့ပြန်သည်။

သို့သော် သူ့တစ်ကိုယ်လုံးတွင်ကား သွေးများ စွန်းထင်းပေညစ်နေသည်။

သူ့အခန်းထဲပြန်ရောက်ချိန်တွင်မူ စားပွဲတစ်လုံးပေါ်၌ မှောက်၍ ငိုနေသောလိန်ရန်လန်ကို တွေ့လိုက်ရပြန်သည်။

"ညီမလေး ရန်လန်၊ ဘာဖြစ်လို့ ငိုနေတာလဲ"

လိန်ရန်လန်က မျက်ရည်လည်ရွှဲကြီးဖြင့် ပြောလာ၏။

"ဘာဖြစ်လို့ ငိုနေတာလဲ ဟုတ်လား၊ အစ်ကို့ကြောင့်ပေါ့၊ အစ်ကို့တစ်ကိုယ်လုံးမြင်လို့ ကောင်းသေးရဲ့လား၊ အခုလဲ လူတွေသတ်လာပြန်ပြီ မဟုတ်လား"

လင်းထက်ဆွေသည် သူ့ခန္ဓာကိုယ်ကိုပြန်ကြည့်ကာ ဝေခွဲမရ ဖြစ်နေပြန်သည်။

"ဟုတ်တယ်... အစ်ကိုလဲ ဝေခွဲလို့မရဘူး၊ ညီမလေးရဲ့ဘိုးဘိုးကတော့ အစ်ကို့ကိုသိဒ္ဓိတင်ပေးတာလို့ ပြောတယ်"

လိန်ရန်လန် တွေဝေသွားသည်။

အတန်ကြာမှ....

"အစ်ကို... ဘိုးဘိုးပြောတာတွေကိုလဲ သိပ်ယုံမနေနဲ့ဦးနော်၊ အစ်ကိုပြန်လာတိုင်း သွေးစွန်းနေတဲ့အဝတ်တွေနဲ့ တွေ့တွေ့နေရတာ ညီမလေး သိပ်မသက်သာဘူး၊ အစ်ကို့ကို ညီမလေး သိပ်ချစ်ပါတယ်၊ အစ်ကိုကကော ညီမလေးကို ချစ်ရဲ့လားဟင်"

"အစ်ကိုက ညီမလေးကို အများကြီး ချစ်ပါတယ်"

"ဒါဖြင့် အစ်ကို နောက်ထပ် လူတွေမသတ်ရဘူးနော်"

လင်းထက်ဆွေက စဉ်းစဉ်းစားစား ပြောသည်။

"အစ်ကို့ဘာသာလဲ တကယ်လူသတ်သလား မသတ်သလားဆိုတာ မသိသေးပါဘူး၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် နောက်ထပ် အစ်ကို လူမသတ်တော့ပါဘူး"

ထိုစဉ် အခန်းအပြင်မှ အေးစက်စက် ပြောသံကြားလိုက်ရလေ၏။

"ဘယ်သူလဲဟေ့... နောက်ထပ် လူမသတ်တော့ဘူးလို့ပြောနေတာ"

လင်းထက်ဆွေ ချာခနဲ လှည့်ကြည့်၏။လိန်လွယ်ပေတည်း။

"ဘိုးဘိုး... ဘိုးဘိုး"

လိန်ရန်လန်က ပြေးသွား၏။

လင်းထက်ဆွေသည် သူ့အား မာရေကျောရေ လှမ်းပြောလာသူအား [illegible]တော်ကလေး ဒေါသထွက်လာ၏။



"ကျုပ် ပြောတာပဲ၊ ကျုပ် နောက်ထပ် လူမသတ်တော့ဘူး"

"ဟား... ဟား... ဟား"

လိန်လွယ်က ငှက်ဆိုးထိုးသကဲ့သို့ ကျယ်လောင်စွာ ရယ်မောလေ၏။

"ဟွန်း... ငါက ငါ့ရဲ့အရိုက်အရာကို ဆက်ခံမယ့်သူ၊ ငါ့မျိုးဆက်ကိုပြန့်ပွားအောင် လုပ်မယ့်လူကို ရွေးချယ်ထားပြီးရင် အဲဒီလူဟာ ငါခိုင်းတာကို လုပ်ရမယ်၊ လူတွေကို သတ်ဖြတ်ပစ်ရမယ်၊ ငါခိုင်းတာ မလုပ်သမျှ ကာလပတ်လုံး ငါ့မျိုးဆက်တံခါးပေါက်ထဲကို ဘယ်သူမှမဝင်ရဘူးဆိုတာ မြဲမြဲမှတ်ထား"

ထိုစကားကိုကြားရသည်နှင့်လင်းထက်ဆွေ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားလေသည်။

ကြက်သီးမွေးညင်းများ ထောင်ထလာပြီး လူသည်လည်း နောက်သို့အထိတ်တလန့် ဆုတ်လိုက်မိ၏။

"ဗျာ... လူသတ်ရမယ်၊ ဟုတ်လား၊ အဲဒီလူတွေရဲ့အသက်ကို ခင်ဗျားအတွက် ကျုပ်က သတ်ပေးရမယ်ပေါ့"

"အေး... ဟုတ်တယ်၊ ငါ့အတွက် မင်းက သတ်ပေးရမယ်"

"ကျုပ် မသတ်ဘူး၊ ခင်ဗျားရဲ့အရိုက်အရာကိုလဲ မဆက်ခံဘူး"

"တိတ်စမ်း... မင်းပါးစပ် ပိတ်ထားလိုက်စမ်း၊ ဒီအလုပ်ကို မင်း လုပ်ချင်တာ မလုပ်ချင်တာ ငါနဲ့မဆိုင်ဘူး၊ မင်းလုပ်ကိုလုပ်ရမယ် ဆိုတာ ငါ ဆုံးဖြတ်ထားတယ်"

"ဗျာ..."

လင်းထက်ဆွေမှာ တအံ့တသြဖြစ်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

လိန်လွယ်က ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာမှ....

"ငါ မင်းကို ငါ့မျိုးဆက် ဆက်လက်ထိန်းသိမ်းဖို့နဲ့ ငါ့အရိုက်အရာကိုဆက်ခံဖို့ ရွေးချယ်ထားပြီးပြီ၊ မင်း မလုပ်လို့မဖြစ်တော့ဘူး"

"ဟင့်အင်း... ကျုပ်... ကျုပ် မလုပ်နိုင်ဘူး"

"မင်းက တော်တော် သတ္တိကောင်းတယ်ပေါ့လေ"

လိန်လွယ်က လျှပ်တစ်ပြက် ခုန်အုပ်ပြီး လင်းထက်ဆွေ၏ဦးခေါင်းကို လက်ချောင်းငါးချောင်းဖြင့်အုပ်၍ ဖမ်းဆီးလိုက်၏။

အလွန့်အလွန် လျင်မြန်မှုကြောင့်တစ်ကြောင်း၊ လင်းထက်ဆွေ၏စိတ်ထဲတွင် လိန်လွယ်က ဤသို့ပြုလိမ့်မည်ဟု မထင်သောကြောင့်တစ်ကြောင်း ရုတ်တရက် အဖမ်းခံလိုက်ရလေ၏။

စိတ်ထဲ၌ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားကာ တုတ်တုတ်မျှပင် မလှုပ်ဝံ့တော့ပေ။

အကယ်၍သာ လိန်လွယ်က အနည်းငယ် အားစိုက်ထုတ်ကုတ်ဆွဲလိုက်ရုံဖြင့် လင်းထက်ဆွေမှာ နေရာ၌ပင် ပွဲချင်းပြီးသေဆုံးသွားနိုင်ပေသည်။



သို့သော် လင်းထက်ဆွေမှာ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ဆိုသည့်စကားအတိုင်း ဣန္ဒြေရရပင် ပြန်လည်မေးမြန်းလိုက်၏။

"မလုပ်ဘူးလို့ပြောရင် ခင်ဗျား ဘာလုပ်ချင်သလဲ"

"ပြောကြည့်လေ... မင်း ပါးစပ်က မလုပ်ပါဘူးလို့ပြောရဲတဲ့ သတ္တိရှိရင် ပြောကြည့်လိုက်ပါလား၊ မင်းရဲ့သိုင်းပညာနဲ့ အတွင်းအားတွေကို အားလုံးဖျက်ဆီးပစ်လိုက်မယ်၊ မင်း တစ်သက်လုံး မသန်မစွမ်းနဲ့ ဒုက္ခိတလုံးလုံးဖြစ်သွားရမယ်၊ ဘာမှတ်လဲ၊ သေတာထက်ဆိုးတဲ့ ဒုက္ခဝေဒနာကို မင်း ကောင်းကောင်းကြီးခံစားသွားရမယ်"

လင်းထက်ဆွေက အေးစက်စက် ရယ်လိုက်၏။ သူ့ရယ်သံမှာ အသက်မပါလှတော့ပေ။

"ကျုပ်ကတော့ ဘယ်သူမှမသတ်နိုင်ဘူးဗျာ၊ သေခါမှ သေစေတော့"

လိန်လွယ်က တောက်တစ်ချက် ခေါက်လိုက်၏။

"တောက်... ကောင်းပြီ"

ထိုစဉ် လိန်ရန်လန်၏တုန်ယင်သောအသံကလေး ထွက်ပေါ်လာလေ၏။

"ဘိုးဘိုး... မလုပ်ပါနဲ့"

လိန်လွယ်က သူ၏မြေးမကလေးအား ဟိန်းဟောက်မာန်မဲလိုက်လေ၏။

"သမီး ရန်လန်... နင် ဝင်မရှုပ်စမ်းနဲ့"

"ဘိုးဘိုးရယ်... မလုပ်ပါနဲ့၊ သူ့ကိုခွင့်လွှတ်လိုက်ပါ၊ သမီးကို

သနားပါနော်၊ သမီး... သမီး တောင်းပန်ပါတယ်"

လိန်ရန်လန်က ရှိက်ကြီးတငင် ငိုယိုတောင်းပန်သည်။ လိန်လွယ် ငိုင်သွား၏။

တစ်ခဏမျှ စဉ်းစားဟန် ပြုလိုက်ပြီး လက်ကိုရုပ်သိမ်းလိုက်၏။ ပြီးမှ အခန်းထောင့်နားဆီသို့ ခပ်အေးအေး လျှောက်သွား၏။

"ကောင်းပြီ... ငါ့မြေး တောင်းပန်တာကြောင့် မင်းကို ငါ ခွင့်လွှတ်လိုက်မယ်၊ ဒါပေမယ့် မင်းကိုငါ မေးစရာရှိသေးတယ်"

လင်းထက်ဆွေ သက်ပြင်းချလိုက်မိ၏။ ရုတ်တရက်အားဖြင့် သူ့အသက်အန္တရာယ်တော့ ကင်းလွတ်သွားခဲ့ချေပြီ။

လိန်လွယ်က ရုတ်တရက် မေးလိုက်၏။

"မင်းက ငါ့အရိုက်အရာကို မဆက်ခံချင်ဘူးဆိုတော့ ငါ့မျိုးဆက်ကိုထိန်းသိမ်းဖို့ မြေးသားမက်လောင်း မဖြစ်ချင်တော့ဘူးလို့ ဆိုလိုတာလား"

လင်းထက်ဆွေသည် လိန်ရန်လန်ကို ချစ်မြတ်နိုးပါသည်။ သူနှင့်ဘဝတူ မိဘမဲ့နေသူဖြစ်၍ ပို၍သနားကြင်နာခြင်းဖြစ်ရပါသည်။

သို့သော်....

"ခင်ဗျားရဲ့ မြေးသားမက်လောင်းတစ်ယောက်ဖြစ်ဖို့ လူတွေကိုလိုက်ပြီး သတ်ပေးရဦးမှာပဲလား"

"ဟုတ်တယ်... သတ်ရမယ်၊ ဒါဟာ ငါ့စည်းကမ်းပဲ၊ ငါ့ရဲ့ ဂိုဏ်းဝင် အဖွဲ့ဝင်တစ်ယောက်ဖြစ်ချင်ရင် သတ်ပေးရမယ်"

လင်းထက်ဆွေသည် ခဏချင်းပင် ဆုံးဖြတ်ပြီး ယတိပြတ်



ပြောချလိုက်လေတော့၏။

"ခင်ဗျားရဲ့ မြေးသားမက်လောင်း မဖြစ်ချင်နေတော့ဗျာ၊ ကျုပ် လူတွေကိုတော့ အလကား လိုက်မသတ်နိုင်ဘူး"

တစ်ခန်းလုံး ငြိမ်သက်သွားလေတော့၏။

## အခန်း(၃၈)
## အကျပ်ကိုင်ခံရခြင်း

လိန်လွယ်သည်လည်းကောင်း၊ လိန်ရန်လန်သည်လည်းကောင်း ရုတ်တရက် စကားမပြောနိုင်တော့ပေ။

အတန်ကြာမှ လိန်ရန်လန်၏မျက်ဝန်းအစုံမှ မျက်ရည်အသွယ်သွယ် ကျဆင်းလာလေတော့၏။

"အစ်ကိုရယ်... ညီမလေးကို တကယ်မချစ်ဘူးပေါ့နော်"

လင်းထက်ဆွေက လေးပင်စွာ ခေါင်းခါလိုက်သည်။

"ဟင့်အင်း ညီမလေး ပြောသလို မဟုတ်ပါဘူးကွယ်၊ အခု ညီမလေးနားနဲ့ ဆတ်ဆတ်ကြားတယ် မဟုတ်လား၊ သူ့မြေးသားမက်ဖြစ်ချင်ရင် လူသတ်ပေးရမယ်တဲ့၊ စောစောကပဲ ညီမလေးက အစ်ကို့ဆီက ကတိတောင်းနေခဲ့တယ်လေ၊ လူမသတ်ရဘူးလို့ ကဲ၊ အခု အစ်ကိုက ညီမလေးနဲ့ပေါင်းရဖို့ လက်ခံလိုက်ပြီဆိုပါတော့ လူကိုသတ်ပေးရတော့မယ်၊ ဒါကို ညီမလေး လက်ခံနိုင်သလား"



လိန်ရန်လန်သည် ရှိုက်ကြီးတငင် ငိုလေတော့၏။

"ညီမ ညီမ... လူသတ်တာလဲ မကြိုက်ဘူး၊ အစ်ကိုနဲ့လဲ မခွဲချင်ဘူး၊ ညီမကိုတော့ ပစ်မသွားပါနဲ့အစ်ကိုရယ်"

လင်းထက်ဆွေ လွန်စွာ စိတ်ထိခိုက်သွား၏။ သို့သော် သူလည်း မတတ်နိုင်ပါ။ သူ လူမသတ်ရဲသူမဟုတ်ပါ။

သူ့မိဘ ဆရာသမားအား သတ်ဖြတ်သွားသည့်လူသတ်သမားများကို သူ သတ်ဖြတ်နိုင်ပါသည်။

အခြားအခြားသော သူနှင့်ရန်ငြိုးရန်စမရှိသူများကိုတော့ သူ မသတ်နိုင်ပါ။ မသတ်ရက်ပါ။

အဆိပ်ဆေးနစ်ကြိမ် သောက်ခဲ့ရပြီး လူသတ်ခဲ့ရသည်များကို လင်းထက်ဆွေအနေဖြင့် ရေရေရာရာ မသိပါ။ အိပ်မက်,မက်သကဲ့သို့သာ ရှိနေပါသည်။

သူသည် လိန်ရန်လန်ကို လွန်စွာချစ်မိသော်လည်း လိန်လွယ်၏မိုက်မဲသောအကြံပြုချက်များကို လုံးဝ လက်မခံနိုင်ပါချေ။

"ညီမချစ်သလို အစ်ကိုကလဲ ချစ်တာပါပဲကွယ်၊ ဒါပေမယ့် တို့ရဲ့အချစ်က ကံဆိုးခဲ့ပါတယ်၊ ကံကြမ္မာက တို့နှစ်ယောက်ကို ဝေဒနာတွေ ခံစားစေရပြီ၊ ချစ်ကြတာမှန်ပေမယ့် တို့ ခွဲကြရတော့မယ်၊ တို့နှလုံးသားတွေကို စုတေးခဲ့ကြရတော့မယ်၊ ရန်လန်အချစ်ရယ်... အစ်ကို သွားတော့မယ်ကွယ်၊ အစ်ကို့ကို ခွင့်လွှတ်ပါတော့ကွယ်"

"အစ်ကို သွားတော့မယ်ဟုတ်လား၊ ကျွန်မကို ဒီလိုပဲထားခဲ့တော့မှာလား အစ်ကိုရယ်"

"မဖြစ်ဘူး အချစ်ရယ်… အစ်ကို မသွားလို့မဖြစ်တော့ဘူး၊ ဒီမှာကြာကြာနေတာနဲ့အမျှ အစ်ကို ရင်တွေကွဲကြေကုန်လိမ့်မယ်"

လင်းထက်ဆွေက လိန်ရှန်လန်ကို နှုတ်ဆက်အကြည့်ဖြင့် ကြည့်လိုက်သည်။

လိန်ရှန်လန် ငိုကြွေးနေသလို လင်းထက်ဆွေ၏မျက်ဝန်း တွင်လည်း မျက်ရည်ဥတို့ ဝန်းခိုနေသည်။

လင်းထက်ဆွေသည် မျက်ရည်မကျမိအောင် တားဆီးလိုက် သည်။ ထို့နောက် အခန်းထဲမှပြေးထွက်သွားလေတော့၏။

"အစ်ကို… အစ်ကို လင်းထက်ဆွေ"

လိန်ရှန်လန်၏အော်သံသည် ကြေကွဲဖွယ်ရာ လင်းထက် ဆွေ၏ နောက်၌ ကျန်ရစ်ခဲ့လေ၏။

ကျူးအီးတောင်တကြောလုံး မီးအလင်းရောင်မရှိပဲ အ မှောင်ဖုံးနေ၏။

လင်းထက်ဆွေသည် အချိန်ဆိုင်းမနေတော့ပဲ လူတစ်ရပ်ခန့် မြင့်မားသော ခြံဝင်းနံရံကို ခုန်ပျံကျော်ထွက်လိုက်သည်။

"သူရဲကောင်းလေး လင်းထက်ဆွေ… ညကြီးအချိန်မတော် ဘယ်ကိုသွားမလို့လဲ"

သူတွဲဘက် မသန်မစွမ်း ဒုက္ခိတသိုင်းသမားလေးယောက်



ပင်တည်း။

ထိုလေးယောက်က အမှောင်ထဲမှ ရုတ်တရက် ထွက်ပေါ် လာပြီး လင်းထက်ဆွေ၏သွားလမ်းကို ပိတ်ဆို့လိုက်သည်။

လင်းထက်ဆွေက ဂရုမစိုက်ပဲ အေးတိအေးစက်ဖြင့်….

"ကျုပ် ဒီကျူးအီးတောင်က ထွက်သွားတော့မလို့"

"သခင်ကြီး အမိန့်ပါလား"

"မပါဘူး"

"မပါဘူး… ဟုတ်လား၊ သခင်ကြီး အမိန့်မပါရင် ဘယ်သူမှ ဒီကျူးအီးတောင်က ထွက်ခွာသွားခွင့်မရှိဘူး၊ ကျုပ်တို့အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် မတိုက်ခိုက်ချင်ဘူးဗျာ၊ ခင်ဗျားအဆောင် ကို ပြန်သွားစေချင်တယ်"

လင်းထက်ဆွေက ခပ်အေးအေးပင် ဆက်ပြောသည်။

"ကျုပ်က ခင်ဗျားတို့ ကျူးအီးတောင်ကလူ မဟုတ်ဘူး၊ ကျူးအီးတောင်ရဲ့အမိန့်ကိုလဲ မနာခံနိုင်ဘူး"

"မနာခံလို့မဖြစ်ဘူး… ကျူးအီးတောင်ပေါ်မှာ ရှိတဲ့လူတိုင်း ဒီအမိန့်ကိုနာခံရတယ်၊ ခင်ဗျား ပြန်ပါတော့"

"လျှာရှည်လိုက်တာဗျာ… ခင်ဗျားတို့ဖယ်ကြစမ်း"

ဒုက္ခိတသိုင်းသမားလေးယောက်တို့သည် လင်းထက်ဆွေ ကို မည်သို့မျှ နားဝင်အောင် ပြောဍ္ဈမရတော့ပြီကို သိရှိလိုက်သည်။

တစ်ပြိုင်နက်ပင် လက်ဝါးရိုက်ချက်များထုတ်ကာ လင်း ထက်ဆွေ၏ထွက်လမ်းကို ပိတ်ဆို့ထားလိုက်သည်။

"ဝုန်း…"

ရှိက်အားမှာ ပြင်းထန်လှသည်။ လင်းထက်ဆွေ၏အင်္ကျီစများပင် တဖျပ်ဖျပ် တုန်ခါသွားသည်။

"အစ်ကို… အစ်ကို… လင်းထက်ဆွေ"

လင်းထက်ဆွေက ဒုက္ခိတသိုင်းသမားလေးယောက်အား တိုက်ခိုက်ရန် ဟန်ပြင်နေစဉ် နောက်ဘက်မှ လိန်ရန်လန်၏အော်ခေါ်သံကို ကြားလိုက်ရသည်။

လိန်လွယ်သည် လိန်ရန်လန်၏လက်ကိုဆွဲကာ မြစည်းရိုးကို ပေါ်ပါးစွာ ခုန်ကျော်လာလေ၏။

မသန်မစွမ်း ဒုက္ခိတသိုင်းသမားလေးယောက်ကော လိန်လွယ်ပါ လင်းထက်ဆွေကို ဝိုင်းထားလိုက်ကြသည်။

လင်းထက်ဆွေ အခက်တွေ့သွားရသည်။ သူ့လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့တွင် ကာယှက်အသင့်ပြင်ဆင်ထားပြီး လိန်လွယ်နှင့် ရင်ဆိုင်လိုက်သည်။

"ခင်ဗျား ကျုပ်နောက်ကိုလိုက်လာတာက ဘာသဘောလဲ"

"မင်းကို ကျူးအီးတောင်ပေါ်က ထွက်ခွာမသွားရအောင် လိုက်လာတာပဲ"

"ဒီက ထွက်မသွားရဘူးဟုတ်လား"

"ဟုတ်တယ်… ဒါဟာ ကျူးအီးတောင်ရဲ့စည်းကမ်းပဲ"

လိန်လွယ်၏မျက်လုံးများ ဝိုင်းစက်သွားသည်။ ဒေါသလည်း အထွတ်အထိပ်သို့ တက်လာသည်။



"ငါ့ကို ဒီလိုပြန်ပြောရဲတဲ့လူတစ်ယောက်မှ မရှိသေးဘူး၊ ငါ မင်းကို ကောင်းကောင်းဆုံးမပေးရမယ်၊ ဘယ်သူက ငါ့ကိုတောင်းပန်တောင်းပန် ဒီတစ်ခါတော့ မင်းကို ခွင့်မလွှတ်နိုင်တော့ဘူး၊ သေဖို့သာ ပြင်ပေတော့"

"ကောင်းပါရဲ့ဗျာ… ကျုပ်ကလဲ အဆင်သင့်ပါပဲ"

လိန်လွယ်က ခြေလှမ်းသုံးလှမ်းနောက်သို့ဆုတ်လိုက်ပြီး ဒုက္ခိတသိုင်းသမားလေးယောက်အား အမိန့်ပေးလိုက်သည်။

"မင်းတို့အားလုံး နားထောင်စမ်း၊ ကျူးအီးတောင်ပေါ်မှာရှိတဲ့လူတိုင်းကို ပြောလိုက်၊ လင်းထက်ဆွေကို အသေခံပြီးတားကြလို့ မတားနိုင်ရင်တော့ ကိုယ့်ကိုယ်ကို သတ်ပစ်ကြလို့ အမိန့်ပေးလိုက်စမ်း"

လိန်ရန်လန်မှာ ချစ်သူနှင့်အဘိုးတို့ကြားတွင် ဗျာများနေရ၏။ လင်းထက်ဆွေကို တောင်းပန်စကား တဖွဖွဆိုသည်။

"အစ်ကို… လင်းထက်ဆွေ မလုပ်ပါနဲ့၊ ဘိုးဘိုးနဲ့မတိုက်ခိုက်ပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ် အစ်ကိုရယ်"

လင်းထက်ဆွေ စိတ်မရှည်တော့ပေ။

"ညီမ ရန်လန်… မင်း ငါ့ကို ဘာပြောခဲ့သလဲ၊ ပြန်စဉ်းစားစမ်း၊ နောက်ထပ် လူမသတ်ရတော့ဘူးလို့ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့… ဒါ… ဒါပေမယ့် ဘိုးဘိုးနဲ့မတိုက်ခိုက်ပါနဲ့ အစ်ကိုရယ်"

လိန်ရန်လန်မှာ သနားစရာကောင်းနေရှာသည်။ ရုတ်တ

ရက် လိန်လွယ်၏ရှေ့တွင် ထိုင်ချလိုက်ပြီး လိန်လွယ်၏ခြေထောက်အစုံကိုဖက်ကာ ငိုယိုတောင်းပန်ပြန်သည်။

"ဘိုးဘိုးရယ်... ဘိုးဘိုးကို သမီးတောင်းပန်ပါတယ်၊ သမီးကို ဘိုးဘိုးချစ်တယ် မဟုတ်လားဟင်၊ သမီးကိုချစ်ရင် သူ့ကိုခွင့်လွှတ်လိုက်ပါ ဘိုးဘိုးရယ်၊ သူ... သူ... ဒီဂေဟာကြီးထဲမှာမရှိရင် သမီး... သမီးလဲ သေရမှာပါပဲ ဘိုးဘိုးရယ်၊ သမီးတောင်းပန်ပါတယ်၊ သူ့ကို လူမသတ်စေရတော့ဘူးလို့ပြောပေးပါ ဘိုးဘိုးရယ်"

လိန်ရန်လန်၏သနားစဖွယ် တောင်းပန်သံကလေးက ညဉ့်ယံကိုပင် တုန်ခါသွားစေသည်။

ကြားမိသူတိုင်း ကရုဏာသက်စိတ်ဖြစ်ပေါ်လာရသည်။

✻✻✻

လင်းထက်ဆွေသည် လိန်ရန်လန်ကိုချစ်ပါသော်လည်း ဤအဘိုးကြီးနှင့်မယှဉ်ပြိုင်ဘဲ လုံးဝလွတ်မြောက်နိုင်မည် မဟုတ်မည်ကို သိသဖြင့် ခပ်ရှင်းရှင်းပင် ပြောရတော့သည်။

"ရန်လန်... မင်း ဖယ်လိုက်စမ်းပါ၊ ငါ သူနဲ့ယှဉ်မယ်၊ သိုင်းပညာအရ ယှဉ်ပြိုင်မယ်"

"တော်တော်လာတဲ့ ကောင်ပါလား၊ မင်းကိုပဲ ငါက ကြောက်နေရဦးမှာလား"

"အို... မလုပ်ကြပါနဲ့ ဘိုးဘိုးရော အစ်ကိုပါ မတိုက်ခိုက်ကြ



ပါနဲ့ သမီးကို သနားပါ၊ အစ်ကို ကျွန်မကိုချစ်တယ်ဆို၊ ကျွန်မပြောတာ နားထောင်ပါ အစ်ကိုရယ်"

လိန်ရန်လန်မှာ အကြီးအကျယ်ပင် ငိုကြွေးတောင်းပန်နေသဖြင့် လိန်လွယ်၏နှလုံးသားလည်း လှေကားတစ်ထစ် လျှော့ချလိုက်ရသည်။

အတန်ကြာမှ မကျေမနပ်ဖြင့်....

"သမီး... နင် ဝင်ရှုပ်ပြန်ပြီနော်၊ တော်တော်ခက်တဲ့ ကောင်မလေးပဲ၊ အင်း... နင့်ကြောင့် ငါတော့ ခက်ပါပြီ၊ ထစမ်းကွယ်... ထစမ်း"

လိန်ရန်လန် ဒူးထောက်နေရာမှ မတ်တတ်ထရပ်လိုက်သည်။

မျက်ရည်များကို လက်ဖမိုးနှင့်သုတ်လိုက်ပြီး ဝမ်းသာအားရ အမူအရာဖြင့်....

"ဒါဖြင့်ရင် ဘိုးဘိုးက သူ့ကိုခွင့်လွှတ်တယ်နော်၊ နောက်တစ်ခါ သူ့ကိုလူသတ်ဖို့ မခိုင်းတော့ဘူးနော်၊ ဟုတ်လား... ဘိုးဘိုးဟင်... ဟုတ်လားလို့"

"အေးပါကွယ်... သမီးမျက်နှာကြောင့် မလွှဲမရှောင်သာလွန်းလို့ ဘိုးဘိုး သူ့ကိုခွင့်လွှတ်လိုက်ပါတယ်၊ ဒါပေမယ့် ဘိုးဘိုး သူ့ကို နောက်တစ်ကြိမ် လူသတ်ခိုင်းရဦးမယ်၊ ဒီတစ်ကြိမ်ပြီးရင်တော့ သူ့သဘောနဲ့သူ ပဲပေါ့"

လင်းထက်ဆွေက ရယ်လိုက်၏။

"ဘယ်သူက နောက်တစ်ကြိမ် လူသတ်ပေးမယ်လို့ ပြောနေလို့လဲ"

လိန်လွယ်က....

"မင်းပဲ သတ်ပေးရမှာပေါ့၊ ဘယ်သူသတ်ပေးရမှာလဲ၊ မင်းမသတ်ဘဲ မနေနိုင်အောင် ငါ လုပ်နိုင်ပါတယ်ကွ၊ ဟောဒီမှာ ကြည့်"

"အား...."

လိန်ရန်လန်မှာ သူ့အဘိုး၏လက်တွင်းဝယ် စွန့်ရဲအသုတ်ခံလိုက်ရသော ကြက်ကလေးတစ်ကောင်အလား မြေပြင်မှခြေထောက် လွတ်လျက် ကားယားကြီးဖြစ်နေလေသည်။

လိန်လွယ်မှာ လက်မှမချသေးဘဲ အညှာအတာကင်းမဲ့စွာ ကိုင်မြှောက်ထားဆဲရှိ၏။

လည်ပင်းကိုဆုပ်ကိုင်၍ မြှောက်ထားခြင်းဖြစ်ပေတော့သည်။

လင်းထက်ဆွေ၏စိတ်ထဲ၌ ဒေါင်းခနဲ ဒေါသထွက်သွား၏။

ဤသည်မှာ အဘိုးက မြေးအပေါ် ထားသည့်မေတ္တာလော။

"လိန်လွယ်... ခင်ဗျား ရက်စက်လှချည်လား၊ ခင်ဗျားမှာ မိဘဆိုတဲ့စိတ်ကော ရှိသေးရဲ့လား၊ ကရုဏာတရားနဲ့ မေတ္တာတရားကိုရော ခင်ဗျား နားလည်ရဲ့လား"



လိန်လွယ်က တဟားဟား ရယ်မောနေသည်။

လိန်ရန်လန်မှာ သူ့နာကျင်မှုကို လုံးဝဂရုမစိုက်ဘဲ လင်းထက်ဆွေကိုသာ စိုးရိမ်တကြီး တောင်းပန်နေရှာသည်။

"အစ်ကို... စိတ်မဆိုးပါနဲ့ ကျွန်မ တောင်းပန်ပါတယ်၊ ဘိုးဘိုးနဲ့ မတိုက်ခိုက်ပါနဲ့"

လိန်ရန်လန်၏ငိုသံစွက်သောအသံကလေးက သူ့နှလုံးသားကို ဓားထက်ထက်ဖြင့် မွှန်းနေသကဲ့သို့ရှိနေသည်။

လင်းထက်ဆွေက ပေါက်ကွဲလုနီးဖြစ်နေသောဒေါသကို ချုပ်တည်းထားလိုက်သည်။

လင်းထက်ဆွေက....

"ကဲ... ခင်ဗျား ဘာလိုချင်သလဲ ပြော"

"ငါ ခိုင်းတဲ့အတိုင်း လုပ်ပေးပေါ့ကွာ'

"မလုပ်ရင်"

"မလုပ်ရင်တော့ ငါ လိန်ရန်လန်ကို သတ်ပစ်မယ်"

"ထွီ... တကယ့်အဘိုးပဲ၊ ခင်ဗျားလို အဘိုးမျိုးကတော့ ရှားပါပေရဲ့ဗျာ၊ ကဲ... လိန်ရန်လန်ကို လွှတ်လိုက်တော့၊ ကျုပ် ကျေနပ်သဘောတူတယ်"

လိန်လွယ်သည် လင်းထက်ဆွေ၏ကတိစကားကို ရရှိလိုက်သောအခါ လိန်ရန်လန်အား ကိုင်မြှောက်ထားရာမှ အောက်သို့ချလိုက်သည်။

သို့သော်လည်း ရှင်းရှင်းလင်းလင်း လွတ်ပေးသည်မဟုတ်ဘဲ လက်ကိုနောက်ပြန်ချုပ်ကာ သူ့ရင်ခွင်ထဲ၌ သွင်းထားလိုက်သည်။

"ဟုတ်တယ်... တစ်ခါပဲ လုပ်ပေးရမယ်၊ ငါက စကားတစ်ခွန်းပဲ ပြောတတ်တယ်၊ နှစ်ခွန်း မပြောဘူး၊ ပြောပြီးရင်လဲ ကတိတည်တယ်"

"ကျုပ် ခင်ဗျားကို အစုကတည်းက ရှင်းရှင်းလင်းလင်း ပြောထားမယ်၊ ခင်ဗျားခိုင်းတာကို ကျုပ်သဘောတူရတာ ခင်ဗျားရဲ့အရိုက်အရာကိုဆက်ခံချင်လို့ မဟုတ်ဘူး၊ လူသားတစ်ယောက်ကိုကယ်တင်စောင့်ရှောက်ရမယ့် မေတ္တာတရားကြောင့် ကျုပ် သဘောတူလိုက်တာပဲ၊ ကျုပ်တို့ကိစ္စမှာ ဘာမှအပြစ်မရှိတဲ့သိုင်းပညာကို ဘာမှနားမလည်တဲ့မိန်းကလေးတစ်ယောက်ကို ဓားစာခံအဖြစ် ဒုက္ခရောက်မှာကို ကျုပ် မလိုလားဘူး၊ ဒါကြောင့် ကျုပ် ကတိပေးလိုက်တာ၊ ခင်ဗျားကိုကြောက်လို့ ဂရုစိုက်လို့တော့ မထင်လိုက်နဲ့"

လိန်လွယ်မှာ ဒေါသမထွက်သည့်အပြင် တဟားဟား ရယ်မောလိုက်ချေသေးသည်။

သူ့မျက်ဝန်းအစုံတွင် ကောက်ကျစ်ယုတ်မာမှုများ အထင်းသား ပေါ်လွင်နေ၏။

လိန်လွယ်က ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ... ဒါဆို အိမ်ထဲပြန်ဝင်ကြရအောင်"

လိန်လွယ်က ခြံဝင်းထဲသို့ပြန်ဝင်ရန် ဟန်ပြင်လိုက်သည်။

လင်းထက်ဆွေက လက်ဝါးကာပြ တားမြစ်လိုက်ပြီး...



"ခဏနေဦး... ကျုပ် ဘယ်သူတွေကို သတ်ရမယ်ဆိုတာ အရင်ပြောပြနိုင်မလား၊ ဘယ်ဂိုဏ်း ဘယ်အဖွဲ့လဲဆိုတာ ကျုပ် သိချင်တယ်"

"သိရပါတယ်ကွာ... သိရပါတယ်၊ မင်းကို ငါ ရွေးချယ်ပေးမယ့်ဂိုဏ်းနှစ်ဂိုဏ်းထဲက ကြိုက်တဲ့ဂိုဏ်းကိုရွေးချယ်နိုင်တယ်"

"ရွေးချယ်ရမယ် ဟုတ်လား၊ ပြောပါဦး ဘယ်ဂိုဏ်းလဲ"

"တစ်ဂိုဏ်းကတော့ တရုတ်ပြည်သိုင်းလောကမှာ နံပါတ်တစ်အဲ့ခံယူထားတဲ့ ကြူလုံပေါင်းဂိုဏ်းပဲ၊ သူ့မိသားစုတစ်ခုလုံးရဲ့အသက်ကို သတ်ဖြတ်ရမယ်၊ နောက်တစ်ဂိုဏ်းကတော့ ဝက်ပါရှင်မဝူယို့နမ်ရဲ့ မိသားစုတစ်စုလုံးနဲ့ တစ်ဂိုဏ်းလုံးကို ဖြိုဖျက်ပစ်ဖို့ပဲ၊ အဲဒီနှစ်ဂိုဏ်း ကြိုက်ရာဂိုဏ်းကို မင်း ရွေးနိုင်တယ်"

"ဗျာ..."

လင်းထက်ဆွေ အလန့်တကြား ဖြစ်သွားသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ကျွမ်းထိုးမှောက်ခုံဖြစ်သွားလေပြီဟု သူ ထင်မှတ်လိုက်မိလေတော့သည်။

# အခန်း(၅၉)
## ဝက်ပါဂူသို့

လင်းထက်ဆွေမှာ နားမလည်နိုင်အောင် ဖြစ်နေမိသည်။

ကျုံးအီးတောင်ဂိုဏ်းသည် အဘယ်ကြောင့် အပြစ်မဲ့သူများအား အကြောင်းမဲ့ သတ်ဖြတ်နေသနည်း။

သတ်ဖြတ်လျှင်လည်း တစ်မိသားစုလုံး အမြစ်ပါမကျန်အောင် အပြတ်ရှင်းနေသည့်အတွက် လင်းထက်ဆွေမှာ စဉ်းစား၍မရနိုင်ပေ။

လိန်လွယ် သတ်ဖြတ်ခိုင်းသည့်လူစာရင်းကလည်း သိုင်းလောကတွင် ကျော်ကြားလှသောထိတ်ထိတ်ကြဲ သိုင်းဂိုဏ်းများနှင့် သိုင်းသမားချည်း ဖြစ်နေပေသည်။

အတွေးများစွာ ဝေနေသည့်လိန်လွယ်က စိတ်မရှည်သည့်လေသံဖြင့် မေးလိုက်လေ၏။

"ဘယ်လိုလဲ... မင်း ကြောက်နေပြီလား"



"ဟင့်အင်း... ကျုပ်က ဘာဖြစ်လို့ ကြောက်ရမှာလဲ"

"အေး... မင်းအတွက် ဒီနှစ်ဂိုဏ်းက ကြောက်စရာမရှိပါဘူး၊ တကယ်တမ်းသာ မင်းကို ချိန်းစိန်ဂိုဏ်းပေးလွှတ်ရင် မင်းအတွက်ပိုပြီး ကြောက်စရာကောင်းလိမ့်ဦးမယ်"

လင်းထက်ဆွေမှာ ဆတ်ခနဲ ဖြစ်သွား၏။

"ဂိုဏ်းငါးဂိုဏ်းရဲ့အဖွဲ့ချုပ် ချိန်းစိန်ဂိုဏ်း... ဟုတ်လား၊ ခင်ဗျားက ချိန်းစိန်ဂိုဏ်းချုပ်ကိုလဲ သတ်ဦးမယ်ပေါ့"

လိန်လွယ်မှာ ဟန်ဆောင်ချုပ်တီးခြင်းပင် မရှိတော့။ မျက်လုံးများက အာဃာတအငြိုးကြောင့် တဝင်းဝင်း တောက်လာသည်။

ဒေါသတကြီးလည်း အော်ဟစ်ကြုံးဝါးလိုက်ပြန်သည်။

"သတ်မယ်... သတ်မယ်၊ ကမ္ဘာပေါ်မှာ ရှိရှိသမျှ သိုင်းသမားအားလုံးကို သတ်ပစ်မယ်၊ သူတို့သွေးတွေနဲ့ ငါ့ခြေထောက်ကို ဆေးကြောရမယ်"

လိန်လွယ်မှာ ပြောရင်း ပြောရင်းမှ အသားများ တဆတ်ဆတ် တုန်ယင်နေသည်။

လင်းထက်ဆွေကို စူးစူးရှားရှား စိုက်ကြည့်နေပြီး ဆက်ပြောပြန်သည်။

"မင်း ကြူလုံပေါင်းကိုကြောက်နေသလား... သူ့ကို ရင်မဆိုင်ရဲရင် ဝက်ပါဂူရှင်ဆီကိုသွားလိုက်ပေါ့"

လင်းထက်ဆွေ စိတ်ထဲတွင် အတွေးလွန်ဆွဲနေရသည်။

ကမ္ဘာပေါ်တွင် ရှိရှိသမျှ သိုင်းလောကသားများကို အမြစ်

ဖြတ် အမျိုးဖြုတ်ပစ်ပြီး သူတို့သွေးနှင့်ခြေထောက်ကို ဆေးကြော မည်ဆိုသည့် လိန်လွယ်၏ကြုံးဝါးသံက သူ့နားထဲတွင် ပဲ့တင်ထပ်နေသည်။

"ဟူး... ကောင်းပြီလေ၊ ကျုပ် ဝက်ပါဂူကိုပဲ သွားမယ်"

လိန်လွယ်က သဘောကျနှစ်ခြိုက်စွာ ခေါင်းတဆတ်ဆတ် ညိတ်မိသည်။

မျက်နှာဖုံးစွပ်လျက်မှပင် အတွင်းအားထုတ်ကာ လေချွန်သံ တစ်ချက်ပေးလိုက်သည်။

"ရှီ..."

လေချွန်သံက အရှည်ကြီးထွက်ပေါ်လာသည်။ သာယာနာပျော်ဖွယ် လုံးဝမရှိသည့်အပြင် စိတ်ဓာတ်ကိုချောက်ချားစေနိုင်သော လေချွန်သံမျိုးဖြစ်သည်။

လင်းထက်ဆွေမှာ သူ့နားကို ပိတ်မထားမိအောင် ထိန်းချုပ်နေရသည်။

လေချွန်သံဆုံးသည်နှင့် တစ်ပြိုင်နက် ဒုက္ခိတသိုင်းသမားဆယ်ယောက်လည်း ရောက်ရှိလာကြသည်။

"အမိန့်ရှိပါ သခင်ကြီး၊ ကျွန်တော်မျိုးများ အားလုံး သခင်ကြီးရဲ့အမိန့်ကိုနာခံဖို့ အသင့်ရှိနေကြပါတယ်"

"အားလုံးသက်တောင့်သက်သာ နေနိုင်ပါတယ်၊ နေသာသလို နေကြ"

လိန်လွယ်က ကြွားဝါဝင့်ထည်သည့်အသွင်ဖြင့် ပြောဆိုပြီးလျှင် သူ့အင်္ကျီရင်ဖုံးထဲမှ တစ်စုံတစ်ခုကို ထုတ်ယူလိုက်သည်။

သလင်းကျောက်ကိုထွင်းထုထားသော ဗူးသီးသဏ္ဌာန် ပုလင်းကလေးတစ်လုံးပင်တည်း။

ထိုပုလင်းငယ်ကို ထုတ်ယူပြီးသည်နှင့် ဗူးအဆို့ကိုဖွင့်ကာ လက်တွင်းသို့ သွန်ချလိုက်သည်။

ပုလင်းအတွင်းမှ ပဲ့စေ့ခန့်ရှိသောနီနီရဲရဲအလုံးကလေးတစ်လုံး ထွက်လာသည်။

လိန်လွယ်သည် ဆေးလုံးလေးအား လင်းထက်ဆွေကို လှမ်းပေးလိုက်ပြီး....

"ရော့... ဝက်ပါဂူကိုသွားဖို့ လမ်းခရီးက အတော်လေး ဝေးတယ်၊ ဒီ'အားလည်ပတ်မှု'ဆေးလုံးကိုမျိုချလိုက်၊ ပြီးရင် အခုချက်ချင်း သူတို့နဲ့အတူ ထွက်သွားပေတော့"

လင်းထက်ဆွေသည် လိန်လွယ်ကို အယုံအကြည်မရှိတော့ပေ။

ဆေးလုံးကိုလှမ်းယူလိုက်သော်လည်း ယခင်ကလို စိတ်မြန်လက်မြန် ပါးစပ်ထဲပစ်မသွင်းတော့ပေ။

"ဒီဆေးလုံးက ကျုပ်အတွက် လိုအပ်လို့လား... လိုအပ်မယ် မထင်ဘူး"

လိန်လွယ်က ခပ်ပေါ့ပေါ့ ရယ်လိုက်၏။ တမင်ဟန်လုပ်ရယ်ခြင်းဖြစ်ကြောင်း လင်းထက်ဆွေ ရိပ်မိလိုက်၏။

လိန်လွယ်က....

“ဒီဆေးလုံးကိုမျိုလိုက်ရင် အားတွေ လည်ပတ်ပြီး ပေါ့ပါ့ လာမယ်၊ ခရီးဝေးဝေးသွားရမှာဆိုတော့ ဒီဆေးလုံးစားထားရင် မ ပင်မပန်း သွားနိုင်တာပေါ့၊ ခွန်အားဗလလဲ ပိုပြီး တိုးတက်လာတာ ပေါ့”

ဆေးလုံး၏အမွှေးရနံ့က လင်းထက်ဆွေ၏ နှာဝတည့်တည့် မတ်မတ် ဝင်လာသည်။

အမွှေးရနံ့က နှာခေါင်းထဲသို့ စူးခနဲ ဝင်သွားတော့သည်။ မျိုမချရသေးဘဲ ရနံ့ကိုရှူရှိုက်ရုံနှင့်ပင် လင်းထက်ဆွေ၏သွေးကြော များ နိုးထဆူကြွလာရသည်။

အတွင်းအားများသည်လည်း အထက်သို့ ဆန်တက်လာ သည်။

လင်းထက်ဆွေမှာ ထိုဆေးလုံးကိုမျိုချရန် သုံးကြိမ်တိတိ စိတ်မထိန်းနိုင်အောင် ဖြစ်ခဲ့ရသည်။

သို့ရာတွင် သူ့စိတ်ထဲတွင် မကောင်းမှု အမှောင့်ပယောဂ တစ်စုံတစ်ခု ကပ်ပါလာမည်ကို ကြိုတင်တွေးသိနေမိသည်။

ထို့ကြောင့် နှုတ်ခမ်းအဝသို့ ရောက်ရှိလာသောဆေးလုံးကို အံကြိတ်ကာ လွှဲဖယ်ပြီး အဝေးသို့လွှင့်ပစ်လိုက်လေတော့၏။

“ဟင်....”

လိန်လွယ်၏အသံသည် ကျားဟိန်းသံကဲ့သို့ ထွက်ပေါ်လာ ၏။

သူသည် လင်းထက်ဆွေအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်



၏။ သို့သော် သူသည် ရုတ်ခြည်း ရပ်ဆိုင်းသွား၏။

အဘယ်ကြောင့်ဆိုသော် လင်းထက်ဆွေ၏ မျက်နှာအမူအ ရာသည် စောစောကနှင့်မတူဘဲ ပြောင်းလဲနေပြီကိုတွေ့လိုက်ရသော ကြောင့်တည်း။

အကြောင်းကား ဤသို့တည်း။

ထိုဆေးလုံး၏အာနိသင်သည် အလွန်ပြင်းထန်သော ဆေးရ နံ့ရသွားသည်နှင့် လင်းထက်ဆွေ၏ စိတ်ဓာတ်များ ပြောင်းသွားခြင်း ဖြစ်သည်။

အကယ်၍ ထိုဆေးလုံးကိုသာ လင်းထက်ဆွေ မျိုချမိလျှင် တစ်သက်လုံး လိန်လွယ်၏တစ်ပါးကျွန် ဖြစ်ရပေတော့မည်။

သူ့ဆေးစွမ်းပြနေသည်ကို ရိပ်မိနေသော လိန်လွယ်သည် ကိုယ်ရှိန်သတ်ပြီး ဆေးလုံးလွှင့်ပစ်ခြင်းအပြစ်ကို ခွင့်လွှတ်လိုက်၏။

“ကောင်းပြီ... ကောင်းပြီ၊ ဆေးလုံးမစားရင်လဲ ဖြစ်ပါတယ် လေ၊ မင်း သွားလို့ရပါပြီ၊ ပြန်လာရင်တော့ ငါ့ကတိအတိုင်း ဖြစ်စေရ မယ်ဆိုတာ တာဝန်ယူပါတယ်”

လင်းထက်ဆွေမှာ နတ်ကျသလို တုန်ယင်နေသည်။ သွေး များကလည်း ဆူကြွပွက်လောင်နေသည်။

သူကပင် ဦးဆောင်ပြီး ဒက္ခိတသိုင်းသမားများအား လက်

ဇွေ့ ယမ်း အချက်ပြလိုက်သည်။

"ကဲ… ဝက်ပါဂူကို သွားကြစို့"

ဒုက္ခိတသိုင်းသမား ဆယ်ယောက်လည်း ချက်ချင်းပင် အရိ အသေပေးကာ လင်းထက်ဆွေနောက်မှ တရိပ်ရိပ် ပြေးလွှားလိုက်ပါ သွားကြတော့သည်။

"အစ်ကို… အစ်ကို လင်းထက်ဆွေ၊ မြန်မြန်သွားပြီး မြန်မြန် လာခဲ့နော်"

လိန်ရန်လန်မှာ ဘာမျှမတတ်နိုင်တော့သဖြင့် လင်းထက် ဆွေ အမြန်ပြန်လာရန်သာ မှာကြားရာတော့သည်။

လိန်လွယ်က လိန်ရန်လန်၏ပခုံးကလေးကို ဖျစ်ညှစ်လိုက် ပြီး…

"စိတ်ပူမနေပါနဲ့ သမီးရယ်၊ ဒီတစ်ခေါက် သူ ပြန်လာရင် ဘိုးဘိုးက သမီးတို့နှစ်ယောက်အတူတူနေဖို့ စီစဉ်ပေးမှာပါ"

လိန်လွယ်သည် ကောက်ကျစ်သောမျက်လုံးများဖြင့် လိန်ရန် လန်ကိုစိုက်ကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်နေလေတော့၏။

လင်းထက်ဆွေတို့သည် တောကြား တောင်ကြားမှအပြင်း အထန် ပြေးလွှားခရီးနှင်နေကြသည်။

ရက်သတ္တတစ်ပတ်လုံး မနားမနေ ပြေးလွှားခဲ့ကြရာ ခုနစ် ရက်မြောက် ညနေမိုးချုပ်လုနီးအချိန်တွင် ဝက်ပါဂူသို့ရောက်ရှိခဲ့ကြ သည်။

လင်းထက်ဆွေသည် သိုင်းလောကအတွင်းသို့ ဝင်ရောက်ခဲ့ စဉ် ဤနေရာသို့ရောက်ခဲ့ဖူးသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်ရိပ်ရိုး တဝါး ဖြစ်နေသော်လည်း သူ့အတွက် သွားရေးလာရေး အဆင်ပြေနေ ပေသည်။

အဝင်ဝရှိ ကျောက်ပြားကြီးမှာ ယခင်အတိုင်းပင် တည်ရှိနေ သည်။

သူတို့ရောက်လာချိန်မှာ မိုးက တဖွဲဖွဲရွာနေပြီး လေပြင်း ကလည်း တိုက်ခတ်နေသည်။

လင်းထက်ဆွေတို့၏ ခရီးပန်းမှုများမှာ မိုးရေမိုးစက်များ ကြောင့် ရုတ်တရက် သက်သာလန်းဆန်းသွားကြရသည်။

လင်းထက်ဆွေ၏ဆူပွက်နေသော နှလုံးသွေးများသည် လည်း တည်ငြိမ်စ ပြုလာသည်။

အသိစိတ်မှကင်းလွတ်ကာ စိတ်မကြည်လင် တင်းကျပ်ဖိတ် ဆို့နေခြင်းများလည်း တစစ ပျောက်ကွယ်လာသည်။

"ဂျိမ်း…"

လျှပ်စီးပြက်နှင့်အတူ ပြင်းထန်စွာ မြည်ဟည်းလိုက်သာ မိုး ခြိမ်းသံတစ်သံကြောင့် လင်းထက်ဆွေ ဆတ်ခနဲ တွန့်သွားသည်။

သူ့ကိုယ်သူ အိပ်မက်မှလန့်နိုးလာသည့်အလား ခံစားရ သည်။

နဂိုအသိစိတ်သည် ဦးနှောက်အိမ်အတွင်းသို့ လုံးလုံးလျားလျား ပြန်လည်ရောက်ရှိသွားလေတော့၏။

"ငါ... ဒီကိုဘာလာလုပ်တာပါလိမ့်"

လင်းထက်ဆွေ ဇဝေဇဝါဖြစ်ကာ သူ့ကိုယ်သူ ပြန်မေးနေမိသည်။

ဘာမျှမသိသော လူတစ်ယောက်ပမာ ကြောင်စီစီဖြစ်နေရသည်။

ထိုစဉ် ဝက်ပါဂူပတ်ဝန်းကျင်မှ စူးစူးရားရား အော်ဟစ်သံများ ပေါ်လာသည်။

လင်းထက်ဆွေနှင့် အတူပါလာသော ဒုက္ခိတသိုင်းသမားဆယ်ဦး၏ ငြသံပေး စစ်ရေးချီလိုက်ခြင်းပင်တည်း။

ထိုစဉ် မိုးရေစက်များကြားမှ အဝါရောင်အစက်အပြောက်တစ်ခု တရိပ်ရိပ် ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေ၏။

ထိုလူရိပ်မှာ အလွန်တရာ လျင်မြန်လှသည်။ လင်းထက်ဆွေအနီးသို့ တခဏ်အချိန်အတွင်း ရောက်ရှိလာသည်။

ထိုအရိပ်ထံမှ မှတ်ချက်ချသံလည်း ထွက်ပေါ်လာသည်။

"ငါ ထင်တဲ့အတိုင်း တကယ်ပဲ လာနေကြပြီကိုး၊ ဟင်း... သင်းတို့နဲ့သူသေကိုယ်သေ အပြတ်တိုက်ကြရတာပေါ့"

သို့သော် လင်းထက်ဆွေကို တွေ့လိုက်သည့်အခါတွင်မူကား....

"ဟင်... သား... သား၊ လူလေး လင်းထက်ဆွေ မင်းဟာ



သွေးစုပ်ဂိုဏ်းသားများ ဖြစ်နေသလားကွယ်"

ဝက်ပါရှင်မ ဂူယို့နမ်ဖြစ်နေချသည်တကား။ သူမ၏မျက်နှာမှာ သောကကြောင့် သနားစဖွယ် နွမ်းနယ်နယ် ဖြစ်နေရှာသည်။

သူမ၏တစ်ကိုယ်လုံးတွင် အဝါရောင်နန်းတွင်း အဝတ်အစားကိုဝတ်ဆင်ထားပြီး မိုးရေကြောင့်ရွှဲရွှဲစိုနေသည်။

"ခင်ဗျား ဘာပြောနေတာလဲ၊ ရူးနေသလား၊ ဘယ်သူက သွေးစုပ်ဂိုဏ်းသားလဲ၊ ဘယ်သူက ခင်ဗျားရဲ့သားလဲ၊ ပြောစမ်းပါဦး"

ဂူယို့နမ်မှာ မျက်ရည်များက တားဆီးမရနိုင်အောင် မိုးနှင့်အပြိုင်စီးကျလာသည်။ ငိုသံပလုံးပထွေးဖြင့် ပြန်မေးရှာသည်။

"မင်းက သွေးစုပ်ဂိုဏ်းသားတစ်ယောက် မဟုတ်ဘူးလား၊ မဟုတ်ဘူးဆိုရင် ဘာဖြစ်လို့ ရာဇသံပြားကိုသိမ်းဖို့ ဒီအချိန်မှရောက်လာရတာလဲ"

ပြောပြောဆိုဆို သူ့ကိုယ်တွင်း အိတ်ထဲမှသွေးစုပ်ဂိုဏ်း၏ သေးငယ်သောရာဇသံအမိန့်ပေးကတ်ပြားလေးကို ထုတ်ပြလေ၏။

လင်းထက်ဆွေက ထိုကတ်ပြားကို အထိတ်တလန့် ကြည့်မိသည်။ ဂူယို့နမ်က ဆက်၍ ရှင်းပြလေ၏။

"ဒီသွေးရာဇသံကတ်ပြား ရောက်ပြီးလို့ သုံးရက်အတွင်းမှာ လူတွေကို သတ်မယ်၊ အဲဒီသွေးတွေနဲ့မျှော်စင်အိမ်ကို သုတ်လိမ်းပြီးမှ ရာဇသံကတ်ပြားကို ပြန်သိမ်းမယ်လို့ ကြေငြာခဲ့တယ်"

လင်းထက်ဆွေသည် သူမ၏လက်ဖဝါးပေါ်မှ သွေးရာဇသံကတ်ပြားလေးကိုကြည့်ပြီး ချိန်းစိန်ဂိုဏ်းသို့အသွား တောင်ခြေရွာက

လေး၌ အမာရွက် သက်တော်စောင့်အဘိုးအိုနှင့် ဆုံခဲ့ရပုံ၊ မိမိကို ခုတုံးလုပ်ကာ ချိန်းစိန်ဂိုဏ်းသားနှစ်ဦးအား သတ်ဖြတ်သွားပုံ၊ အမာရွက် သက်တော်စောင့်အဘိုးအိုက သူ၏လက်ဝါးရိုက်ချက် တစ်ချက်အရိုက်ခံကာ သွေးစုပ်ဂိုဏ်းချုပ်၏ အမိန့်အာဏာထုတ်ပြန်ချက်အပေါ် အသက်ကိုပဓာနမထားဘဲနှင့် ထိန်းသိမ်းသွားခဲ့ပုံတို့ကို ပြန်သတိရလာသည်။

ယခု သူနှင့်အတူ ပါလာခဲ့သောဒုက္ခိတသိုင်းသမားများမှာ ယခင် သိုင်းဂိုဏ်း ခုနစ်ဆယ့်နှစ်ဂိုဏ်းနှင့် တိုက်ခိုက်ရာမှ မသေဘဲ ကျန်ရစ်ခဲ့သော သေမင်းလက်မခံ ဆယ့်သုံးဦးဖြစ်သည်ကို ပြန်လည်တွေးတောမိလာလေတော့၏။

လင်းထက်ဆွေသည် နာကျည်းစွာ ရေရွက်မိလေတော့၏။

"ဪ... လိန်လွယ်ဟာ သွေးစုပ်ဂိုဏ်းချုပ်ကြီး ဖြစ်နေပါကလား၊ သူဟာ သွေးစုပ်ဘီလူး လိန်လွယ်ဖြစ်နေပါကလား"

လိန်လွယ်က လင်းထက်ဆွေအား လူထူးလူဆန်းသဖွယ် ကြည့်ရင်း တစ်ခွန်းချင်း ဆက်၍ပြောလေ၏။

"သွေးစုပ်ဘီလူးမင်း လိန်လွယ်ကို မသိတဲ့လူဆိုလို့ သိုင်းလောကထဲမှတစ်ယောက်မှ မရှိဘူး၊ လိန်လွယ်ဟာ သွေးစုပ်ဂိုဏ်းချုပ်၊ ကျူးအီးတောင်ရဲ့အရှင်သခင်၊ သိုင်းလောကတစ်ခုလုံးရဲ့



ကြောက်စရာအကောင်းဆုံးရန်သူ၊ ဒါကို မင်း မသိဘူးလား၊ မင်းဟာ သူထောင်ထားတဲ့ ကျော့ကွင်းထဲကို ဝင်မိသွားလို့ သွေးစုပ်ဂိုဏ်းသားဖြစ်သွားပြီ မဟုတ်လား"

လင်းထက်ဆွေမှာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာသည်။ သေအံ့မူးမူးအချိန်၌ တသသ တဖွဖွ မှာကြားခဲ့သော ဖူးကျားလို၏ စကားများက သူ့ဦးနှောက်ထဲသို့ တဒိန်းဒိန်း ဝင်ဆောင့်တော့သည်။

ဖူးကျားလိုက သူ့အသက်အသေခံကာ သိုင်းလောကသွေးချောင်းစီးမှုမှ ကာကွယ်ပေးရန် လင်းထက်ဆွေအား အကူအညီတောင်းခဲ့သည်။

တကယ့်အဖြစ်တွင်မူ သူသည် သွေးစုပ်ဂိုဏ်း၏လက်ပါးစေဖြစ်ခဲ့ရချေပြီ။

ဝူယို့နမ်သည် လင်းထက်ဆွေ ငိုင်တွေသွားသည်ကိုကြည့်ပြီး နှုးညံ့ပျော့ပျောင်းစွာ ဖျောင်းဖျစကားဆိုသည်။

"သား... လူကလေး၊ မင်းဘာကြောင့် ဒီလောက်အထိ မိုက်မဲရတာလဲကွယ်၊ မင်းဖေဖေ သက်ရှိထင်ရှားခဲ့တုန်းက သူဟာ သိုင်းလောကမှာ လူစွမ်းကောင်း တစ်ယောက်အဖြစ် ဂုဏ်ထင်ကျော်ကြားခဲ့တယ်၊ သစ္စာတရားနဲ့ အမှန်တန်ရားကို အမြဲတမ်း ဦးထိပ်ထားခဲ့တယ်၊ မင်းငါ့ကို မခင်တွယ်ရင်နေပါကွယ်၊ မင်းဖေဖေရဲ့ ဂုဏ်သိက္ခာကိုတော့ ထိန်းသိမ်းသင့်ပါတယ်ကွယ်"

ထိုစဉ်...

"အား"

ပြင်းပြင်းထန်ထန် အော်ဟစ်လိုက်သော အသံတစ်သံက လင်းထက်ဆွေ၏ နားထဲသို့ စူးရှစွာ တိုးဝင်လာသည်။

မရှေးမနှောင်းမှာပင် အနက်ရောင်ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ဦး အပြေးအလွှားရောက်ရှိလာ၏။

သူမက ဝူယိုနမ်အား အရေးတကြီး အစီရင်ခံနေလေ၏။

"သခင်မ... သခင်မ၊ ဌာနချုပ်တိုက် ဘယ်ညာနှစ်ဘက်စလုံးကို သွေးစုပ်ဂိုဏ်းရဲ့ ဒုက္ခိတ သက်တော်စောင့်တွေ ကျူးကျော်ဝင်ရောက်လာကြပါပြီ၊ ကျွန်မတို့ အပြင်းအထန် ခုခံပေမယ့် လက်ရည်ချင်းမမျှလို့ သေတဲ့လူသေပြီး ဒဏ်ရာရတဲ့လူတွေလဲ တော်တော်များနေပါပြီ၊ ကျွန်မတို့တွေ ဘယ်လိုဆက်လက် ဆောင်ရွက်ရမယ်ဆိုတာ စောင့်မျှော်နေကြပါတယ် သခင်မ"

သူမ အစီရင်ခံနေဆဲမှာပင် တောင်၏ညာဘက်ခြမ်းဆီမှ နာနာကျင်ကျင် အော်ဟစ်သံ အကူအညီ တောင်းခံသံများက အဆက်မပြတ် ထွက်ပေါ်လာသည်။

ဝက်ပါဂူရှင် သခင်မ ဝူယိုနမ်က ချက်ချင်းအမိန့်ပေးလိုက်သည်။

"ကောင်းပြီ၊ အဲဒီကို ညည်းတို့သွားနှင့်ကြ"

အနက်ရောင်ဝတ်စုံဝတ် မိန်းမပျိုလေး ထွက်ခွာသွားသည်နှင့် ဝူယိုနမ်က လင်းထက်ဆွေကို လှမ်းမေးသည်။

"သား... သားဟာ သွေးစုပ်ဂိုဏ်းသား ဖြစ်နေမယ်ဆိုရင်



တော့ သားလက်နဲ့ မေမေ့ကို သတ်သွားပါတော့ကွယ်၊ သားက မသတ်ဘူးဆိုရင်တော့ အဲဒီ သိုင်းလောကရဲ့ ရန်သူတွေကို မေမေသွားတိုက်ရမယ်၊ မေမေဟာ ဝက်ပါဂူရှင်မ ဖြစ်တယ်၊ ဂုဏ်သိက္ခာရှိ တဲ့ သေခြင်းကို မေမေရင်ဆိုင်ရမယ်"

ဝက်ပါဂူရှင် ဝူယိုနမ်မှာ စကားပြောနေရင်းမှ မျက်ရည်များ စီးကျလာသည်။

သူ၏ အသိုက်အမြုံများ ပျက်ဆီးရသည်ထက် လင်းထက်ဆွေနှင့် သူမတို့ ဆန့်ကျင်ဘက်ဖြစ်နေရသည်ကို စိတ်ထိခိုက်နေပုံရသည်။

လင်းထက်ဆွေသည် ဘုမသိ ဘမသိ လွယ်လိန်၏လက်ထဲ သူရောက်ခဲ့ပုံကို နောင်တရမဆုံး ဖြစ်သွားသည်။

သူ့ကို သားဟုခေါ်နေသည့်ကိစ္စကို သူစေ့စေ့တွေးမိလိုက်ပြီး ကတိတစ်ခု ပေးလိုက်လေတော့၏။

"ဒီမှာ ဝက်ပါဂူရှင်မ၊ တခုတော့ စိတ်ချစမ်းပါဗျာ၊ ကျွန်တော် ဒီမှာ ရှိနေသမျှ ကာလပတ်လုံး ဒီ ဒုက္ခိတ သက်တော်စောင့်တွေ လုံးဝ မတိုက်ခိုက်စေရဘူး"

"ဟင်... မင်း... မင်း၊ တကယ်ပြောလိုက်တာလား"

ဝက်ပါဂူရှင် ဝူယိုနမ်မှာ မိမိနားကိုပင် မယုံကြည်နိုင်တော့ပဲ လင်းထက်ဆွေအား တအံ့တဩ ပြန်လည်မေးမြန်းမိလေတော့၏။

## အခန်း(၆၀)
## ဝက်ပါဂူကိုကယ်တင်ခြင်း

လင်းထက်ဆွေ၏ဒေါသတို့သည် မီးပြင်းစွာ ပေးထားသော ဆီပူအိုးထဲမှ ပွက်ပွက်ဆူနေသောဆီများသဖွယ် အငွေ့ထွက် ပွက်ပွက်ဆူနေ၏။

လိန်လွယ်သည် ဒုက္ခိတသိုင်းသမားဆယ်ယောက်ကို ဦးဆောင်ခေါ်ယူသွားပြီး ဝက်ပါဂူသို့ သွားရောက်ဖျက်ဆီးရန် သူ့အား အမိန့်ပေးသည်ကို လင်းထက်ဆွေ ပြန်လည်အမှတ်ရလာသည်။

ယခုမူ သူက မည်သို့မျှ မတိုက်ခိုက်ရသေးဘဲနှင့် ဒုက္ခိတသိုင်းသမားဆယ်ယောက်က ဝက်ပါဂူမှသိုင်းသမကလေးများကို မညှာမတာ သုတ်သင်သတ်ဖြတ်နေလေပြီ။

မိန်သည် မည်မျှ သူတစ်ပါး၏အသုံးချခံဖြစ်နေရပါသနည်း။

လင်းထက်ဆွေသည် ဝက်ပါဂူ၏မ ဂူယို့နမ်ကိုကျော်ဖြတ်လျက် တိုက်ပွဲရှိရာသို့ပြေးလေတော့၏။



"သား... နေဦး၊ မေမေလဲ လိုက်မယ်"

ဂူယို့နမ်၏အသံပေါ်လာသည်။ သို့သော် လင်းထက်ဆွေ လုံးဝဂရုမစိုက်ပေ။

တိုက်ပွဲခေါ်သံသည် ဆူညံနေသည့်နေရာသို့သာ တစ်ဟုန်ထိုး ပြေးတော့သည်။

လူရိပ်များသည် ဝက်ပါဂူပတ်ဝန်းကျင်တွင် ရှုပ်ထွေးနေ၏။

အသေအချာ အကဲခတ်ကြည့်လိုက်သောအခါ အမျိုးသမီးငယ် ဆယ်ဦးကို ဒုက္ခိတသက်တော်စောင့်ဆယ်ဦးက နေရာအနှံ့ လိုက်လံတိုက်ခိုက် သတ်ဖြတ်နေကြသည်ကို တွေ့လိုက်ရ၏။

အမျိုးသမီးကလေးများမှာ အင်အားချင်း မမျှသည့်အပြင် သိုင်းပညာအဆင့်အတန်းအရပါ ကွာခြားနေသဖြင့် မရှုမလှ နောက်ဆုတ်နေရလေ၏။

လင်းထက်ဆွေသည် ထိုအခြင်းအရာကိုမြင်ရလျှင် နှလုံးသွေးများ ဆူပွက်ထကြွလာသည်။ တိုက်ခိုက်နေသည့်ဆီသို့ တစ်ဟုန်ထိုး ပြေးလွှားလာသည်။

ပေငါးဆယ်ခန့်မြင့်သော တောင်ကုန်းပေါ်မှ အောက်သို့ လွှားခနဲ ခုန်ဆင်းလိုက်ပြီး အော်ငေါက်လိုက်သည်။

"လူသတ်ကောင်တွေ... ဒီတစ်ကြိမ်မှာတော့ ခင်ဗျားတို့သေ

ဖြိုလို့သာ မှ ^ကြတော့"

လင်းထက်ဆွေသည် အော်ပြောရင်းမှ လက်ဝါးတစ်ချက်ကို ရိုက်ထုတ်လိုက်သည်။

ဒေါသတကြီး ရိုက်ထုတ်လိုက်သော လက်ဝါးရိုက်ချက်ဖြစ်၍ ပြင်းထန်အားပါလှသည်။

ဒုက္ခိတသက်တော်စောင့်တို့သည် လင်းထက်ဆွေကို သူတို့၏ဂိုဏ်းသားဟု သတ်မှတ်ထားသဖြင့် အမှတ်မထင် အရိုက်ခံလိုက်ရသောအခါ ခုခံရှောင်တိမ်းချိန်မရတော့ပေ။

ဒုက္ခိတသက်တော်စောင့်တစ်ယောက်မှာ လင်းထက်ဆွေ၏ လက်ဝါးရိုက်ချက်ထိကာ ဆယ်ပေအကွာသို့လွင့်စဉ်လျက် သေဆုံးသွားရသည်။

ကျန်လူသုံးယောက်မှာ ထိုအဖြစ်အပျက်ကိုတွေ့မြင်လိုက်ရသောအခါ အကြီးအကျယ် အံ့အားသင့်သွားကြသည်။

လင်းထက်ဆွေကို မယုံကြည်နိုင်သောမျက်လုံးများဖြင့် လှမ်းကြည့်လိုက်ကြသည်။

"လူစွမ်းကောင်းလေး... မင်း... မင်း..."

"ဟုန်း..."

လင်းထက်ဆွေက သူတို့ကို စကားပြောချိန်မပေး။ သိုင်းကွက်ကို တစ်ဆက်တည်း ထုတ်တိုက်လိုက်ပြန်သည်။

"ဘီလူးရန်ရှင်း'တိုက်ကွက်ကို ထုတ်သုံးလိုက်သဖြင့် ဒုက္ခိတသက်တော်စောင့်သုံးဦးမှာ အသေအလဲ ရှောင်တိမ်းလိုက်ကြရသည်။



"လူစွမ်းကောင်းလေး... သစ္စာဖောက် ပုန်ကန်မလို့လား၊ မင်းအသက်ကို မနှမြောဘူးလား"

လင်းထက်ဆွေက တိုက်ကွက်ကိုမရပ်ပဲ တရစပ် တိုက်ခိုက်နေရင်းမှ....

"ဘာလဲ... သစ္စာဖောက် သစ္စာမရှိတဲ့လူတွေကို သစ္စာဖောက်ပုန်ကန်တာ ဘယ်သူအပြစ်ပြောဦးမှာလဲ"

"ဟုန်း..."

လင်းထက်ဆွေ၏ လက်ဝါးရိုက်ချက်ကြောင့် ထိုသူများ ဆယ်ပေကျော်သို့ လွင့်စဉ်သွားကြသည်။ ပါးစပ်မှလည်း သွေးများ စီးကျကာ ဒဏ်ရာရရှိသွား၏။

"အား..."

ထိုစဉ် နာကျင်စွာ အော်လိုက်သည့်အသံတစ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ဝက်ပါဂူရှင်သခင်မ ဂူယို့နန်၏အသံပင်တည်း။

နာနာကျင်ကျင် အော်ဟစ်လိုက်သံကြောင့် လင်းထက်ဆွေ၏ရင်ထဲတွင် ထိတ်သွားရသည်။

သူနှင့်ဂူယို့နမ်တို့ သားအမိဟုတ်သည် မဟုတ်သည်ဟူသော အကြောင်းကိစ္စမှာ မရှင်းလင်းသေးပေ။

ထို့ကြောင့် ဒဏ်ရာအပြင်းအထန်ရရှိသွားသော ဒုက္ခိတသက်တော်စောင့်သုံးဦးကိုဆက်လက် မတိုက်ခိုက်တော့ပဲ အော်သံထွက်ပေါ်လာရာဆီသို့ တစ်ဟုန်ထိုး ပြေးလွှားထွက်ခွာသွားတော့

သည်။

ဒုက္ခိတသက်တော်စောင့်လေးဦးမှာ ဂူယို့နမ်အား အပြင်းအထန် ဝိုင်းဝန်းတိုက်ခိုက်နေကြသည်ကို တွေ့လိုက်ရတော့သည်။

ထိုသူများသည် ဂူယို့နမ်၏ သေကွင်းသေကွက်များကိုသာ အဓိကထား ရွေးချယ်တိုက်ခိုက်နေကြပေသည်။

ဝက်ပါဂူရှင်သခင်မကိုကြည့်ရသည်မှာ အတွင်းဒဏ်ရာရရှိထားပုံရသည်၊

လူ ရှားမှုများက လွန်စွာ နေးကွေးလေးလံနေသည်။ နောက်သို့ဆုတ်လိုဟန်ရှိသော်လည်း လေးယောက်က ဝိုင်းပတ်တိုက်ခိုက်နေသဖြင့် သူမအဖို့ အကြီးအကျယ် ဒုက္ခရောက်နေရှာလေတော့သည်။

လင်းထက်ဆွေမှာ မူလကတည်းက မတော်မတရားမှုများကို ရွံ့မုန်းသူဖြစ်သည်။

ယခုအတိုက်ခံနေရပုံမှာ သိုင်းလောကစည်းကမ်းနှင့်လည်း မညီပေ။

ထို့ပြင် ဝိုဆိုးသည့်တစ်ချက်မှာ ဂူယို့နမ်သည် သူ့အားသားဟု ယိုးစွပ်နေသော အမျိုးသမီးကြီးတစ်ဦး ဖြစ်နေခြင်းပင်။

ဤပွဲမျိုးမှ သူ မဝင်လျှင် အဘယ်ပွဲမျိုး၌ သူ ဝင်ရပါအံ့နည်း။



သူသည် တိုက်ပွဲစည်းအတွင်းသို့ခုန်ဝင်ကာ လေးယောက်စလုံးကို လက်ဝါးဖြင့် ရိုက်ထုတ်ပစ်လိုက်လေ၏။

"လူစွမ်းကောင်းလေး... ကျုပ်တို့ပါ... လူမှားမယ်"

"ဘာ လူမှားရမှာလဲ၊ ခင်ဗျားတို့ကို တမင်တိုက်တာဗျ"

လင်းထက်ဆွေသည် စကားပြောရင်း တိုက်ကွက်များကို ဆက်၍ထုတ်သည်။

"ဝုန်း... ဝုန်း"

ဒုက္ခိတသက်တော်စောင့် လေးယောက်သည် ထိတ်လန့်တကြား နောက်ဆုတ်ရှောင်တိမ်းပေးကြရသည်။

"မင်း... မင်း ဘယ်လိုဖြစ်တာလဲ၊ ကျုပ်တို့ကို ဘာလို့တိုက်ခိုက်ရတာလဲ"

"ဘာမှမမေးနဲ့... ခင်ဗျားတို့ကို ကျုပ်သတ်မယ်"

ဒုက္ခိတလေးဦးမှာ တစ်ဦးနှင့်တစ်ဦး လွန်စွာ နီးကပ်စွာ ရောက်ရှိနေကြသဖြင့် ရှောင်တိမ်းရန် နေရာကျဉ်းကျပ်နေရသည်။

တစ်ယောက်မှာ လင်းထက်ဆွေ၏ရိုက်ချက်ကို အထိခံရမည်မှာ သေချာနေသည်။

ထို့ကြောင့် လေးယောက်စလုံး လင်းထက်ဆွေ၏ရိုက်အားကို ခုခံလိုက်ကြရသည်။

"ဝုန်း..."

အင်အားနှစ်ရိပ်ဆုံမိသဖြင့် လေဟပ်သံပြင်းထန်စွာ ပေါ်လာသည်။

ဒုက္ခိတ သက်တော်စောင့်လေးယောက်၏ ခန္ဓာကိုယ်သည်လည်း ယိမ်း ႏကာ နောက်သို့ဆုတ်သွားကြရသည်။

ထိုဖေးဦးအနက် ညာဘက်မှလူနှစ်ယောက်မှာ ရိုက်အားပြင်းပြင်းကို ထပ်တိုက်ခုခံလိုက်ရသဖြင့် သွေးများ ဝေ့ခနဲ အန်ချလိုက်ကြရလေသည်။

ကျန်လူနှစ်ယောက်မှာ သူတို့၏သွေးသောက်အဖော်နှစ်ယောက် အပြင်းအထန် ဒဏ်ရာရသွားသဖြင့် သွေးသောက်အဖော်နှစ်ယောက်ကို ကူညီရမည်လား။ လင်းထက်ဆွေကို ဆက်လက်ခုခံရမည်လား စဉ်းစား၍မရပဲ ဖြစ်နေကြပေသည်။

ဤလက်ဝါးရိုက်ချက်ကား ကျောက်စိမ်းဓကရာဇ်သိုင်းကျမ်းထဲမှ ပထမသိုင်းကွက်ပေတည်း။

ထိုတစ်ကွက်ကိုပင် နောက်ထပ်ထပ်ထုတ်ပါက ကျန်နှစ်ယောက်လည်း မုချဒဏ်ရာရသွားပေလိမ့်မည်။

"ခဏနေဦး"

ဒုက္ခိတသိုင်းသမားနှစ်ယောက်က လက်ကာတားလျက် နာကျင်သောလေသံဖြင့် ဟန့်တားလိုက်သည်။

လင်းထက်ဆွေ သူ့လက်ဝါးနှစ်ဖက်ကို ပြန်လည်ရုပ်သိမ်းပြီး ထိုသူကို မာဆတ်ဆတ်ပင် ပြန်မေးလိုက်၏။

"ခင်ဗျား... ဘာပြောချင်လို့လဲ"

"မင်းဟာ ကျူးအီးတောင်က သခင်ကြီးရဲ့ အမိန့်ကိုနာခံပြီး ထွက်လာခဲ့တာပဲ၊ ဘာဖြစ်လို့ ဒီလိုဖောက်ပြန်ရတာလဲ"



လင်းထက်ဆွေက ရယ်လိုက်သည်။

"ခင်ဗျားတို့ သခင်ကြီးရဲ့ အမိန့်ကိုနာခံခဲ့တာက သူ့အကြောင်းတွေ မသိခဲ့ရသေးလို့ဘဲ၊ အခုတော့ ခင်ဗျားတို့အကြောင်းတွေကို ကျုပ် သိသွားပြီ၊ ခင်ဗျားတို့ဟာ သိုင်းလောကတစ်ခုလုံးရဲ့ အမိကရန်သူတွေပဲ၊ သွေးစုပ်ဂိုဏ်းမှန်းသိရင် ကျူးအီးတောင်ပေါ်မှာကသည်းက ခင်ဗျားတို့ရဲ့ ဂိုဏ်းချုပ်ကြီးနဲ့ သူသေကိုယ်သေ တိုက်ပြီးပြီဗျ၊ ဒီလို ခုလို ထွက်လာခဲ့မိတာ"

"ဒါပေမယ့် မင်းလက်ဟာ သွေးစွန်းခဲ့ပြီ"

"ဟား... ဟား... ဟား... ဘာဖြစ်လို့ ကျုပ်လက်က သွေးစွန်းရမှာလဲ၊ တစ်ခုတော့ ရှိတာပေါ့လေ၊ သိုင်းသမားဆိုတာကတော့ သူတော်စင်လို ဘယ်သန့်စင်နိုင်ပါ့မလဲ"

"ဟေ... မင်းလက် သွေးစွန်းခဲ့တာ နည်းနည်းနောနော မဟုတ်ဘူးကွ၊ စမ်းစိန်ပန်းဂိုဏ်းနဲ့ နဂါးအဆိပ်တောင်ဂိုဏ်းသားတွေကို မင်းသတ်ခဲ့တာ နည်းတာမှမဟုတ်ပဲ"

လင်းထက်ဆွေသည် သူတစ်ကိုယ်လုံး သွေးများ စွန်းပေခဲ့ရသည့်အဖြစ်ကို ပြန်လည်သတိရလာသည်။

တကယ်တမ်းအားဖြင့် ထိုအဖြစ်များမှာ လိန်လွယ်၏အဆိပ်များကြောင့်ဖြစ်ရာ ပကတိ လင်းထက်ဆွေနှင့်မည်သို့မျှ မသက်ဆိုင်ပေ။

သူ ကျူးလွန်ကောင်း ကျူးလွန်မိမည်ဟု လင်းထက်ဆွေ တွေးမိသည်။

သို့သော် သူ့အား ယုတ်ညံ့သောနည်းများဖြင့် စေခိုင်းခြင်းဖြစ်၍ သူ့တွင် အပြစ်မရှိဟု ခံယူသည်။

လင်းထက်ဆွေက ဒေါသဖြင့် အော်သည်။

"ကျုပ်လက်က သွေးစွန်းတာ ကျုပ် အပြစ်မဟုတ်ဘူးဗျ၊ ခင်ဗျားတို့ရဲ့ အယုတ်တကာဂိုဏ်းချုပ်က ကျုပ်ကိုစိတ်ပြောင်းဘဝမှေ ဆေးတိုက်ပြီး အသုံးချခဲ့တာ၊ ပထမဆုံးအကြိမ် လက်ဖက်ရည်ထဲမှာ ဆေးခတ်တယ်၊ အခု နောက်ဆုံးကျတော့ ကျုပ် သတိထားလိုက်မိလိုက်လို့ပေါ့၊ မျိုချသလိုလုပ်ပြီးမှ ထိန်းချုပ်ထားခဲ့ရတယ်၊ ဒါပေမယ့် အဲဒီဆေးနဲ့ကြောင့် ကျုပ်စိတ်တွေ ဂယောင်ချောက်ချားဖြစ်ခဲ့ရသေးတယ်၊ ဒါပေမယ့် ဒီရောက်တော့ ဆေးတန်ခိုးက ပြယ်နေပါပြီ၊ နို့မို့ဆိုရင် ဘယ်လောက်အထိ ဆိုးဆိုးရွားရွားတွေ လုပ်မိဦးမယ်မသိဘူး၊ ဒီအကြောင်းတွေ ခင်ဗျားတို့သိလျက်သားနဲ့ဘာကြောင့် တမင်ဟန်လုပ်ပြီး မေးနေတာလဲ၊ ကျုပ်ကတော့ ကျုပ်ကိုယ်ကျုပ် သန့်စင်တယ်လို့ပဲ မှတ်ယူထားတယ်ဗျ"

လင်းထက်ဆွေသည် စကားဆုံးသည်နှင့် ရှေ့ဆယ်ပေခန့်ဆီသို့ ရုတ်တရက် ခုန်ဝင်ကာ လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

"အား... အမယ်လေး"

ထိုသူမှာ ရှောင်တိမ်းခုခံချိန်ပင်မရရှာပဲ လွင့်စဉ်ထွက်သွား



ရှာသည်။

ထိုသူမှာ တဝေါဝေါဖြင့် သွေးများ ထိုးအန်နေသည်။ ယခုဆိုလျှင် သုံးယောက်ဒဏ်ရာရရှိသွားပေပြီ။

ကျန်တစ်ယောက်မှာ ထိုသူအား ကူညီရန် ခုန်ထွက်သွားလေသည်။

သို့သော်...

"ဝုန်း..."

လမ်းခုလတ်မှာ လက်ဝါးရိုက်ချက်တစ်ချက်ဝင်လာရာ ထိုသူသည်လည်း ဒလိမ့်ခေါက်ကွေး လွင့်စဉ်ထွက်သွားရပြန်လေသည်။

လင်းထက်ဆွေက ထိုသူခုန်ဝင်မည့်လမ်းကြောင်းအလယ်သို့ ကြိုတင်ခုန်ဝင်ပြီး လက်ဝါးဖြင့် ရိုက်လိုက်ခြင်းဖြစ်ပေသည်။

"ဝေါ့..."

ထိုသူလည်း ပြင်းထန်သောအတွင်းဒဏ်ရာရရှိသွားပြန်လေသတည်း။

"ဒါ ခင်ဗျားတို့ကို ကျုပ် မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမအပြစ်ပေးလိုက်တာပဲ၊ ခင်ဗျားတို့ဟာလဲ ကျုပ်လိုပဲ လိန်လွယ်ရဲ့ လှည့်ဖြားလိမ်ညာတာ ခံနေရတဲ့လူတွေဖြစ်နေတာမို့ လွတ်ရာကျွတ်ရာကိုထွက်သွားကြပါ၊ ကျုပ် သက်ညှာလိုက်မယ်၊ လိန်လွယ်ဆီကိုပြန်မယ်ဆိုရင်လဲ ကျုပ်နဲ့ပတ်သက်ပြီး သတင်းပို့လိုက်ကြပါ၊ လင်းထက်ဆွေဆိုတဲ့ကောင် လောကကြီးမှာရှိနေသမျှ ကာလပတ်လုံး သွေးစုပ်ဂိုဏ်းသားတွေကို ချေမှုန်းပစ်မယ်၊ သိုင်းလောကကြီးရဲ့

ကောင်းကျိုးအတွက် လိန်လွယ်ရဲ့လည်ချောင်းသွေးကို ဖောက်ထုတ်ပစ်မယ်ဆိုတာ ပြောလိုက်စမ်းပါ"

အတွင်းဒဏ်ရာရနေသူ ဒုက္ခိတသိုင်းသမားလေးယောက်သည် တစ်ဦးကိုတစ်ဦး ဖေးမထူထရင်း လေချွန်သံရှည်ကြီးပေးလိုက်ကြသည်။

"ရှီ..."

စူးရှအခံခက်ရသောအသံဆိုးကြီး ထွက်ပေါ်လာပြီးနောက် ဒုက္ခိတသက်တော်စောင့်များ စုံသွားသည်။

ထို့နောက် လင်းထက်ဆွေကို မျက်မှောင်ကြုတ်ကြည့်ကာ ဝက်ပါဂူမှ ထွက်ပြေးသွားကြလေတော့၏။



အခန်း(၆၁)

လင်းအင်ချမ်းဇာ်ဝိညာဥ်ရှု

သွေးစုပ်ဂိုဏ်းမှ ဒုက္ခိတသိုင်းသမား ထွက်ပြေးသွားသည်နှင့် ငရဲမွက်သကဲ့သို့ ဆူညံနေသော ဝက်ပါဂူတစ်ဝိုက်သည် နှင်းမိုးရွာသွန်းချလိုက်သည့်အလား အေးငြိမ်းသွားလေတော့သည်။

လင်းထက်ဆွေသည် ထွက်ပြေးသွားသူများ၏ ကျောပြင်ကို ငေးကြည့်နေမိ၏။

"အင်း... တချီတမောင်းတော့ ပြီးသွားပြီ၊ သွေးစုပ်ဂိုဏ်းဟာ လွယ်လွယ်နဲ့ အရှုံးပေးမယ့်ဂိုဏ်းမျိုးတော့ မဟုတ်ဘူး။ သူကို့ နောက်တစ်ကြိမ် ပြန်လာမှာသေချာတယ်"

သူသည် တီးတိုးရေရွတ်ရာမှ နောက်သို့လှည့်ကြည့်လိုက်မိသည်။

သူ့မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားတော့သည်။

ဝက်ပါဂူရှင် ဂူယို့နမ်မှာ ဂူပေါက်ဝအနီးရှိ ကျောက်ခြသေ့ရုပ်

ကျောပေါ်တွင်မှောက်လျက် သွေးများ အဆက်မပြတ် အန်ထုတ်နေသည်။

ဝက်ပါဂူဂိုဏ်းသားများမှာ သူတို့၏ဂိုဏ်းချုပ်သခင်မကို မည်ကဲ့သို့ ကုသပြုစုရမည်မှန်း မသိတော့ဘဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြသည်။

လင်းထက်ဆွေသည် ဝူယိုနမ်အနီးသို့ လျင်မြန်စွာ ပြေးလာ၏။

ဝက် ဂူဂိုဏ်းသားများကိုလည်း အော်ဟစ်အမိန့်ပေးလိုက်သည်။

"ခင်ဗျားတို့ဂိုဏ်းချုပ် သခင်မကို အထဲခေါ်သွားကြ၊ မိုးရေထဲမှာ ဒီအတိုင်း ပစ်ထားလို့ ဘယ်ဖြစ်မလဲ"

ဝက်ပါဂူဂိုဏ်းသားများသည် သူတို့၏သခင်မကို ဝိုင်းဝန်းထူမကာ မိုးရေထဲ ဂူထဲသို့ချီမသွားကြသည်။

လင်းထက်ဆွေ စမ်းသပ်ကြည့်လိုက်သောအခါ အတွင်းဒဏ်ရာပြင်းထန်စွာ ရှိနေကြောင်း သိလိုက်ရသည်။

"အင်း... လေးယောက်တစ်ယောက်တိုက်ပွဲဆိုတော့ ဝူရှင်မဟာ ဒဏ်ရာအပြင်းအထန်ရရှိသွားတော့တာပေါ့၊ အတွင်းကလီစာတွေ နေရာမပြောင်းလဲပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ"



လင်းထက်ဆွေသည် ဝူယိုနမ်၏ကျောရှိ အရေးကြီးသောအကြောကို လက်ဖဝါးဖြင့်ဖိလိုက်၏။

အတွင်းအားဖြင့် ဝူယိုနမ်၏ကိုယ်အတွင်းရှိ သွေးများကိုလည်ပတ်စေလိုက်သည်။

ဝူယိုနမ်၏ကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားပြီး သွေးများ အဆက်မပြတ် အန်ထွက်လာ၏။

ထို့ကြောင့် လင်းထက်ဆွေမှာ ကြောက်ကြောက်လန့်လန့်ဖြင့် လက်ကိုရုပ်သိမ်းလိုက်မိသည်။

အဆင့်မြင့် ဝက်ပါဂူဂိုဏ်းသားများအား စိတ်ဓာတ်ကျစွာ အသိပေးလိုက်ရတော့သည်။

"ခင်ဗျားတို့ဂိုဏ်းချုပ် သခင်မအတွင်းဒဏ်ရာပြင်းထန်တယ်၊ သွေးတွေက နှလုံးထဲကိုပြန်မရောက်နိုင်တော့ဘူး၊ ဒဏ်ရာက သိပ်ပြင်းထန်နေတော့ အသက်ရှင်ဖို့နည်းလမ်းမရှိသလောက်ပဲ၊ ဒီတော့ စီစဉ်စရာရှိတာတွေကို စီစဉ်ထားကြပါတော့"

"ဟင်...."

ဝက်ပါဂူဂိုဏ်းသားများမှာ မိန်းမသားများသာ ဖြစ်ကြသဖြင့် ဝမ်းနည်းကြေကွဲကာ ရှိုက်ကြီးတငင် ငိုကြွေးကြတော့သည်။

ထိုစဉ် မမျှော်လင့်ပဲ ဝူယိုနမ်၏မျက်လုံးအစုံက ဖြည်းညင်းစွာ ပွင့်လာသည်။

လင်းထက်ဆွေ၏လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ပြီး တိုးညင်းစွာ မေးလေ၏။

"သား....သားလေးရယ်၊ မင်း မေမေ့စကားကို တကယ်ပဲ မယုံကြည်ဘူးလားဟင်"

ဂုယို့နှမ်၏လေသံမှာ လွန်စွာ ကရုဏာသက်ဖွယ် ကောင်းလှသည်။

လင်းထက်ဆွေအား လှမ်းကြည့်နေသည့်အကြည့်မှာ သူမအား မိခင်အဖြစ် သတ်မှတ်ခေါ်ဝေါ်စေချင်သည့်အကြည့် ဖြစ်နေပါသည်။

လင်းထက်ဆွေအနေဖြင့် ဝက်ပါဂူကို ခွဲမသွားခြင်းမှာ 'သားအမိ'ကိစ္စကို မေးမြန်းရန်တစ်ကြောင်း၊ ဒဏ်ရာပြင်းထန်စွာရရှိနေခြင်းကို ကုသပေးလို၍တစ်ကြောင်း အကြောင်းနှစ်ကြောင်းကြောင့် ဖြစ်ပေသည်။

လင်းထက်ဆွေက အားပေးသောအပြုံးကို ပြုံးပြကာ ဝက်ပါ ဂူရှင်မ၏နားအနီးသို့ တိုးကပ်၍ မေးလိုက်လေ၏။

"ကျွန်တော့ကို ဒေါ်ဒေါ်သားဖြစ်တဲ့အကြောင်း အထောက်အထားတစ်ခုခုလောက် ပြနိုင်ရင် သိပ်ကောင်းမှာပဲ ဒေါ်ဒေါ်ရယ်"

ဂုယို့နှမ်၏မျက်လုံးများက တောက်ပလာသည်။

လင်းထက်ဆွေက သူ့အား လက်ခံကာ ရိုရိုသေသေ စကားဆိုလာသဖြင့် ဝမ်းသာကြည်နူးသွားမိသည်။

ပြင်းထန်စွာ နာကျင်နေသည့်တိုင် အံကြိတ်ခံလိုက်ပြီး....

"အထောက်အထားကတော့ ငါနဲ့လင်းအင်ချမ်းတို့ရဲ့ မေတ္တာတရားပဲပေါ့ သားရယ်"



"ဒေါ်ဒေါ်က ဒီလိုပြောနေပေမယ့် ကျွန်တော့်ဆရာကတော့ ကျွန်တော့် မေမေ သေဆုံးသွားခဲ့ပြီလို့ ပြောခဲ့ပါတယ်၊ သေတာဟာလဲ တစ်စုံတစ်ဦး ပယောဂကြောင့်မဟုတ်ပဲ သဘာဝသာသာ ရောဂါဝေဒနာဖြစ်ပြီး သေရတာလို့လဲ ပြောပါတယ်"

"လူလေးရယ်... ဒါတွေဟာ မင်းကို စိမာကမ်းစင်းက လိမ်ညာပြီး ပြောခဲ့တာတွေပါ၊ မင်းမယုံရင် မေမေ့ကို အနောက်ဘက်ခန်းကို ပွေ့ချီခေါ်သွားပါ၊ မေမေ မင်းကို သက်သေပြပါ့မယ်"

ဂုယို့နှမ်၏မျက်နှာထားက အမှန်တကယ်ပြောဆိုကြောင်း ထင်ရှားနေသဖြင့် စဉ်းစားမနေတော့ပဲ သူမကို ပွေ့ချီလိုက်သည်။

ထို့နောက် အနောက်ဘက် အခန်းထဲသို့ဝင်ရောက်သွားတော့သည်။

ထိုအခန်းမှာ စာကြည့်ခန်းတစ်ခန်းကဲ့သို့ ပြင်ဆင်မွမ်းမံထားလေ၏။

တံခါးအဝင်ဝတွင် အနီရောင်ဆေးရဲရဲကို သုတ်လိမ်းထားသောဆိုင်းဘုတ်တစ်ခုရှိပြီး ထိုသစ်သားပြားပေါ်၌ ရွှေရောင်စာတန်းတစ်တန်း ရေးထိုးထားသည်။

"အခွင့်မရှိ မဝင်ရ"

ဝက်ပါဂူဂိုဏ်းသားများမှာ ထိုတံခါးဝသို့ရောက်လျှင် အား

လုံးရပ်တန့်သွားကြသည်။ မည်သူမျှ အထဲသို့လိုက်မဝင်ကြပေ။

လင်းလက်ဆွေက ဝူယို့နမ်ကိုပွေ့ချီပြီး အထဲသို့ဝင်လိုက်သည်။

အခန်းထဲ၌ မည်သည့်အရာဝတ္ထုမျှမတွေ့ရပဲ ရှင်းလင်းနေသည်။

"နောက်ထပ် အနောက်ဘက်ကိုဆက်သွားဦး သား"

နောက်ဘက်အခန်းမှာ အခန်းသုံးခန်းဆက်ထားသောခန်းမကြီးတစ်ခု ဖြစ်ပေသည်။

တံခါး၌ အနက်ရောင်ဆေးသုတ်ထားပြီး ရွှေရောင်စာလုံးဖြင့်'တရားဆောင်'ဟု ရေးသားထားသည်။

ဘေးဘက်အခန်း၌ 'မည်သူမျှမဝင်ရ'ဟူသော ဆိုင်းဘုတ်တစ်ခုကို ချိတ်ဆွဲထားပြန်သည်။

အခန်းထဲတွင်လည်း မည်သည့်ပရိဘောဂပစ္စည်းမျှမရှိပဲ အခန်း၏ ညာဘက်နံရံပေါ်၌ ဝက်ပါဂူ၏ လျှို့ဝှက်မှု ယန္တရားခလုတ်များ တပ်ဆင်ထား၏။

ဘယ်ဘက်နံရံပေါ်တွင်မူ ကြေးပြားအချပ်ပေါင်းတစ်ရာကျော်ကို ချိတ်ဆွဲထားပြီး ဝက်ပါဂူဂိုဏ်းသားများ၏သိုင်းပညာအဆင့်အတန်းကို ရေးထိုးထားသည်။

ထိုအခန်းများကိုဖြတ်ကျော်လိုက်သောအခါ ပြင်ပမှ အလင်းရောင်များ ဝင်လာသည်ကို တွေ့ရလေ၏။

"ဟင်... အခန်းမှမရှိတော့ပဲ"



"ကိစ္စမရှိပါဘူး သားလေး၊ ရှေ့ဆက်လျှောက်ပါ၊ သားကိုပြစရာက ရှေ့က ခြံဝင်းထဲမှာရှိတာပါ"

လင်းထက်ဆွေ အံ့သြသွားသည်။

အလွန်တိတ်ဆိတ် ငြိမ်သက်လှသောခြံဝင်းကြီးတစ်ခုထဲသို့ ရောက်ရှိသွားပြီ ဖြစ်သည်။

ခြံဝင်းထဲ၌ ဝါးရုံပင်များ၊ ချယ်ရီပင်များဖြင့် သာယာလှပနေသည်။

ထိုသစ်ပင်များကြား၌ လှပသေသပ်စွာ ပြင်ဆင်ထားသောအိမ်တစ်ဆောင်ကို တွေ့လိုက်ရ၏။

"အဲဒီအဆောင်ကိုဝင်လိုက် သား"

လင်းထက်ဆွေသည် ခဏမျှ ငေးကြောင်နေပြီးမှ အဆောင်ထဲသို့ဝင်လိုက်သည်။

ဝူယို့နမ်ကို အခန်းတွင်းရှိ ခုတင်ပေါ်၌ လဲလျောင်းချထားရန် ဟန်ပြင်လိုက်မိ၏။

ဝူယို့နမ်က....

"နေဦး သား... အလှပြင်မှန်တင်ခုံကို တွန်းလိုက်ပါဦး"

လင်းထက်ဆွေသည် သူမကိုပွေ့ချီထားရာမှ နံရံကပ်မှန်တင်ခုံကို ခြေထောက်ဖြင့် တွန်းလိုက်သည်။

"ကျွီ..."

မှန်တင်ခုံသည် နံရံတွင်းသို့ဝင်သွားပြီး အလွယ်တကူ ပွင့်သွားသည်။

"ဟင်...."

လင်းထက်ဆွေ အံ့သြသွားသည်။

ထိုမှန်တင်ခုံနောက်၌ လျှို့ဝှက်အခန်းတစ်ခန်း ရှိနေသောကြောင့်ပင်တည်း။

"ဝင်လေ သား၊ ဝင်သာ ဝင်ပါကွယ်"

ဝူယို့နမ်က တိုက်တိုက်တွန်းတွန်း ပြောသည်။ လင်းထက်ဆွေသည် အတွင်းသို့ဝင်လိုက်သည်။

အခန်းတွင်း၌ အလင်းရောင်က မှိန်ပျပျသာ လင်းသည်။

အခန်းထဲတွင် အမွေးတိုင်နှင့်ဖယောင်းတိုင်များ ထွန်းညှိပူဇော်ထားသည့်စားပွဲကြီးတစ်ခုရှိနေပြီး စားပွဲကြီး၏နောက်၌ ပိတ်ကန့်လန့်ကာတစ်ခု ကာရံထားသည်။

ဝူယို့နမ်က ဖျော့တော့စွာ ပြောသည်။

"သား... မေမေ့ကို အောက်ချပေးပါ"

လင်းထက်ဆွေက ဝူယို့နမ်ကိုဖြည်းညင်းစွာ ချပေးလိုက်သည်။

ဝူယို့နမ်က ဒယီးဒယိုင်ဖြင့် လမ်းလျှောက်ကာ စားပွဲရှေ့၌ ဖြည်းညင်းစွာ ထိုင်ချလိုက်တော့၏။

ထို့နောက် ကြေကွဲစွာ ငိုကြွေးတော့သည်။



"အစ်ကို အင်ချမ်း.... အစ်ကိုရယ် ဒီမှာ အစ်ကို့သားလင်းထက်ဆွေ ရောက်လာပြီလေ၊ ထများ ကြည့်ပါဦးတော့လား အစ်ကိုရယ်"

လင်းထက်ဆွေမှာ ဝူယို့နမ်၏အပြုအမူများကို မျက်တောင်မခတ်တမ်း အကဲခတ်ကြည့်နေမိသည်။

ဝူယို့နမ်သည် ကြေကွဲစွာ ငိုကြွေးနေရာမှ လဲကျသွားတော့၏။

လင်းထက်ဆွေမှာ ကပျာကယာ ထိင်ချကာ ဝူယို့နမ်ကို ပွေ့ထူလိုက်လေ၏။

"သား လူလေးရယ်၊ မင်းအဖေလေ မင်းရဲ့အဖေပေါ့"

ဝူယို့နမ်မှာ စကားကိုဆုံးအောင်မပြောနိုင်ပဲ သွေးများ ထိုးအန်သည်။

လင်းထက်ဆွေမှာ ရင်တလှပ်လှပ် ခုန်လှုပ်လာ၏။

သို့သော်လည်း သူမကို သူ့မိခင်အဖြစ် လုံးလုံးလျားလျား လက်မခံရဲသေးပေ။

သူသည် ဝူယို့နမ်ကို ကြမ်းပြင်ပေါ်၌ ခေတ္တပြန်ချလိုက်ကာ စားပွဲခုံနောက်သို့ ခုန်ဝင်သွားပြီး အဖြူရောင်ကန့်လန့်ကာကြီးကို ရှိခနဲ ဆွဲဖယ်ပစ်လိုက်လေသည်။

ကန့်လန့်ကာအတွင်း၌ အုတ်ဂူတစ်ခုရှိနေလေသည်တကား။

အုတ်ဂူပေါ်၌ စာတန်းတစ်တန်းရှိနေပေသေး၏။

"သက်တန့်ပျံစားရှင် လင်းအင်ချမ်း၏ဝိညာဉ်"

လင်းထက်ဆွေ ဖခင်ဖြစ်သူ၏ဝိညာဉ်ခိုနားရာ ဝူဗီမာန်ကိုမမျှော်လင့်ပဲတွေ့လိုက်ရသဖြင့် မင်သက်ငေးကြောင်သွားမိလေတော့သတည်း။



## အခန်း(၆၂)
## တွေကြုံဆုံကွဲမပြဲမမှတ

လင်းထက်ဆွေ၏ မျက်ရည်ပူများသည် မည်သို့မျှ ထိန်းချုပ်၍မရတော့ပဲ တသွင်သွင် စီးဆင်းကျလာလေတော့၏။

"ဖေဖေ... ဖေဖေ"

လင်းထက်ဆွေမှာ ဆောက်တည်ရာမရပဲဖြစ်နေ၏။ မိခင်ဖြစ်သူ ဝူယို့နမ်အပေါ်တွင် ရိုင်းရိုင်းပျပျ ဆက်ဆံခဲ့မိသဖြင့်လည်း ကိုယ့်ကိုယ်ကို လွန်စွာ ဒေါသထွက်နေသည်။

မိခင်ဖြစ်သူကို ပြန်လည်မွေ့ချီကာ မျက်ရည်လည်ရွဲကြီးဖြင့် တောင်းပန်နေရှာတော့၏။

"မေမေရယ်... သားကို ခွင့်လွှတ်ပါနော်၊ သား မေမေ့ကို ရိုင်းရိုင်းစိုင်းစိုင်း စိမ်းစိမ်းကားကား ဆက်ဆံမိတယ်၊ သား... သား... မေမေ့ကို မေမေအရင်းမှန်း မသိလို့ပါ မေမေရယ်၊ သားကို ခွင့်လွှတ်ပါ မေမေရယ်၊ မေမေ သားကိုခွင့်လွှတ်ပါနော်"

ဝူယို့နမ်မှာ သေအုံမှုးမှုးဖြစ်နေသော်လည်း လင်းထက်ဆွေက သူ့ကို မေမေဟုခေါ်ကာ တောင်းပန်နေသဖြင့် အကျေနပ်ကြီး ကျေနပ်ကာ ဝမ်းသာသွားသည်။

သူ့ရင်ထဲမှ အတွင်းဒဏ်ရာ၏ နာကျင်မှု ဝေဒနာကိုပင် တဒင်္ဂ မေ့လျော့သွားရသည်။

"ခွင့်လွှတ်ပါတယ် သားရယ်၊ မေမေ သားကို အမြဲတမ်း ခွင့်လွှတ်ပါတယ်၊ ဒါပေမယ့် သားရယ်... မေမေ... မေမေ... အသက်ရှင်ပြီးနေရတော့မှာ မဟုတ်ပါဘူး၊ မေမေတို့မျိုးဆက်မှာ သားတစ်ယောက်ပဲ ရှိပါတော့တယ်၊ သားက သားဖေဖေရဲ့တာဝန်ကို ဆက်ယူရလိမ့်မယ်၊ တမလွန်တဝက သားဖေဖေက သားကိုဂုဏ်ယူနိုင်အောင် သိုင်းလောကရဲ့အကျိုးကိုဆောင်ရွက်ရလိမ့်မယ်၊ ဒါမှမေမေလဲ မေမေလဲ သေရကျိုးနပ်ရပါလိမ့်မယ် မေမေရယ်"

လင်းထက်ဆွေ ရင်ထဲတွင် နင့်သွားသည်။

ဝူယို့နမ်ကို အတင်းအကျပ် မလွှတ်တမ်း ဖက်ထားလိုက်ပြီး အော်လိုက်သည်။

"မေမေ မသေရဘူး၊ မေမေ့နားမှာ သားရှိတယ်လေ၊ သားရှိနေသမျှ မေမေ မသေရဘူး၊ သားကို မေမေ လုံးဝခွဲမသွားရဘူး"

သားအမိနှစ်ယောက်၏အဖြစ်ကား အမှန်တကယ် ကြေကွဲဝမ်းနည်းစရာပင်တည်း။



"သားရယ်... မေမေ့ကိုယ် မေမေ သိပါတယ်ကွယ်၊ မေမေ မနေရပါဘူး၊ ဒါပေမယ့် မေမေ ကျေနပ်တယ်၊ သားက မေမေ့ကို မေမေလို့ ခေါ်တဲ့အသံလေး ကြားရတာနဲ့ပဲ မေမေက သေပျော်ပါပြီ သားရယ်"

"အို... မေမေရယ်"

လင်းထက်ဆွေက မိခင်ကိုဖက်ပြီး အားပါးတရ ငိုရှိုက်နေမိသည်။

သူ့ဘဝ၏ ကြေကွဲဝမ်းနည်းဖွယ်ကောင်းသော ဖြစ်ရပ်တို့က သူ့နှလုံးသားကို လက်ကြမ်းကြီးဖြင့် ဆုပ်နယ်ဖျစ်ညှစ်နေသည့်အလား ရှိတော့သည်။

အတန်ကြာ ငိုကြွေးနေပြီးမှ လင်းထက်ဆွေက ဝမ်းနည်းစွာ မေးလေ၏။

"မေမေရယ်... သားလေ ဆရာနဲ့ခွဲခွာခဲ့ပြီကတည်းက ဖေဖေ့ကိုသတ်သွားတဲ့သူကို လိုက်ရှာနေပါတယ်၊ ဆရာပြောသလို မေမေ တကယ်မသေဘူးဆိုတော့ ဖေဖေ့ကိုသတ်သွားတဲ့ရန်သူ ဘယ်သူလဲဆိုတာ မေမေ သိရမှာပေါ့နော်၊ သား ကတိပြုသစ္စာဆိုထားပါတယ် မေမေ၊ သား အသက်နဲ့လဲပြီး ဖေဖေ့ကိုသတ်သွားတဲ့လူကိုရှာ

ပြီး တိုက်ခိုက်ပါ့မယ်၊ ဖေဖေ့ကို ဘယ်သူသတ်သွားတာလဲ မေမေ"

ဝူယို့နမ်မှာ လွန်စွာ သွေးဆုတ်နေလေပြီ။ တစ်ကိုယ်လုံးလည်း ဖြူရော်နေလေပြီ။

လင်းထက်ဆွေ၏ မေးခွန်းများကိုကြားသော် မျက်လုံးများကိုအားယူ၍ ဖွင့်ကြည့်၏။

"ရန်သူ... ရန်သူ ဘယ်သူလဲ၊ မေမေ... မေမေ မသိရပါဘူး သားရယ်၊ အဲဒီ... အဲဒီညက မေမေ မြို့ပြင်ကိုရောက်နေခဲ့တယ်၊ ဒါကြောင့် မေမေ မသိလိုက်ရပါဘူး"

"ဖေဖေ အသတ်ခံရတဲ့နေ့က မေမေ အိမ်မှာမရှိဘူး ဟုတ်လား မေမေ"

"ဟုတ်... ဟုတ်ပါတယ်သားရယ်၊ တကယ်လို့ မေမေသာ အိမ်မှာရှိနေခဲ့ရင် တိုက်ရင်းခိုက်ရင်း ခုခံရင်းနဲ့မင်းဖေဖေလို သေရမှာပါပဲ၊ အခုလိုတစ်ယောက်တည်း ဘယ်ကျန်ရစ်ပါ့မလဲကွယ်"

"ဒါဖြင့်ရင် နောက်ပိုင်းမှာကော ဖေဖေ့ကိုသတ်တာ ဘယ်သူလဲဆိုတာ မေမေလိုက်ပြီး မစုံစမ်းဘူးလား မေမေ"

"သားရယ်... မေမေ အခုထက်ထိ အသက်ရှင်နေရတာ အဲဒီကိစ္စကြောင့်ပဲပေါ့ကွယ်၊ မေမေ့မှာ သားဖေဖေရန်ကြွေးကိုဆပ်ဖို့ ရန်သူသတင်းကိုစုံစမ်းရ၊ ပျောက်သွားတဲ့ မင်းကိုရှာဖွေရနဲ့ သောကတွေ အကြီးအကျယ် ရောက်ခဲ့ရပါတယ်၊ အခုတော့ ပြီးမြောက်ခဲ့ပြီပေါ့ သားဖေဖေ... သားဖေဖေရဲ့ရန်ကြွေးကိစ္စကတော့"

"အို... မေမေရယ် စိတ်ချစမ်းပါ၊ သားတစ်ယောက်လုံး ရှိပါသေးတယ်၊ ဖေဖေ့ရန်ကြွေးကို သား တာဝန်ယူပါ့မယ်၊ သားရဲရဲကြီး အာမခံ ကတိပြုပါတယ်မေမေ"

"မေမေ... ဝမ်းသာလိုက်တာ သားရယ်၊ အော်... မေမေ ဆယ့်ငါးနှစ်လုံးလုံး အသက်ရှင်နေရတာ အချည်းနှီးမဖြစ်ခဲ့ဘူး၊ အခုတော့ အခုတော့၊ အဟွတ်... အဟွတ်... အဟွတ်"

ဝူယို့နမ်မှာ ထွက်သွက်ဝင်သက် မမှန်ကန်တော့ပဲ ချောင်းတဟွတ်ဟွတ် ဆိုးနေတော့သည်။

နှုတ်ခမ်းများက တရွရွ လှုပ်နေသော်လည်း စကားသံက တစ်ခွန်းမျှ ထွက်မလာတော့ပေ။

---

မျက်လုံးများကလည်း တောက်ပခြင်း လုံးဝမရှိတော့ပဲ ညှိုးဆိုင်းပြာနှမ်းလာသည်။

လင်းထက်ဆွေက မိခင်ကြီးအား အလန့်တကြား အော်ဟစ်ခေါ်နေမိသည်။

"မေမေ... သတိထားပါဦး မေမေရယ်၊ သား ရှိတယ်လေ၊ မေမေ့နားမှာ သားရှိနေပါတယ်"

ဝူယို့နမ်၏နှုတ်ခမ်းယှဲ့ယှဲ့အသံလေးက လေသံမျှ ထွက်ပေါ်လာသည်။ သူ့ကိုယ်သူ လက်လျှော့လိုက်ဟန်တူပေသည်။

"မရတော့ပါဘူး သားရယ်၊ မေမေ မနေရတော့ပါဘူး"

လင်းထက်ဆွေသည် သူ၏အတွင်းအားများဖြင့် ဝူယို့နမ်၏ ထွက်သက်ကို ဆွဲငင်ကုသထားရန် ကြိုးစားကြည့်မိသည်။

သို့သော် ဝူယို့နမ်၏အတွင်းဒဏ်ရာက ပြင်းထန်လှသည်။

လင်းထက်ဆွေ ကြိုးစားမှုမှာ အရာမရောက်နိုင်အောင် ဖြစ်နေရသည်။

လင်းထက်ဆွေသည် ပူဆွေးဝမ်းနည်းနေရာမှ ရုတ်တရက် တစ်စုံတစ်ခုကို သတိရမိကာ ဝူယို့နမ်၏နားနားသို့ကပ်ပြီး အရေးတကြီး မေးလိုက်မိသည်။

"ကြူလုံပေါင်း ဂိုဏ်းချုပ်ကြီးနဲ့ ကွမ်းကတော်ကြီးက သားနဲ့ ဘာတော်သလဲ မေမေ"

"ဟင်...."

အသက်ထွက်လုဆဲဆဲ ဝူယို့နမ်မှာ အထိတ်တလန့်ဖြစ်သွားပြီး တစ်ကိုယ်လုံး တုန်သွားသည်။

အလွန်တရာ အင်အားကြီးမားသော မေးခွန်းပေတည်း။

"မင်း... မင်းပြောတာ ဘယ်သူလဲ သား"

လင်းထက်ဆွေမှာ မမျှော်လင့်ပဲ မိခင်ဖြစ်သူထံမှ စကားသံ ထွက်ပေါ်လာသဖြင့် အားတက်သွားသည်။

အလျင်အမြန်ပင် ပြန်ဖြေ၏။

"ကြူလုံပေါင်းဂိုဏ်းချုပ်ကြီးရဲ့ဇနီးလေ မေမေရဲ့"

ဝူယို့နမ်၏လေသံက သိသိသာသာ တုန်ယင်လာပြီး ကျယ်ကျယ်လောင်လောင်ကလေး ဖြစ်လာသည်။



"ရဲ့ဖုံးလိမ်ကိုပြောတာလား... သူ... သူက မင်းကိုဘာပြောသလဲ၊ ဘာတွေ ပြောလိုက်သလဲ သား"

ဝူယို့နမ်မှာ မေးရင်းပင် လင်းထက်ဆွေ၏လက်မောင်းကို သူမ၏လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

တစ်စုံတစ်ယောက်သောသူက လင်းထက်ဆွေအား သူ့လက်တွင်းမှ လာရောက်လုယူ ခေါ်ငင်သွားမည်ကိုစိုးရိမ်နေသည့်အလား ရှိပေသည်။

"သူကပြောတယ် မေမေ၊ သားက သူ့ရဲ့သား ဖြစ်တယ်တဲ့"

ဝူယို့နမ်မှာ တစ်ကိုယ်လုံး တုန်လှုပ်လာသည်။

လင်းထက်ဆွေ လွတ်ထွက်သွားမည့်အလား တင်းကျပ်စွာ ဖက်ထားသည်။

"သား သား... သူ့စကားကို မယုံပါနဲ့ကွယ်၊ သူက ကောင်းတဲ့မိန်းမတစ်ယောက် မဟုတ်ဘူး၊ မင်းဟာ မေမေ့သား၊ မေမေ့ သားအရင်း၊ မေမေ့ သားအရင်းပါ သားလေးရယ်"

လင်းထက်ဆွေသည် သေအံ့ဆဲဆဲမိခင် ကျေနပ်သွားစေရန် နှစ်သိမ့်စကားဆိုရတော့သည်။

"မေမေရယ်... သားဟာ မေမေ့သားပါ၊ မေမေ့သားပါ မေမေရယ်၊ သားစိတ်ထဲမှာ ဘယ်လိုမှမနေပါဘူး"

ဝူယို့နမ်မှာ အမောဖောက်လာသည်။ သို့သော်လည်း သူမ၏ သတိတရားက ခန္ဓာကိုယ်မှ ကင်းပြတ်မသွားသေးပေ။

လင်းထက်ဆွေကို ရုတ်တရက် တွန်းဖယ်ကာ ရင်ခွင်ထဲမှ ဆတ်ခနဲ ထထိုင်လိုက်သည်။

"သားကို စီမာကမ်းစင်း မသေခင်က ဘာမှပြောမသွားဘူးလား"

လင်းထက်ဆွေက ခေါင်းခါပြလိုက်သည်။

"ပြောမသွားခဲ့ဘူး မေမေ၊ သားလဲ ဆရာ့စကားကို နားထောင်ပြီး ဓားမြတ်ကိုဂရုစိုက်နေရလို့ ဆရာ ဘယ်လိုဖြစ်ရတယ်ဆိုတာတောင် ကောင်းကောင်း မသိရပါဘူး"

"စီမာကမ်းစင်းလဲ အသတ်ခံရတာပဲလား"

"ဟုတ်ကဲ့"

"ဘယ်သူ့လက်ချက်ကြောင့်လဲ သား"

"သား... သားလဲ မသိဘူး မေမေ"

"မသိဘူး... ဟုတ်လား"

"ဟုတ်တယ် မေမေ၊ ဒါပေမယ့် ဆရာ့ကိုသတ်မယ်ဆိုတဲ့ရှိန်းဆို စာတစ်စောင်တော့ သား ရထားခဲ့ပါတယ်၊ အဲဒီစာရဲ့အောက်ဘက်မှာ အနီရောင်ငှက်တောင်မွေးတစ်ချောင်းကို အထိမ်းအမှတ်တစ်ခုအဖြစ် ရေးခြစ်ထားတယ်"

"အနီရောင်... အနီရောင်ငှက်တောင်မွေး ဟုတ်လား"

ဝူယို့နမ်၏မျက်နှာပေါ်မှ အကြောများ တဆတ်ဆတ် တုန်ခါလာပြန်၏။



သေရမည့်အချိန်က ကျောဘက်တွင်ကပ်နေပြီး ဖြစ်သော်လည်း သတိတရားကို အတင်းထိန်းချုပ်ကာ တတွတ်တွတ် မြည်တမ်းရေရွတ်နေပြန်သည်။

"သူ... သူပါပဲလား၊ သူက စီမာကမ်းစင်းကို ရှာတွေ့သွားခဲ့ပြီလား"

လင်းထက်ဆွေက အလုအယက် ဖြတ်မေးသည်။

"အနီရောင်ငှက်တောင်မွေး အထိမ်းအမှတ်နဲ့လူဟာ ဘယ်သူလဲ မေမေ၊ သူ့ကို မေမေ သိသလား"

ဝူယို့နမ် ရှုံ့မဲ့လိုက်သည်။ အိပ်မက်ထဲတွင် ယောင်ယမ်းစကားပြောသူတစ်ဦးကဲ့သို့ ပလုံးပထွေး ပြောနေပြန်သည်။

"အနီရောင်... အနီရောင်ငှက်တောင်မွေးဆိုတာ ရဲ့ဖုံးလိမ်ပဲဖြစ်ရမယ်"

လင်းထက်ဆွေမှာ ထိုစကားကြားလိုက်ရလျှင် နှလုံးသွေးများ ပွက်ပွက်ဆူလာတော့သည်။

"ရဲ့ဖုံးလိမ်ဟာ အနီရောင်ငှက်တောင်မွေးပိုင်ရှင်လား မေမေ... ဟုတ်လားဟင်"

"အနီရောင်ငှက်တောင်မွေးကို အနီရောင်ငှက်တောင်မွေးလို့ မခေါ်ဘူး"

"ဒါဖြင့် ဘယ်လိုခေါ်သလဲ မေမေ"

"..... ..... ....."

ဝူယို့နမ်၏လေသံက ထွက်မလာ။ နှုတ်ခမ်းသာ လှုပ်နေသည်။ လင်းထက်ဆွေ အားမလို အားမရဖြစ်ကာ သူမကို ကိုင်လှုပ်မေးမိသည်။

"မေမေ.. ဖြေပါဦး မေမေ၊ သား မေးနေတာကို ဖြေပါဦး"

"ဝေါ့... ဝေါ့"

ဝူယို့နမ်မှာ သွေးများ ထပ်မံအန်ပြန်သည်။ စိတ်လှုပ်ရှားလွန်းသဖြင့် သူမ၏ဝေဒနာ အထွတ်အထိပ်သို့ တက်လာသည်။

သို့ရာတွင် သူမက အားတင်း၍ စကားပြောပြန်လေ၏။

"ဟိုတစ်ချိန်က... ဟိုတစ်ချိန်က ရဲ့ဖုံးလိမ်"

"သိုင်းလောကမှာ သူကလွဲလို့ ဘယ်သူမှ ဒီလိုအမှတ်အသားတစ်ခုကို..."

ဝူယို့နမ်၏အသံက ထွက်မလာတော့။ လင်းထက်ဆွေ အံကိုတင်းတင်း ကြိတ်လိုက်သည်။

"တောက်... ရဲ့ဖုံးလိမ်၊ ခင်ဗျားက ကျုပ်ဆရာကိုသတ်ပြီး ကျုပ်ကိုလဲ ခင်ဗျားရဲ့သားလို့ မဟုတ်မဟတ်တွေ စွပ်စွဲနေသေးတယ်၊ ကျုပ်ကသာ ယုံရင် ကျုပ်ကို အချိုးသပ်ပြီး သတ်ဦးမှာပေါ့၊ ဟင်း... ခင်ဗျားနဲ့ မရှင်းရသမျှ ကာလပတ်လုံး ကျုပ် မကျေနိုင်ဘူး"

လင်းထက်ဆွေ၏ ဒေါသတကြီး ကြုံးဝါးလိုက်သံကြောင့် ဝူယို့နမ်မှာ မျောနေရာမှ သတိလည်လာပြန်သည်။

"မ... မဖြစ်ဘူး၊ သား... သား၊ မင်း သူ့ကိုမသတ် မသတ်ရဘူး"



"မေမေရယ်... ဖေဖွေရန်ကြွေး ဆရာ့ရန်ကြွေးကို တာဝန်ကျေကျေနဲ့တိုက်ခိုက်ရမယ်၊ သား သူ့ကို လက်စားချေရမယ်"

"မဖြစ်ဘူး... မဖြစ်ဘူး၊ မလုပ်ရဘူး"

သူမ၏အသံက တိုးတိမ်ဝင်သွား၏။

"မေမေ... မေမေ"

ဝူယို့နမ်မှာ ထိုမျှသာ ပြောနိုင်တော့သည်။ ထို့နောက် ဇက်ကျိုးကျကာ အသက်ထွက်သွားလေတော့၏။

"မေမေ... မေမေရယ်၊ သားကို ထားခဲ့ပြီလား၊ မေမေရယ်"

လင်းထက်ဆွေသည် စိတ်ရှိလက်ရှိ အော်ဟစ်ငိုကြွေးလေတော့၏။

သူ့ငိုရှိုက်သံများက အခန်းနံရံများကိုရိုက်ခတ်ကာ ပဲ့တင်ထပ်နေသည်။ ဝူယို့နမ်ကား မပြန်လမ်းသို့သွားခဲ့ရချေပြီ။

သူမ တစိုက်မတ်မတ် ရှာဖွေခဲ့သောသားနှင့် သိုင်းလောကကြီးတစ်ခုလုံးကို စွန့်ခွာကျောခိုင်းခဲ့ချေပြီ။

သြော်... တွေ့ကြုံဆုံကွဲ မမြဲမခိုင်မွေတာဟူသော တရားသဘောသည် သူတို့ကိုယ် သူတွေ့ခဲ့ရင်သူများ၊ ကြမ်းတမ်းသူများဟု ကြွေးကြော်ခဲ့ကြသည့်သိုင်းလောကသားများကိုလည်း လွှမ်းခြုံရစ်ပတ်မြဲ ရှိနေလေသည်တကား။

## အခန်း(၆၃)
## မိန်းမတို့၏သဘော

လင်းထက်ဆွေ၏ရင်ထဲတွင် ဒေါသမီးလျှံ အမုန်းမီးလျှံများက တညီးညီး တောက်လောင်နေသည်။

သူ့ဖခင် သေဆုံးသွားခဲ့ရသည်ကို သူ မသိမမြင်ခဲ့ရသော်လည်း ယခု သူ့ရှေ့တွင် သူ့မိခင် သေဆုံးသွားရာလေပြီ။

သူ့မိခင် သေဆုံးရသည်မှာ သွေးစုပ်ဂိုဏ်းချုပ် လိနဲ့လွယ်၏လက်ချက်ပယောဂကြောင့်ဖြစ်သည်ကို မည်သို့မျှ သံသယဖြစ်ရန် အကြောင်းမရှိချေ။

သွေးစုပ်ဂိုဏ်းချုပ်ကိုယ်တိုင်က သူ့အား ဝက်ပါဂူကိုဖြို့ဖျက်ခိုင်းခဲ့သည် မဟုတ်ပါလား။



လင်းထက်ဆွေမှာ သူ့ကိုယ်သူလည်း ဒေါသဖြစ်နေမိသည်။

သူရဲကောင်း ဖူးကျားလိုအား သွေးစုပ်ဂိုဏ်းသားများက ဖမ်းချုပ်ထားသည့်နေရာကိုသာ သွေးစုပ်ဂိုဏ်း၏ဌာနချုပ်ဟု မှတ်ယူထားခဲ့မိသည်။

ထိုစဉ်က တွေ့ခဲ့ရသော သွေးမျှော်စင်အိမ်နှင့် သွေးအကျဉ်းထောင်သည် ကျူးအီးတောင်နှင့် တခြားစီဖြစ်နေသည်ကို ယခုမှ သိရှိရတော့သည်။

ထိုသို့ အမြင်မှားနေခဲ့သဖြင့် လိနဲ့လွယ်နှင့်ဒုက္ခိတသိုင်းသမားများကို သွေးစုပ်ဂိုဏ်းသားများအဖြစ် မသိခဲ့ခြင်းဖြစ်ပေသည်။

အခြားတစ်ချက်မှာ သူ့လက်ဝါးအရိုက်ခံပြီး ထွက်ပြေးသွားသည့် အမာရွတ်နှင့် သေမင်းလက်မခံသိုင်းသမားအဘိုးအိုကို ကျူးအီးတောင်၌ မတွေ့ခြင်းကြောင့် လိနဲ့လွယ်၏ဂိုဏ်းကို သွေးစုပ်ဂိုဏ်းအဖြစ် လုံးဝမထင်မှတ်ခဲ့ခြင်း ဖြစ်ပေသည်။

ဝူယို့နမ်၏ဈာပနကိစ္စကို လင်းထက်ဆွေက အကျဉ်းရုံးစီစဉ်သည်။

လင်းထက်ဆွေအနေဖြင့် ဂိုဏ်းဂဏနှင့် နေဖူးခဲ့သူမဟုတ်ပေ။ သို့ရာတွင် ဝက်ပါဂိုဏ်းသူများ၏ အမိမဲ့သား ရေနည်းငါးသဖွယ်

ညှိုးငယ်သောမျက်နှာများကို တွေ့မြင်ရသောအခါတွင်မူ ဝက်ပါဂိုဏ်း၏ရှေ့ရေးကို စဉ်းစားရတော့သည်။

လင်းထက်ဆွေသည် သူ၏မကျေနပ်စိတ်၊ ဒေါသစိတ်တို့ကို ချုပ်တည်းကာ ဝက်ပါဂူအတွင်း၌ သုံးရက်ခန့် ခိုအောင်းနေထိုင်သည်။

မိခင်၏အုတ်ဂူကို မှုန်းမံကာ စိတ်တိုင်းကျ ဝေယျာဝစ္စများ ဆောင်ရွက်ပေးသည်။

သုံးရက်မြောက်သောနေ့၌ ဝက်ပါဂူတွင် နေထိုင်လိုစိတ်မရှိတော့ပေ။

ထို့ကြောင့် ဝက်ပါဂူကို အုပ်ချုပ်စောင့်ရှောက်ရန် ဂိုဏ်းသားထဲမှ အကြီးဆုံး ပထမအဆင့်ဂိုဏ်းသားတပည့်မ ကွေသန်းဖုံးကို တာဝန်လွှဲအပ်ပေးခဲ့သည်။

မှာစရာရှိသည်တို့ မှာကြားပြီးနောက် သူသည် ဝက်ပါဂူမှ ထွက်လာခဲ့တော့သည်။

လင်းထက်ဆွေသည် ဝက်ပါဂူမှထွက်လာလာချင်း မည်သည့်အရပ်သို့ စတင်ခြေဦးလှည့်ရမည်ကို စဉ်းစား၍မရပဲ ရှိသည်။

အတန်ကြာမှ ဤအရပ် ဤဒေသသည် ကြူလုံပေါင်းဂိုဏ်းနှင့် အနီးစပ်ဆုံးနေရာဖြစ်ကြောင်း သတိရမြီး ကြူလုံပေါင်းဂေဟာသို့ သွားရန် ဆုံးဖြတ်လိုက်၏။

ကြူလုံပေါင်းတွင် ရဲ့ဖုံးလိမ်ကိုတွေ့ရမည် မဟုတ်ပါလား။

ကြူလုံပေါင်းမှာ လင်းထက်ဆွေ ရောက်ဖူး ပေါက်ဖူးသည့်နေရာဖြစ်သည်။



အချိန်က နေဝင်မိုးချုပ်လုနီးပြီဖြစ်သော်လည်း လမ်းတွင် နားခိုခြင်းမရှိပဲ တရစပ် ပြေးလွှားသွားပါက ညသန်းခေါင်ကျော် နှစ်ချက်တီးခန့်အချိန်တွင် ကြူလုံပေါင်းသို့ရောက်ရှိနိုင်ကြောင်း သူ တွက်ဆမိသည်။

ညဥ့်သန်းခေါင်မကျော်မီပင် ကြူလုံပေါင်းကိုလှမ်းမြင်နိုင်သောနေရာသို့ ရောက်ရှိလာသည်။

ကြူလုံပေါင်းခြံဝင်းထောင့်မှ ကင်းမျှော်စင် အမိုးချွန်ချွန်များကို စတင်မြင်လိုက်ရခြင်းဖြစ်၏။

လင်းထက်ဆွေသည် ကြူလုံပေါင်းနှင့်နီးလာလေလေ ရင်ခုန်လာလေလေ ဖြစ်နေသည်။

"ချွင်...."

"ချလွမ်း"

"ဝုန်း...."

လင်းထက်ဆွေ ပြေးလာနေစဉ်ပင် ကြူလုံပေါင်းရှိရာအရပ်ဆီမှ အော်ဟစ်သံများ၊ ဓားချင်း ထိခတ်သံများကိုကြားလိုက်ရသည်။

တိုက်ပွဲဖြစ်နေသည့်အခြင်းအရာပင်တည်း။ အဘယ့်ကြောင့် ကြူလုံပေါင်း၌ တိုက်ပွဲဖြစ်နေရသနည်း။

ထိုသို့တွေးနေစဉ်မှာပင် မီးခိုးလုံးများက ကောင်းကင်ပေါ်

သို့ ရုတ်တရက် တလိပ်လိပ် တက်လာသည်။

ကြူလုံပေါင်းမြို့ရိုးများဆီမှ တက်လာသော မီးခိုးလုံးများပေတည်း။

လင်းထက်ဆွေ၏စိတ်ထဲတွင် အကြီးအကျယ် အံ့သြနေမိတော့သည်။

ကြူလုံပေါင်းဂေဟာမှာ တရုတ်ပြည် တစ်ပြည်လုံး၌ လုံခြုံမှုတွင် နာမည်အကြီးဆုံးဂေဟာတစ်ခုဖြစ်ပေသည်။

ကြူလုံပေါင်းဂိုဏ်းကိုသိုင်းလောကသားများထဲမှ မည်သူတစ်ဦးတစ်ယောက်ကမျှ ကျူးကျော်စော်ကားဝံ့ခြင်းမရှိပေ။

ကြူလုံပေါင်းဂိုဏ်း၏ သိုင်းသမားများမှာ တကယ့်ဒိတ်ဒိတ်ကြဲ အကျော်အမော်များ ဖြစ်ကြပေသည်။

ယင်းကဲ့သို့ အကောင်းများချည်းသာ စုစည်းထားသည့် ကြူလုံပေါင်း ကျားကြီး၏ငယ်ထိပ်ကို အဘယ်သို့သော အဟိတ်တိရစ္ဆာန်တစ်ကောင်ကောင်က လှမ်းပုတ် ဆော့ဝံ့ပါမည်နည်း။

မည်သို့သောလူက ကြူလုံပေါင်းကို အံတုစော်ကားဝံ့ပါမည်နည်း။

ကြူလုံပေါင်း ခြံဝင်းကြီးအတွင်း၌ မီးတောက်မီးလျှံများထွက်နေ၏။ မီးခိုးများလည်း အူထွက်နေသည်။

လင်းထက်ဆွေသည် တွံ့နေးခြင်းမရှိဘဲ အုတ်နံရံကို ခုန်ပျံကျော်လွှားလိုက်သည်။

အဆောင်တစ်ဆောင်၏ ခေါင်မိုးပေါ်သို့ လင်းထက်ဆွေ ခုန်



တက်လိုက်ပြန်သည်။

ကြူလုံပေါင်းဂေဟာအတွင်း၌ ဖြစ်ပျက်နေသည့် စိတ်ပျက်ဖွယ်မြင်ကွင်းတို့ကို မျက်မြင်တွေ့မြင်လိုက်ရတော့သည်။

အနောက်ဘက်၌ လူရိပ်ဆယ်ရိပ်သည် လေပွေတိုက်ခတ်သည့်အလား ချာလပတ် ယမ်းနေကြသည်။

ဓားရောင်များ၊ သံ့သံ့ချင်း ထိခတ်သံများက အဆက်မပြတ်ဆူညံနေသည်။

အနီရောင်ဝတ်စုံဝတ်ဆင်ထားသော အမျိုးသမီးကြီးတစ်ယောက်တည်း အဝိုင်းခံထားရသည့်နေရာမှ ထိုးဖောက်ထွက်နိုင်ရန် အပြင်းအထန် တိုက်ခိုက်နေသည်။

လင်းထက်ဆွေ၏ဒေါသများ ပေါက်ကွဲထွက်လာပြန်လေသည်။

ရန်သူဆယ်ယောက်၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်းခံနေရသူမှာ နတ်ကျာပွတ်မယ် ကွမ်းရဲစမ်းဖြစ်နေသောကြောင့်ပေတည်း။

ကြူလုံပေါင်းဂိုဏ်းချုပ်ကြီးနှင့်ဇနီးတို့ကိုလည်း လင်းထက်ဆွေ မတွေ့ရပေ။

လင်းထက်ဆွေသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေအားတော့ပဲ အိမ်ခေါင်မိုးပေါ်မှခုန်ဆင်းလိုက်သည်။

"ကွမ်းရဲစမ်း... မကြောက်နဲ့ ငါ လာပြီ"

လင်းထက်ဆွေသည် ရန်သူများအကြားသို့ ရောက်ရှိသည်နှင့် သူ၏ပြင်းထန်လှသော လက်ဝါးသိုင်းကွက်များကို ရိုက်ထုတ်လေ

တော့၏။

ရန်သူများ ရှဲခနဲ နောက်ဆုတ်သွားကြသည်။

ကျားပွတ်မယ် ကွမ်းရဲစမ်းသည်လည်း အကျဉ်းအကျပ်ထဲ တွင် လင်းထက်ဆွေ၏အသံကို ကြားလိုက်ရသဖြင့် လွန်စွာ အား တက်သွား၏။

လင်းထက်ဆွေကိုလှမ်း၍ နှုတ်ဆက်လိုက်သည်။

"အစ်ကို... လင်းထက်ဆွေ"

လင်းထက်ဆွေ၏ လက်ဝါးရိုက်ချက်ကြောင့် လူဆယ်ဦးမျှ နောက်သို့ဆုတ်သွားရသည်။

လင်းထက်ဆွေသည် ကွမ်းရဲစမ်းအား စကားမပြောအား တော့ပေ။

ဝိုင်းတိုက်နေသည့်ရန်သူများကိုသာ ကြည့်မိသည်။ လင်း ထက်ဆွေမှာ ဟာခနဲ ဖြစ်သွားမိလေတော့၏။

လင်းထက်ဆွေက ရန်သူအဘိုးကြီးအား လှမ်းအော်လိုက် သည်။

"အမာရွက် အဘိုးကြီး... ခင်ဗျားကို ချိန်းစိန်တောင်ခြေ ဆုံးမခဲ့တာ မမှတ်သေးဘူးလား"

ကွမ်းရဲစမ်းကို ဝိုင်းဝန်းတိုက်ခိုက်နေသူများကား သွေး



ဂိုဏ်းသားများ ဖြစ်နေသတည်း။

အမာရွက် သက်တော်စောင့်အဘိုးအိုက သွေးစုပ်ဂိုဏ်းသား များကိုဦးဆောင်ကာ တိုက်ခိုက်နေခြင်းဖြစ်၏။

အဘိုးအိုက အေးတိအေးစက် ရယ်၏။ သူ့မျက်နှာကြီးမှာ ရယ်လေ အရုပ်ဆိုးလေ ဖြစ်နေသည်။

"ဟဲ... ဟဲ... ဟဲ၊ လက်စသတ်တော့ မင်းကိုး"

"ခင်ဗျားက ကျုပ် ရောက်လာလိမ့်မယ်လို့ မမျှော်လင့်ဘူး ပေါ့၊ အခုတော့ ခင်ဗျား ကံဆိုးသွားပြီးမှတ်ပေတော့"

အဘိုးအိုက ဣန္ဒြေမပျက်ပင် ပြန်ပြောသည်။

"နေပါဦး... အခု မင်းက ဘာဝင်လုပ်တာလဲ"

လင်းထက်ဆွေ ဒေါပွသွား၏။

"အဲဒီစကားကို အခု မမေးနဲ့ဦး၊ မြေကြီးထဲရောက်တော့မှ မေး"

"နေစမ်းပါဦး... မင်းလုပ်တာတွေကို ငါတော့ လုံးဝသဘော မပေါက်ဘူး၊ မင်းဟာ ဝက်ပါဂူမှာ တာဝန်ကျတာပဲ၊ ဝက်ပါဂူကိစ္စ ပြတ်သွားပြီလား"

လင်းထက်ဆွေသည် ထိုမေးခွန်းကြောင့် ဆတ်ခနဲ တုန် သွားသည်။

ဖြစ်ပြီးခဲ့သမျှကို ပြန်ဆွပေးသကဲ့သို့ ခံစားလိုက်ရသဖြင့် ဒေါသက အလိပ်လိုက် တက်လာတော့သည်။

"ခင်ဗျား ပါးစပ်ပိတ်ထားလိုက်စမ်း၊ ကျုပ် ဘယ်သူ့အမိန့်ကို

မှ နာခံတတ်တဲ့ကောင် မဟုတ်ဘူး"

"ဟား... ဟား... ဟား"

အမာရွက် သက်တော်စောင့်အဘိုးအိုက ခေါင်းမော့ကာ အားပါးတရ ရယ်မောလိုက်သည်။

"မင်းနဲ့ကျူပ်ဟာ သခင်တစ်ယောက်တည်းရဲ့ လက်အောက်က လူတွေပါကွာ၊ တို့တတွေက လူစွမ်းကောင်းဆယ့်ရှစ်ယောက်နဲ့ ကိစ္စတစ်ခုရှိလို့ တောင်ပေါ်က ထွက်သွားခဲ့ကြရတယ်၊ မင်းနဲ့ပတ်သက်တဲ့ကိစ္စတွေကို ကျူပ် မသိဘူးလို့များ ထင်နေသလား"

"ကယောင်ကတမ်း စကားတွေပြောမနေစမ်းနဲ့ သေဖို့သာ ပြင်ထားပေတော့"

လင်းထက်ဆွေ စကားများများ မပြောချင်တော့။ သူ့ဒေါသက သူ့ကိုစကားပြောခွင့်မပေးတော့ပေ။

ရှေ့သို့ခြေလှမ်းသုံးလှမ်းခန့် တိုးတက်လိုက်ပြီး လက်ဝါးနှစ်ဖက်ကိုခွဲကာ အမာရွက်သက်တော်စောင့်အဘိုးအို၏ ငယ်ထိပ်ပေါ်သို့ တစ်ဟုန်ထိုး ရိုက်ချလိုက်တော့သည်။

"ဝှီး..."

ရိုက်အားမှာပြင်းထန်ပြီး အရှိန်နှုန်း လျှင်မြန်သွက်လက်လှပေသည်။

အမာရွက်သက်တော်စောင့်အဘိုးအိုက သူ့ရိုက်ချက်ကိုပြန်လည်မခုခံဘဲ ကိုယ်ကိုတိမ်းစောင်းကာ ခုနစ်ပေအကွာသို့ ခုန်ဆုတ်ရှောင်တိမ်းသွားသည်။



"သွေးမျှော်စင်အောက်က ညီနောင်သားချင်းချင်း ဘာဖြစ်လို့ ရန်မီးခင်းရမှာလဲ"

အမာရွက်အဘိုးအိုက အော်ဟစ်လိုက်၏။

လင်းထက်ဆွေသည် သွေးစုပ်ဂိုဏ်းဝင်တစ်ယောက်မဟုတ်သည့်အတွက် သူတို့၏ဆောင်ပုဒ်ကို နားမလည်ပေ။

သို့ရာတွင် အကြမ်းဖျင်းအဓိပ္ပာယ်ကိုမူ ခြင့်နားလည်မိပေသည်။

သူက သွေးစုပ်ဂိုဏ်းသားမှမဟုတ်ပေပဲ။ အမာရွက်အဘိုးအို၏ အော်ဟစ်သတိပေးသံကို ဘာဂရုစိုက်ရမလဲ။

"ဘာတွေ လျှောက်ပြောနေတာလဲ၊ ပေါက်ကရတွေပြောနေလို့ ခင်ဗျားတို့အသက် ချမ်းသာလိမ့်မယ်လို့ မအောက်မေ့နဲ့"

လင်းထက်ဆွေသည် ပြောလည်းပြော၊ တိုက်ကွက်ကိုလည်း အဆက်မပြတ် ထုတ်သည်။

အမာရွက်အဘိုးအိုမှာ ပြန်လည်တိုက်ခိုက်ခြင်းမပြုရုံမက ခုခံခြင်းလည်း မရှိပေ။

လင်းထက်ဆွေ၏ တိုက်ကွက်တိုင်းကို ရှောင်တိမ်းရုံသာ ရှောင်တိမ်းနေသည်။

မီးခိုးရောင်ဝတ်စုံဝတ်ဆင်ထားသော ဆံပင်ဘုတ်သိုက်နှင့် လူတစ်သိုက်မှာ သူတို့၏ခေါင်းဆောင်က ပြန်လည်မတိုက်ခိုက်ဘဲ အညံ့ခံရှောင်တိမ်းနေသည်ကိုတွေ့ရလျှင် လက်ပိုက်ကြည့်မနေနိုင်တော့ပေ။

တစ်ဖြိုင်နက်တည်းပင် လက်နက်များထုတ်ကာ ဝင်ရောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသည်။

ထိုသူများ၏လက်နက်များမှာ အားလုံးလိုလိုပင် အထူးအဆန်းချည်း ဖြစ်နေကြသည်။

"ဩော်... ခင်ဗျားတို့က ကျုပ်ကိုတိုက်ကြမလို့ပေါ့... ဟုတ်လား၊ လာကြပါ... ဝင်လာကြပါ"

သွေးစုပ်ဂိုဏ်းအား အလွန်တရာ နာကျည်းမုန်းတီးနေသည့် လင်းထက်ဆွေသည် သူ့အား တိုက်ခိုက်ရန် ချဉ်းကပ်လာသည့်သွေးစုပ်ဂိုဏ်းသားများအား လက်ယပ်ခေါ်လိုက်၏။

ထိုသူများက အကွက်ချောင်းနေကြသည်။ ရုတ်တရက် မည်သူမျှ ဝင်မလာကြပေ။

လင်းထက်ဆွေသည် သူ့အား မခုခံဘဲ ရှောင်တိမ်းရုံသာ ရှောင်တိမ်းနေသည့် အမာရွက်အဘိုးအိုအား ဥပေက္ခာပြုကာ ထိုလူအုပ်အတွင်းသို့ လျှပ်တစ်ပြက် ခုန်ဝင်ပြီး တဝုန်းဝုန်း ရိုက်လေတော့၏။

"ဝုန်း...."

"အား...."

တဒင်္ဂအတွင်းမှာပင် အော်ဟစ်သံများ၊ လေထဲကို လက်ဝါးရိုက်ချက်ထိုးခွဲသံများဖြင့် ဆူညံသွားတော့သည်။

ထိုလူဆယ်ယောက်ခန့်အနက်မှ ထက်ဝက်ကျော်ကျော်လောက်မှာ လင်းထက်ဆွေ၏လက်ဝါးသိုင်းကြောင့် နောက်သို့အသီး



သီး ခုန်ဆုတ်လိုက်ကြရပြီး လင်းထက်ဆွေအား မယုံကြည်နိုင်သောအကြည့်ဖြင့် တအံ့တသြ ကြည့်လိုက်မိကြလေသည်။

အကြောင်းမှာ ဤမျှငယ်ရွယ်သောလူငယ်ကလေးတစ်ယောက်၌ ဤမျှပြင်းထန်သောအတွင်းအားရှိနေခြင်းကို မယုံကြည်နိုင်သောကြောင့်ပေတည်း။

လင်းထက်ဆွေက ထပ်မံအော်ဟစ်လိုက်သည်။

"သေရမှာမကြောက်ရင် ထပ်ဝင်လာကြစမ်း"

သူ့စိန်ခေါ်သံကြောင့် မီးခိုးရောင်ဝတ်စုံဝတ်သိုင်းသမားဆယ်ယောက်တို့သည် နောက်ဆုတ်နေကြရာမှ ရှေ့သို့ပြန်တိုးလာကြသည်။

ထိုစဉ် အမာရွက်သက်တော်စောင့်အဘိုးအိုက ကျယ်လောင်စွာ အော်ဟစ်တားမြစ်လိုက်လေ၏။

"အားလုံး ရပ်လိုက်ကြစမ်း"

အဘိုးအိုသည် သူ့လူများရှေ့သို့ ခုန်ပျံဝင်ရောက်လာလေတော့၏။

"ငါ့ညီ လင်းထက်ဆွေ... ခဏလောက်နေပါဦး"

လင်းထက်ဆွေက....

"ထို... ကျုပ်ကို ငါ့ညီလို့မခေါ်စမ်းပါနဲ့၊ ဘယ်သူနဲ့မှ ကျုပ်နဲ့

ညီအစ်ကို မတော်စပ်ဘူးဗျ"

အမာရွက်အဘိုးအိုမှာ မျက်စိမျက်နှာပျက်သွားရတော့၏။

သို့သော်...

"မင်းကြိုက်သလို ပြောနိုင်ပါတယ်၊ ဒီနေ့ မင်းက ကျုပ်ကို လက်ဝါးနဲ့ ရိုက်သတ်ရင်တောင်မှ ကျုပ်က ပြန်ခုခံမယ်မဟုတ်ဘူးဆို တာ မြဲမြဲမှတ်ထားလိုက်ပါ"

"ဟား... ဟား... ဟား၊ ကျုပ်လက်ဝါးကို မခုခံနိုင်တော့လို့ ဒီစကားမျိုးပြောတာ မဟုတ်လား"

"မင်းကိုယ်မင်း သိပ်အထင်ကြီးမနေနဲ့"

"လာစမ်းပါ... ကျုပ်က အထင်မကြီးပါဘူးဗျ၊ ခင်ဗျားနဲ့တစ် ပွဲတစ်လမ်းလောက် လက်ဝါးချင်း ယှဉ်ရိုက်ချင်ပါသေးတယ်"

"ဟင့်အင်း... ငါ မရိုက်နိုင်ဘူး"

"ကြောက်ရင်ကြောက်တယ်လို့ ပြောလိုက်ဗျာ၊ ပြီးတာပဲ"

"မဟုတ်ဘူးဟေ့... သွေးစုပ်ဂိုဏ်းချုပ်ကြီးက သွေးအမိန့် ကြေငြာချက်ထုတ်ထားလို့ဟေ့၊ မင်း ဘယ်သူနဲ့တိုက်နေတိုက်နေ မင်း ဘက်ကဝင်ကူရမယ်လို့ အမိန့်ပေးထားတယ်၊ မင်းကိုတိုက်ဖို့ခိုက်ဖို့ဆို တာတော့ ဝေလာဝေးပဲ"

လင်းထက်ဆွေ အသံကုန်အော်လိုက်သည်။

"အဓိပ္ပာယ်မရှိဘူး... ဒါ လုံးဝအဓိပ္ပာယ်မရှိဘူး"

"ဘယ်လိုပြောလိုက်တာလဲ... ဘာဖြစ်လို့ အဓိပ္ပာယ်မရှိဘူး လို့အော်နေရတာလဲ၊ အခုအချိန်မှာ မင်းဟာ သွေးစုပ်ဂိုဏ်းရဲ့ ဘယ်



အဆင့်ရောက်နေပြီလဲဆိုတာကော သိရဲ့လား"

"ဘာအဆင့်လဲ... ကျုပ် ဘာမှမသိဘူး"

"ဟား... ဟား... ဟား၊ မင်းဟာ ဂိုဏ်းချုပ်သခင်ကြီးရဲ့ မြေးသားမက်လောင်းတစ်ယောက်၊ လိန်ရန်လန်ရဲ့ ချစ်သူ၊ ဒါတွင် ဘယ်ကမလဲ မင်းဟာ ကျုပ်တို့သွေးစုပ်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်လောင်း တစ်ယောက် ဖြစ်နေတယ်၊ ဒါတွေကို မင်း မေ့နေပြီလား"

လင်းထက်ဆွေသည် လိန်ရန်လန်ကို ရုတ်တရက် သတိရ လိုက်သည်။

လိန်ရန်လန် မသေစေလိုလျှင် သူနိုင်းတာလုပ်ရမည်ဟု သွေးစုပ်ဂိုဏ်းချုပ်လိန်လွယ်က အကျပ်ကိုင်ခိုင်းစေခဲ့သည်မဟုတ်ပါ လား။

"အို... သူမြေးနဲ့သူ့အဘိုးပဲ၊ ခြိမ်းခြောက်သလိုတော့ ရက်ရက် စက်စက်သတ်မှာ မဟုတ်ပါဘူး၊ နောက်ပြီး ငါကလဲ သူပြောသလို လူအများကြီး သတ်မပေးနိုင်ပါဘူး၊ ငါ လိန်ရန်လန်ကိုချစ်ပါတယ်၊ သူ့အချစ်ကိုရဖို့ လူအများကြီးကို မသတ်နိုင်ဘူး၊ ရှိပါစေတော့..."

လင်းထက်ဆွေသည် တဒင်္ဂအတွင်း များစွာသော အတွေး များကို တွေးလိုက်မိပေသည်။

ထိုစဉ် ကျာပွတ်မယ် ကွမ်းရဲစမ်းက လင်းထက်ဆွေနှင့် ယှဉ် တွဲရပ်နေရာမှ ချက်ချင်းပင် ဘေးသို့ခုနစ်ပေခန့် ခုန်ထွက်လိုက်သည်။

လင်းထက်ဆွေအား ဝိုင်းစက်သောမျက်လုံးများဖြင့်ကြည့် ပြီး တအံ့တသြလေး မေးလိုက်သည်။

"ဒါတွေဟာ တကယ်ပဲလား"

အမာရွက်သက်တော်စောင့်အဘိုးအိုက ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်၏။

"ဟုတ်တယ်... ဒါတွေဟာ အမှန်တကယ်တွေချည်းပဲ၊ ကျုပ် လူသုံးယောက်ကိုသက်သေထူပြီး ပြောရဲတယ်၊ ကျုပ်က ဘာကိစ္စကြောင့် ညည်းကိုလိမ်ညာပြောရမှာလဲ"

လင်းထက်ဆွေမှာ ငြင်းဆန်ရန် စကားစရှာမရဘဲ ဖြစ်နေသည်။

အမာရွက်သက်တော်စောင့်အဘိုးအိုသည် အလွန်တရာ ပါးနပ်သူဖြစ်၍ ထိုစကားလုံးများသည် လင်းထက်ဆွေနှင့် ကွမ်းရဲစမ်းတို့ကို သွေးခွဲနိုင်သော စကားလုံးများအဖြစ် ချက်ချင်းရိပ်မိသွားလေ၏။

ထို့ကြောင့် ကောက်ကျစ်စဉ်းလဲသော အပြုံးဖြင့် ပြုံးလိုက်ပြီး မပြောချင်ပြောချင်လေသံမျိုးဖြင့် ဆက်ပြောနေသည်။

"လှစွမ်းကောင်းလေး လင်းထက်ဆွေ... မင်းအနေနဲ့ဘာကိုပဲငြင်းငြင်း ငြင်းလို့ရပါတယ်၊ ဒါပေမယ့် ကျုပ်တို့ရဲ့သခင်မလေး လိန်ရန်လန်ရဲ့ချစ်ခြင်းမေတ္တာကိုတော့ ငြင်းဖို့မသင့်ဘူး၊ မင်းက သစ္စာဖောက်ပြီး သခင်မလေးရဲ့မေတ္တာတရားကိုဥပေက္ခာပြုမလို့လား"

လင်းထက်ဆွေသည် အလွန်ရိုးသားသူဖြစ်၏။ လိန်ရန်လန်ကို သူ မေတ္တာရှိနေသည်မှာ အမှန်ပင်ဖြစ်၏။

လိန်ရန်လန်က သူ့အပေါ် မေတ္တာရှိနေသည်ကိုလည်း သူ



ကောင်းစွာသိသည်။

သူ ပြန်မသွားသည့်အတွက် လိန်ရန်လန်များစွာ စိတ်သောကရောက်မည်ကိုလည်း သိသည်။

ထိုအချက်များကို သူ မည်သို့ငြင်းဆန်ပါမည်နည်း။

တစ်ခုခက်နေသည်မှာ လိန်လွယ်ဆိုသည်မှာ သွေးစုပ်ဂိုဏ်းချုပ်ကြီးဖြစ်နေသည်။

လိန်ရန်လန်ဆိုသူမှာ သွေးစုပ်ဂိုဏ်းချုပ်ကြီး၏ မြေးဖြစ်နေသည်။ ထိုသူများနှင့်မိမိပတ်သက်ခဲ့ခြင်းမှာ သွေးရိုးသားရိုးပတ်သက်ခဲ့ခြင်းသာ ဖြစ်သည်။

သို့သော် ကွမ်းရဲစမ်းကဲ့သို့သော အထက်လမ်းဂိုဏ်းချုပ်ကြီး၏သမီးအဖို့ အဘယ်မှာလျှင် ထိုအကြောင်းများကို နားဝင်ချိုချိုလက်ခံနိုင်ပါမည်နည်း။

ထို့ကြောင့် လင်းထက်ဆွေ၏မျက်နှာတပြင်လုံး နီရဲလာပြီး မနေတတ်မထိုင်တတ် ဖြစ်လာရတော့သည်။

ကျာပွတ်မယ် ကွမ်းရဲစမ်းကလည်း အတင်းအဓမ္မပင် မေးနေတော့သည်။

"ပြောစမ်းပါဦး... သူ ပြောတာတွေဟာ အမှန်တကယ်ပဲလား၊ မြန်မြန်ပြောစမ်းပါ အစ်ကိုရဲ့၊ ဘာငိုင်နေတာလဲ"

လင်းထက်ဆွေက ထစ်ထစ်ငေါ့ငေါ့ ပြောလေ၏။

"သူ... သူ ပြောနေတာတွေ အမှန်တစ်ဝက် မမှန်တစ်ဝက်"

ကွမ်းရဲစမ်းက ဒေါသဖြင့် အော်သည်။

"တစ်ဝက်တွေ တစ်ခြမ်းတွေ လုပ်မနေစမ်းပါနဲ့၊ သူပြောတာ ဟုတ်ရင်ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူးသာ ဖြေစမ်းပါ၊ ဘာကြောင့် ဟုတ်တယ်၊ ဘာကြောင့် မဟုတ်ဘူးဆိုတာ ရှင်းရှင်းလင်းလင်း လုပ်စမ်းပါ"

လင်းထက်ဆွေက ကြိုးစား၍ ရှင်းပြရတော့သည်။

"ငါ့ကို သူတို့ရဲ့သွေးစုပ်ဂိုဏ်းချုပ်နေရာကို ဆက်ခံမယ့်လူလို့ သူပါးစပ်ကသာ ပြောနေတာပါ၊ ဘာမှအထောက်အထားမရှိပါဘူး၊ ညီမလေးက သူပြောတာ ယုံတာပဲလား"

"ဒါဖြင့်ရင် သွေးစုပ်ဂိုဏ်းချုပ်ရဲ့မြေးသားမက်ဆိုတာတော့ ဟုတ်တယ်ပေါ့"

"ဒါက အရင်ကတော့ ဟုတ်တယ်၊ အခုတော့မဟုတ်တော့ဘူး"

"အစ်ကို့စကားက ဘာစကားတွေလဲ"

"ဟင့်အင်း... လိန်ရှန်လန်နဲ့ငါနဲ့က သဘောထားချင်း တိုက်ဆိုင်တယ်၊ ဟို ဟို... တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိကြတယ်ဆိုတာကတော့ ဟုတ်... ဟုတ်ပါတယ်"

"ဟင်...."

လင်းထက်ဆွေ၏စကားက သူမ၏နှလုံးသားကို မြားအ



စင်းပေါင်း ထောင်သောင်းထိုးစိုက်လိုက်သကဲ့သို့ နာကျင်ရှုးနစ်သွားရတော့သည်။

သူမသည် လင်းထက်ဆွေကို စတင်တွေ့ကတည်းကပင် တိတ်တခိုးလေး မေတ္တာသက်ဝင်ချစ်ခင်နေမိ၏။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် လင်းထက်ဆွေထံမှ မေတ္တာကို ရရှိလိမ့်မည်ဟုလည်း မျှော်လင့်ထားခဲ့ပေသည်။

လင်းထက်ဆွေတစ်ယောက် သွေးစုပ်ဂိုဏ်းဝင်တစ်ယောက် ဟုတ်သည်မဟုတ်သည်ကို စိတ်မဝင်စား။

သူမနှင့် မည်သို့မျှ မသက်ဆိုင် မပတ်သက်ဟု ယူဆထားသည်။

လိန်ရှန်လန်နှင့် လင်းထက်ဆွေတို့မေတ္တာသက်ဝင်ခြင်း ရှိမရှိ ဆိုသည်မှာသာ သူမအတွက် အရေးကြီးသောစကားတစ်ခွန်း ဖြစ်၏။

ယခုကဲ့သို့ လင်းထက်ဆွေထံမှ ဝန်ခံစကားကြားလိုက်ရသောအခါတွင်မူ သူမသည် ထိုနေရာ၌ လဲသေချင်လောက်အောင် ခံစားလိုက်ရရှာသည်။

လင်းထက်ဆွေသည် အလွန်တရာ ရိုးသားသူဖြစ်၍ မိန်းမတို့၏အတွင်းသဘောကို သိရှိနားလည်နိုင်စွမ်းရှိသူမဟုတ်ပေ။

သူ၏ဝန်ခံစကားကြောင့် ကွမ်းရဲစမ်းတစ်ယောက် နာလိုခံခက်အမျက်ထွက်ဖြစ်ရမည်ကို သူ လုံးဝမစဉ်းစားမိပေ။

ထို့ကြောင့်လည်း ပွင့်ပွင့်လင်းလင်း မကွယ်မဝှက် ပြော

လိုက်မိခြင်း ဖြစ်ပေသည်။

"ကဲ... ရှင် ဒီကထွက်သွားပါတော့၊ ရှင်နဲ့ကျွန်မ ဘယ်လိုမှမပတ်သက်တော့ဘူး။ ကြူလုံပေါင်းအတွက် ဖြစ်ပျက်နေတဲ့အရေးအခင်းတွေကို ရှင်ဝင်ပါစရာ မလိုတော့ဘူး။ သွေးစုပ်ဂိုဏ်းနဲ့ရှိတဲ့ကိစ္စကို ကျွန်မဘာသာ ကျွန်မ ဖြေရှင်းသွားမယ်"

ကျာပွတ်မယ် ကွမ်းရဲစမ်းသည် စကားဆုံးသည်နှင့်လက်ထဲမှ ဓားရှည်ကိုဝင့်ကာ စင်ရော်တစ်ကောင်အလား အမာရွက်သက်တော်စောင့်အဘိုးအိုအနီးသို့ရောက်ရှိသွားပြီး ဒေါသတကြီး စတင်တိုက်ခိုက်လေတော့၏။



## အခန်း(၆၄)
## ဆုတ်ခွာသွားသောအဘိုးအို

အမာရွက်သက်တော်စောင့်အဘိုးအိုမှာ လွန်စွာ အတွေ့အကြုံရင့်ကျက်သူ ဖြစ်၏။ သိုင်းပညာလည်း ကောင်းသည်။

ကွမ်းရဲစမ်းက ခုန်ဝင်တိုက်ခိုက်သောအခါ အေးစက်စက်ရယ်မောလေ၏။

"နင့်လို မလောက်လေး မလောက်စား သိုင်းပညာရှိတဲ့လူကို ငါက ဂရုစိုက်မယ်များ ထင်နေသလား၊ နင့်အဖေအစား နင်ကအသေမခံချင်စမ်းပါနဲ့"

အမာရွက်သက်တော်စောင့်အဘိုးအိုက စွန်လက်သည်းကုပ်ကျောက်ခွဲသိုင်းကွက်ဖြင့် ကွမ်းရဲစမ်းကိုသတ်ဖြတ်ရန် ဟန်ပြင်လိုက်၏။

လင်းထက်ဆွေက သူတို့နှစ်ယောက်အကြားသို့ တိုးဝင်လိုက်ပြီး အမာရွက်သက်တော်စောင့်၏ လက်ကောက်ဝတ်ကို ရိုက်

ထုတ်လိုက်သည်။

အဖြစ်အပျက်များမှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။

လင်းထက်ဆွေသာ ဝင်မကယ်လျှင် ကွမ်းရဲစမ်း ဒုက္ခရောက်သွားပေလိမ့်မည်။

"အို...."

"ဟင်...."

အာမေဋိတ်သံများ ထွက်ပေါ်လာပြီး လူရိပ်များ ကွဲကွာသွားသည်။

ကွမ်းရဲစမ်းကမူ ငိုင်တွေကျန်ရစ်ခဲ့ရသည်။ သုံးယောက်စလုံးမှာ မည်သူမျှ မထိခိုက်ချေ။

သိုင်းကွက်တစ်ဝက်တစ်ပျက်နှင့် ဆယ်ပေကျော်အကွာသို့ ခုန်ရှောင်လိုက်ကြခြင်း ဖြစ်ပေသည်။

"ကြူလုံပေါင်းရဲ့ အရေးအခင်းကိစ္စမှာ ရှင် ဝင်ပါစရာ ဘာမှ မလိုပါဘူး"

ကွမ်းရဲစမ်း၏လေသံက အေးစက်လှ၏။ ခင်မင်ရင်းနှီးမှု လုံးဝမရှိချေ။

ပထမ သူရောက်စက လိုလားခဲ့သောကြိုဆိုစကားများလည်း ပျောက်ကွယ်သွားခဲ့လေပြီ။



လင်းထက်ဆွေသည် ကွမ်းရဲစမ်း၏အတွင်းသဘောကို မသိသဖြင့် စိတ်ညစ်သွားမိလေ၏။

သူ့အကူအညီကို အဘယ့်ကြောင့် မလိုလားဘဲ ဖြစ်နေရသနည်း။

"ဟုတ်တယ်... သူပြောတာ မှန်တယ်၊ ကြူလုံပေါင်းရဲ့ အရေးကိစ္စမှာ သူက ဘာကြောင့်ဝင်ကူညီရမှာလဲ၊ ကြူလုံပေါင်းနဲ့ သူနဲ့ ဘာမှမဆိုင်တာမှမဟုတ်ပဲ"

"ကျုပ်က ဝင်ကူတော့ ဘာဖြစ်ရဦးမှာလဲ"

လင်းထက်ဆွေက အမာရွက်သက်တော်စောင့်အဘိုးအိုကို ပြောလိုက်ခြင်း ဖြစ်သော်လည်း ကျာပွတ်မယ် ကွမ်းရဲစမ်းက သူ့ကိုပြောသည်ထင်မှတ်ကာ ဓားကိုစက်ဝိုင်းခြမ်းသဖွယ် ဝှေ့ယမ်းကာ အမာရွက်အဘိုးအိုနှင့် လင်းထက်ဆွေတို့အကြားသို့ ခုန်ပျံဝင်ရောက်လာပြီး လင်းထက်ဆွေအား ဓားဖြင့် ထိုးလိုက်သည်။

"ရှင်က ဘာရည်ရွယ်ချက်နဲ့ဝင်ကူနေရတာလဲ"

လင်းထက်ဆွေမှာ အရေးတကြီးရှောင်လိုက်ရ၏။ သူသည် အချိန်မီခုန်မဆုတ်လိုက်ပါက ကျာပွတ်မယ် ကွမ်းရဲစမ်း၏ဓားချက်က သူ့မျက်နှာကိုလိုးဖြတ်သွားမည်မှာ သေချာလှပေသည်။

လင်းထက်ဆွေသည် ကွမ်းရဲစမ်းအား စိတ်ဆိုးရအခက် ဒေါသထွက်ရအခက် ဖြစ်နေသည်။

"ကွမ်းရဲစမ်း... မင်းက ငါ့ကိုဘာလို့ ဒီလိုလုပ်ရတာလဲ"

"မုန်းတယ်... ကျွန်မ ရှင့်ကိုသိပ်မုန်းတယ်"

ကွမ်းရဲစမ်းက အံကြိတ်အော်ဟစ်ကာ ဓားဦးဖြင့် ထပ်မံထိုးချလိုက်ပြန်သည်။

လင်းထက်ဆွေမှာ နောက်သို့တစ်ဆုတ်တည်း ဆုတ်ကာ ရှောင်တိမ်းနေရတော့သည်။

"မင်း... မင်း၊ ရူးနေပြီ"

အမာရွက်သက်တော်စောင့်အဘိုးအိုသည် ကွမ်းရဲစမ်း၏အတွင်းစိတ်ထားကိုကောင်းစွာ သဘောပေါက်နားလည်နေပြီဖြစ်၍ ကွမ်းရဲစမ်း၏ဒေါသကို ဆွပေးလိုက်၏။ ငါးကြင်းဆီနှင့်ငါးကြင်း ပြန်ကြော်ခြင်းပင်တည်း။

"ကျုပ်တို့သခင်မလေးကို မနာလိုဖြစ်နေပြီ၊ လုပ်နေနဲ့မင်း နောက်ကျသွားပြီ"

လင်းထက်ဆွေသည် ထိုစကားကို ကြားလိုက်ရသောအခါမှ ကွမ်းရဲစမ်းက သူ့အား အဘယ့်ကြောင့် တိုက်ခိုက်နေသည်ကို နားလည်သဘောပေါက်တော့သည်။

ကွမ်းရဲစမ်းသည်လည်း အဘိုးအို၏စကားကိုကြားသောအခါ ရက်စိတ်မွှန်ထူသွား၏။

ထို့ကြောင့် ရက်ရမ်း ရမ်းကာ'သစ်ပင်အမြစ်လှန် ဓားတမန်'



သိုင်းကွက်ဖြင့် ကိုယ်ကိုတစ်ပတ်လှည့်လိုက်ပြီး အမာရွက်သက်တော်စောင့်အား ဓားဖြင့် ဆတ်ခနဲ ထိုးချလိုက်လေတော့သည်။

သူမ၏သိုင်းကွက်မှာ တိကျသပ်ရပ်သလို ရက်စက်ကြမ်းကြုတ်လှပေသည်။

သို့သော်လည်း အမာရွက်သက်တော်စောင့်အဘိုးအိုမှာ အတွေ့အကြုံ ကြွယ်ဝလွန်းသူတစ်ယောက်ဖြစ်၍ လွတ်အောင်ရှောင်တိမ်းသွားနိုင်သည်။

သို့သော် အဘိုးအိုမှာ လက်ဝါးရိုက်ချက်ထုတ်ပြီး ကွမ်းရဲစမ်းအား တန်ပြန်တိုက်စစ်ဆင်လာသည်။

အမာရွက်သက်တော်စောင့်အဘိုးအိုသည် ကွမ်းရဲစမ်း၏ ဓားသိုင်းကို အထူးသတိဝီရိယဖြင့် တိုက်ခိုက်နေပေသည်။

ထို့ကြောင့် ကွမ်းရဲစမ်း၏ဓားသိုင်းကွက်များမှာ မထိရောက်ဘဲ ဖြစ်နေရတော့၏။

လင်းထက်ဆွေက....

"ကွမ်းရဲစမ်း... မင်း ထွက်လိုက်ပါ၊ ဒီအဘိုးကြီးတွေကို ငါ တာဝန်ထားလိုက်စမ်းပါ"

ကွမ်းရဲစမ်းက ဒေါသသံဖြင့် ပြန်အော်လိုက်သည်။

"ကျွန်မ ကိစ္စကို ရှင် ဝင်စွက်စရာမလိုပါဘူး"

ကျားပွတ်မယ်ကွမ်းရဲစမ်းသည် လိပ်ပြာအနီကလေးတစ်ကောင်အလား အမာရွက်သက်တော်စောင့်အနီးတွင် ခုန်ပျံဝဲတိုက်ခိုက်နေသည်။

လင်းထက်ဆွေသည် ကွမ်းရဲစမ်း၏အကြောင်းကို ကောင်းစွာ သိထားသူဖြစ်၏။

သူမသည် ကြူလုံပေါင်းဂိုဏ်းချုပ်ကြီး၏တစ်ဦးတည်းသောသမီးဖြစ်သဖြင့် မာနလွန်ကြီးပေသည်။

စိတ်မထင်လျှင်လည်း မထင်သလို ပြုမူတတ်ပေသည်။ ထို့ကြောင့် လင်းထက်ဆွေသည် ဝင်မတိုက်တော့ပဲ အန္တရာယ်ကြုံမှဝင်ကူညီတော့မည်ဟူသောသဘောဖြင့် စောင့်ကြည့်နေလိုက်တော့၏။

ကျားပွတ်မယ် ကွမ်းရဲစမ်းသည် ရေရှည်တွင် အမာခွက်သက်တော်စောင့်အတိုးအိုအား မည်သို့မျှ နိုင်အောင်တိုက်ခိုက်နိုင်မည်မဟုတ်ပေ။

လင်းထက်ဆွေသည် ကိုယ်ထိလက်ရောက်ဝင်ရောက်တိုက်ခိုက်ခြင်း မရှိသော်လည်း နား၊ မျက်စိကိုအလစ်မပေးဘဲ သူတို့နှစ်ယောက်၏ လှုပ်ရှားတိုက်ခိုက်နေကြပုံကို ဂရုတစိုက် ကြည့်နေမိသည်။

လိုအပ်လာလျှင် ဝင်ရောက်အကူအညီပေးနိုင်ရန် အတွင်းအားကိုလှည့်ပတ်လျက် အဆင်သင့်ပြင်ဆင်ထားသည်။

ကျားပွတ်မယ် ကွမ်းရဲစမ်းတိုက်ကွက်များက ကြမ်းတမ်းသလို ရက်စက်ပြင်းထန်လွန်းလှသည်။



ဓားအရိပ် အလင်းတန်းများ အဘိုးအို၏တစ်ကိုယ်လုံးကို လွှမ်းခြုံနေသည်။

အမာခွက်သက်တော်စောင့်အဘိုးအိုသည် ကွမ်းရဲစမ်းနှင့် တိုက်ခိုက်နေသည့်တိုင် လင်းထက်ဆွေ၏လှုပ်ရှားမှုကိုလည်း တစ်ဘက်မှ သတိထားနေရသည်။

ရုတ်တရက် အလစ်ဝင်ရောက်တိုက်ခိုက်လာမည်ကို သူ့စိတ်ထဲတွင် စိုးရိမ်နေပေသည်။

သူ့စိတ်က တထင့်ထင့်ဖြစ်နေသောကြောင့်သာ ကွမ်းရဲစမ်းအား တိုက်ကွက်ပေါင်းသုံးဆယ်ကျော်အတွင်း အနိုင်မယူနိုင်ပဲ ဖြစ်နေရခြင်းပင်တည်း။

တိုက်ကွက်များက တဖြည်းဖြည်း ပြင်းထန်လာသည်။ ဓားအရိပ်နှင့်လက်အရိပ်များက ရောထွေးကာ လူလုံးကိုပင်သဲကွဲစွာ မမြင် ရသလို ဖြစ်လာသည်။

လင်းထက်ဆွေမှာ သူတို့နှစ်ယောက်၏တိုက်ကွက်များကို မျက်တောင်မခတ်တမ်းကြည့်ကာ သူတို့လှုပ်ရှားသည့်အနီးသို့ တဖြည်းဖြည်း လိုက်ပါနေခဲ့သည်။

ကွမ်းရဲစမ်းမှာ မိန်းမသားတစ်ဦးဖြစ်သည့်အပြင် အတွင်းအားကလည်း အမာခွက်သက်တော်စောင့်အဘိုးအိုလောက် ကောင်းမွန်ခြင်းမရှိပေ။

ဒေါသအလျောက် တစ်ဟုန်ထိုး တိုက်ခိုက်သဖြင့် နှလုံးခုန်နှုန်းမြန်ဆန်ကာ ပင်ပန်းနွမ်းနယ်လာသည်။

ထို့ကြောင့် သူမ၏ဓားသိုင်းကွက်များမှာ အကွက်ပျက်လာသည်။

တိုက်ကွက်ပေါင်း ရှစ်ဆယ်လောက် ကျော်လာသောအခါ တဖြည်းဖြည်း ရှုံးနိမ့်စ ပြုလာလေတော့၏။

အမာရွက်သက်တော်စောင့်အဘိုးအိုသည် အခွင့်ကောင်းကြုံသည်နှင့် 'စွန်လက်သည်းကုတ် ဦးနှောက်ခွဲ'သိုင်းကွက်ကိုသုံးကာ ကွမ်းရဲစမ်းအား ခုန်၍ ဖမ်းဆီးလိုက်၏။

သူနှင့်အတူ လင်းထက်ဆွေလည်း တစ်ပြိုင်တည်း လှုပ်ရှားလိုက်သည်။

"ထောက်...."

ကျာပွတ်မယ် ကွမ်းရဲစမ်း လက်ထဲမှဓားရှည်မှာ မိုးပေါ်သို့ မြောက်တက်လွင့်စဉ်သွားရသည်။

လျှပ်တစ်ပြက်ပင် အမာရွက်အဘိုးအို၏ လက်ငါးချောင်းက စွန်လည်သည်းပမာ သူမ၏လက်ကောက်ဝတ်ကို ဖမ်းကုတ်လိုက်သည်။

သို့သော် လင်းထက်ဆွေက သူ့ထက် ပို၍ လျင်မြန်သည်။ ဘယ်လက်ဖြင့် ကျာပွတ်မယ် ကွမ်းရဲစမ်း၏အင်္ကျီစကို ဆွဲကိုင်ကာ သူနှင့်အတူ နောက်သို့ခုနစ်ပေခန့် ခုန်ဆုတ်ဆွဲခေါ်သွားသည်။



တစ်ဆက်တည်းပင် အမာရွက်သက်တော်စောင့်အဘိုးအို၏ လက်ကောက်ဝတ်နေရာကို သူ့ညာလက်ဖြင့် ရိုက်ထုတ်ပစ်လိုက်သည်။

ကွမ်းရဲစမ်းသည် ရှုံးပွဲမှလွတ်သွား၏။ အမာရွက်အဘိုးအိုမှာ လင်းထက်ဆွေ၏ မမျှော်လင့်သော လျှပ်တစ်ပြက်ရိုက်ချက်ကြောင့် ဆယ်ပေခန့် လွင့်စဉ်သွားသည်။

သူသည် ခုန်ထလာပြီး ကျယ်လောင်စွာ အော်လေ၏။

"သစ္စာဖောက်... အတွင်းမှာလိုက်စားပြီး အပြင်ကိုထွက်လာတဲ့လောက်လို ကောင်မျိုး"

လင်းထက်ဆွေက အေးစက်စက် ရယ်လိုက်သည်။

"ဘယ်သူလဲ သစ္စာဖောက်၊ ဘယ်သူလဲ အတွင်းလိုက်စားတဲ့လောက်ကောင်၊ ခင်ဗျားတို့ရဲ့သစ္စာကို ဘယ်သူက ခံနေလို့လဲ၊ ကျုပ်ဘဝကို အမျိုးမျိုးနှောင့်ယှက်ဖျက်ဆီးခဲ့တဲ့ ခင်ဗျားတို့ရဲ့သွေးစုပ်ဂိုဏ်းကို ကျုပ် တစ်သက်လုံး အခဲမကြေဘူးမှတ်ပါ၊ ခင်ဗျားတို့ရဲ့သွေးမျှော်စင်ကို မြေပေါ်ဘုံးဘုံးကျအောင် ကျုပ် ဖျက်ပြမယ် သိရဲ့လား"

"ခုနတုန်းက မင်းကို ကျုပ် ပြောခဲ့ပြီးပြီမဟုတ်လား၊ ကျုပ်တို့ဂိုဏ်းချုပ်သခင်ကြီးက မင်းကိုသစ္စာဖောက်တစ်ယောက်လို့ မကြေငြာမချင်း ကျုပ်ဂိုဏ်းချုပ်ကြီးရဲ့အမိန့်ကိုဗိဆန်ပြီး မင်းနဲ့ဘယ်တော့မှ မတိုက်ခိုက်ဘူး"

လင်းထက်ဆွေက ဒေါသဖြင့်အော်၏။

"ခင်ဗျားက မတိုက်လဲ ကျုပ်ကတော့ တိုက်မှာပဲ၊ ခင်ဗျားတို့

အားလုံးကို သတ်မယ်"

သူ့စကားအတိုင်း အမာရွက်သက်တော်စောင့်ကို အတင်းလိုက်လံတိုက်ခိုက်သည်။

အမာရွက်သက်တော်စောင့်ကလည်း မတိုက်ခိုက်ဘဲ ထွက်ပြေးရှောင်တိမ်းသည်။

တကယ်တမ်း တိုက်ခိုက်လျှင်လည်း သူသည် လင်းထက်ဆွေကို မည်သို့မျှ အနိုင်ယူတိုက်ခိုက်နိုင်စွမ်းရှိမည်မဟုတ်ပေ။

ဉာဏ်များသူပီပီ သွေးစုပ်ဂိုဏ်းချုပ်၏ အမိန့်ကြေငြာချက်ကို အကြောင်းပြု အကာအကွယ်ယူ၍ ရှောင်ပြေးနေခြင်းဖြစ်သည်။

အဘိုးအိုက သူ့လူများအား အော်ဟစ်အကြောင်းကြားလိုက်သည်။

"အားလုံး ဌာနချုပ်ကိုပြန်ပြီး ဂိုဏ်းချုပ်ကြီးကိုသွားအကြောင်းကြားမယ်၊ သူ့အမိန့်ကို တို့နာခံကြရမယ်"

မီးခိုးရောင်ဝတ်စုံဝတ်သိုင်းသမားတို့သည် ထိုစကားကြောင့် လင်းထက်ဆွေအား ပြန်လည်မခုခံတော့ပဲ အမာရွက်အဘိုးအိုနောက်သို့ပြေးလိုက်သွားကြလေတော့သည်။

"ဒီလိုပြေးလို့ လွတ်မတဲ့လား"

လင်းထက်ဆွေ၏မျက်စိထဲ၌ သူ၏မိခင်ကြီး သွေးအန်သေ



ဆုံးပုံကို ပြန်လည်မြင်ယောင်လာသည်။

ထိုလူများ နောက်သို့တစ်ဟုန်ထိုးလိုက်ရာ မီးခိုးရောင်ဝတ်စုံဝတ်ဆင်သည့် သွေးစုပ်ဂိုဏ်သားအချို့ကို မီသည်။

တဝုန်းဝုန်းဖြင့် တိုက်ခိုက်သောအခါ ထိုအထဲမှ သိုင်းသမားငါးယောက်ဒဏ်ရာရပြီး လဲကျသွားသည်။

ကျန်လူများကား လင်းထက်ဆွေ၏လက်ထဲမှ လွတ်မြောက်သွားကြသည်။

လင်းထက်ဆွေမှာ ဒေါသမပြေသေးသော်လည်း သူ့ရန်သူများကို မမီတော့ချေ။

အမာရွက်အဘိုးအိုဆိုလျှင် အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။

လင်းထက်ဆွေ မူလနေရာသို့ ပြန်လည်ရောက်ရှိလာသောအခါတွင် ကျာပွတ်မယ် ကွမ်းရဲစမ်း ရှိမနေတော့ပေ။

သွေးစသွေးနများနှင့် ရှုပ်ထွေးပွေလီသော အခြင်းအရာများကိုသာ မြင်တွေ့ရပြီး ကွမ်းရဲစမ်း၏ အရိပ်အယောင်ကို လုံးဝမတွေ့ရပေ။

လင်းထက်ဆွေ ဘေးဘီဝဲယာကိုလှည့်ပတ် အကဲခတ်ကြည့်မိလိုက်သည်။

မီးခွဲလောင်နေသောအဆောင်များကို ကြူလုံပေါင်းဂိုဏ်းသားများ ဝိုင်းဝန်းပြီး ငြိမ်းသတ်နေကြသဖြင့် မီးငြိမ်းစပြုနေပေပြီ။

လင်းထက်ဆွေသည် နေရာအနှံ့အပြား၌ ကွမ်းရဲစမ်းကို လိုက်ရှာသည်။

လုံးဝမတွေ့ရသောအခါမှ ဟင်းခနဲ သက်ပြင်းချမိတော့သည်။

လင်းထက်ဆွေအနေဖြင့် ယခုတစ်ခေါက် ကြူလုံပေါင်းသို့ လာရောက်ရခြင်းမှာ ရဲ့ဖုံးလိမ်အား အကျိုးအကြောင်း တွေ့ဆုံမေးမြန်းပြီး ဆရာ့အတွက် သွေးကြွေးဆပ်ရန် ဖြစ်ပေသည်။

ယခုတော့ ကြူလုံပေါင်းမှာ မကြုံစဖူး အခြေအနေထူးနေသည်။ ထို့ပြင် ရဲ့ဖုံးလိမ်ကလည်း ရှိမနေပြန်ချေ။

ထို့ကြောင့် သူ့အနေဖြင့် ကြူလုံပေါင်းတွင် ကြာရှည်နေရန် အကြောင်းမရှိတော့ပေ။

အရက်ဦးအလင်းရောင်သည် နေ့တစ်နေ့ကို အသစ်မွေးဖွားလျက် ရှိသည်။

လင်းထက်ဆွေသည် ရေရေရာရာမရှိသောသူ့ဘဝဇာတ်ကြောင်းကို တွေးပြီး ထပ်မံ သက်ပြင်းချမိပြန်လေသတည်း။



## အခန်း(၆၅)

## တာဝန်ပေးအပ်လာသောလူစိမ်း

လင်းထက်ဆွေသည် ကြူလုံပေါင်းဌာနချုပ်မှ လေဆန်သောခြေလှမ်းများဖြင့် ထွက်လာခဲ့သည်။

သစ်တောထဲသို့အဝင်တွင် ခမောက်ကြီးတစ်လုံးဆောင်ပြီး ကျောခိုင်းထိုင်နေဟန်တူသော လူတစ်ယောက်ကို ရုတ်တရက် တွေ့ရတော့သည်။

လင်းထက်ဆွေ၏မျက်လုံးများသည် တောက်ပလာ၏။ သူ၏သတိဝီရိယများကလည်း အသင့်ဖြစ်လာ၏။

"ရှေ့က ထိုင်နေတာ ဘယ်သူလဲ"

လင်းထက်ဆွေက လှမ်းမေးလိုက်၏။ ခမောက်နှင့်လူက လှည့်မကြည့်ချေ။

သို့သော်...

"ကျွန်တော်က ခင်ဗျားရဲ့ရန်သူမဟုတ်ပါဘူး"

လင်းထက်ဆွေသည် စကားကိုရှည်ရှည်ဝေးဝေး မပြောလိုသဖြင့် ထိုသူအား ကွေ့ရှောင်သွားရန် ဟန်ပြင်လိုက်၏။

ထိုလူသည် နောက်ဇွေ၌ မျက်လုံးပါနေသည့်အလား လှမ်းတားလေ၏။

"မိတ်ဆွေ... ခဏနေပါဦး"

"ဘာကိစ္စများ ရှိနေလို့လဲဗျာ"

"ကိစ္စကတော့ ရှိပါ့ဗျာ၊ တကယ့်ကိစ္စကို ရှိနေတာပါ"

"ခင်ဗျားနဲ့ကျွန်တော်တို့သိတာမှ မဟုတ်ပဲ"

"ကျွန်တော်ကတော့ ခင်ဗျားကို သိနေပါတယ်၊ ခင်ဗျားနာမည်က လင်းထက်ဆွေ၊ ခင်ဗျား ဘယ်တောင်က ထွက်လာတယ်ဆိုတာကော ပြောရဦးမလား"

လင်းထက်ဆွေ အံ့သြသွား၏။

"ခင်ဗျား ဘယ်သူလဲ"

"ကျွန်တော် ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူး၊ ကျွန်တော် ဘာလုပ်တယ်ဆိုတာကပဲ အရေးကြီးပါတယ်"

"ကောင်းပြီ... ခင်ဗျား ဘာလုပ်သလဲ"

"ငြိမ်းချမ်းရေးတမန်လေ"

"ငြိမ်းချမ်းရေးတမန်"

လင်းထက်ဆွေက ပဲ့တင်ထပ်ရေရွတ်လိုက်၏။

"ငြိမ်းချမ်းရေးတမန်ဆိုတာ ဘာလဲ"

"ငြိမ်းချမ်းရေးတမန်ဆိုတာ ငြိမ်းချမ်းရေးတမန်ပဲပေါ့"



"ကျွန်တော် နားမလည်ဘူး"

"အခုတော့ ခင်ဗျား နားမလည်နိုင်သေးဘူး၊ ဒါပေမယ့် ကျွန်တော်နဲ့လိပ်ပတ်လည်အောင် စကားပြောပြီးရင်တော့ ခင်ဗျား နားလည်သွားမှာပါ"

"ကျွန်တော့်မှာ ဘာမှပြောစရာမရှိဘူး"

ခမောက်နှင့်လူ၏မျက်နှာသည် လင်းထက်ဆွေဘက်သို့ လှည့်လာ၏။

အသက်နှစ်ဆယ်ကျော်ကျော် လူငယ်တစ်ယောက်သာ ဖြစ်သည်။

လင်းထက်ဆွေထက် အသက်ကြီးသည်ကတော့ သေချာသည်။

ခမောက်နှင့်လူက....

"ကျွန်တော် ပြောပါပကောလား၊ ကျွန်တော်နဲ့လိပ်ပတ်လည်အောင် စကားပြောပါလို့၊ ခင်ဗျားမှာပြောစရာမရှိရင် ကျွန်တော်ကပဲ ပြောပါ့မယ်"

လင်းထက်ဆွေသည် ထိုလူနှင့်မနီးမဝေး သစ်ငုတ်တိုတစ်ခုပေါ်၌ သွားထိုင်လိုက်၏။

ထိုလူ၏တည်ကြည်လေးနက်သောမျက်နှာကို မြင်လိုက်ရသဖြင့် စိတ်ပြောင်းသွားခြင်းဖြစ်သည်။

ထိုလူငယ်က ပြုံးလိုက်၏။

"ဒီလိုမှပေါ့ဗျ၊ ကဲ... ကျွန်တော် ပြောမယ်၊ ကျွန်တော်သိုင်း

လောကထဲဝင်ပြီး လေ့လာခဲ့တာကြာပါပြီ၊ အထက်လမ်းသိုင်းလောကထဲကကော၊ အောက်လမ်းသိုင်းလောကထဲကကော၊ အခုခက်နေတာက အထက်လမ်းသိုင်းလောကကြီးတစ်ခုလုံး စည်းစည်းရုံးရုံးမရှိဘဲနဲ့ အောက်လမ်းသိုင်းဂိုဏ်းကလေးတွေ မှိုလိုပေါက် ကြီးထွားလာနေတဲ့အချက်ပဲ"

လင်းထက်ဆွေ စိတ်ဝင်စားလာ၏။ သူသည် သိုင်းလောကထဲဝင်လာခဲ့သူ ဖြစ်သည်။

သို့သော် ကိုယ်ရေးကိုယ်တာကိစ္စများ လုံးထွေးရစ်ချာနေသဖြင့် သိုင်းလောကအကြောင်း ရေရေရာရာ မသိခဲ့ပေ။

ယခု သူ မသိရသေးသော သိုင်းလောကအကြောင်း သူစိမ်းတရံတစ်ယောက်က လာရောက်ပြောကြားနေသဖြင့် သူ့အဖို့ တန်ဖိုးရှိသည်ဟု တွေးမိ၏။

ထိုလူငယ်က ဆက်ပြော၏။

"အောက်လမ်းဂိုဏ်းတွေထဲမှာ အဆိုးရွားဆုံးဂိုဏ်းက သွေးစုပ်ဂိုဏ်းပဲ၊ ဒီဂိုဏ်းဟာ နှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်ခဲ့ပြီးမှ အခု ခေါင်းပြန်ထောင်လာတယ်"

လင်းထက်ဆွေက စိတ်ပါလက်ပါ ထောက်ခံလိုက်၏။

"ဟုတ်ကဲ့... ဒါတော့ ကျွန်တော်လဲ သိပါတယ်"



"တစ်ချိန်တုန်းက ဒီသွေးစုပ်ဂိုဏ်းကြောင့် တရုတ်ပြည်ကြီးတစ်ပြည်လုံး အုတ်အော်သောင်းနင်းဖြစ်ခဲ့ရတယ်၊ ဒီဂိုဏ်းနဲ့တခြားသိုင်းဂိုဏ်းတွေယှဉ်ပြိုင်တိုက်ခိုက်ကြရာမှာ သွေးချောင်းစီးခဲ့ရတယ်၊ ပြည်သူပြည်သားတွေ အထိတ်တလန့် ဖြစ်ခဲ့ရတယ်၊ ဒီအဖြစ်တွေ တကယ်ဖြစ်သင့်သလား"

လင်းထက်ဆွေက ခေါင်းခါ၏။

"ဟာ... ဘယ် ဖြစ်သင့်ပါမလဲ၊ ကျွန်တော်လဲ လူသတ်တာ မကြိုက်ပါဘူး"

"အဲဒါပြောတာပေ့ါ၊ ခင်ဗျားစိတ်ဓာတ်ကို ကျွန်တော်သိပြီးသားပါ၊ ခင်ဗျားဟာ စိတ်ထားဖြူစင်တယ်၊ ရဲရင့်တယ်၊ မဟုတ်မခံစိတ်ရှိတယ်"

လူစိမ်းက သူ့အား ဖြောင်းချီးကျူးလိုက်သဖြင့် လင်းထက်ဆွေမှာ နေမထိထိုင်မသာ ဖြစ်သွား၏။

လင်းထက်ဆွေက....

"ကျွန်တော် နားမလည်တာတစ်ခုရှိတယ်"

"ဘာလဲ"

"သွေးစုပ်ဂိုဏ်းရဲ့ သွေးအကျဉ်းထောင်နဲ့ သွေးမျှော်စင်အိမ်ကိုရောက်ခဲ့ဖူးပါတယ်၊ အခု ကျွန်တော်သိတာကတော့ သွေးစုပ်ဂိုဏ်းရဲ့ဌာနချုပ်ဟာ ကျူးအီးဟောင်ဖြစ်နေတယ်"

ထိုသူက ခေါင်းညိတ်၏။

"ဒါကတော့ ခင်ဗျားအနေနဲ့ သိုင်းလောကထဲသိပ်မကျင်

လည်သေးလို့ပါ၊ သွေးစုပ်ဂိုဏ်းရဲ့ဌာနချုပ်ကတော့ ကျူးအီးတောင်ပဲ ပဲ၊ ဒါက ဟိုး ယခင်ကတည်းက ရှိခဲ့တာပါ၊ ခင်ဗျားတွေ့ခဲ့တဲ့ သွေး မျှော်စင်အိမ်နဲ့ သွေးအကျဉ်းထောင်ဟာ သွေးစုပ်ဂိုဏ်းရဲ့စခန်းတစ်ခု ပေါ့"

"အဲဒီမှာ ကျွန်တော်ဟာ သူ့ရဲ့ကောင်းဖူးကျားလိုကို တွေ့ခဲ့ တယ်"

"ကျွန်တော် သူ့ကိုသိတယ်၊ ဒီလူ့ကိုလိုက်ရှာနေတာကြာပြီ ဒီလူဟာ စိတ်ကောင်းစေတနာကောင်း ရှိတယ်၊ ရဲရင့်တယ်၊ ဒါပေမယ့် သူပျောက်သွားတယ်"

"သူ သေသွားပြီလေ"

"ကြားပြီးပါပြီ၊ သူဟာ သူ့ရဲ့ကောင်းတွေ သေဆုံးခြင်းနဲ့သေ ဆုံးသွားခဲ့တယ်လို့ကြားတယ်၊ သူ့ရဲ့အမှာတော်ကို လူငယ်တစ် ယောက်ကတစ်ဆင့် သိုင်းလောကကိုပါးလိုက်တယ်လို့ ကြားတယ် အဲဒီလူငယ်ဟာလဲ ခင်ဗျားဆိုတာ ကျွန်တော်သိတယ်"

လင်းထက်ဆွေက အထိတ်တလန့် ဖြစ်သွား၏။

"ဟင်… ခင်ဗျားက အကုန်သိနေတာပါပဲလား"

ထိုလူက ရှားရှားပါးပါး ပြုံးလိုက်၏။

"ကျွန်တော်က သိရုံသိတာပါ၊ သိုင်းလောကထဲမှာ တကယ် လှုပ်ရှားဖို့ကျတော့ ကျွန်တော်လဲ မတတ်နိုင်ဘူး၊ စိတ်ကောင်းစေတ နာကောင်းရှိတဲ့လူတစ်ယောက်ကို ရှာဖို့လိုတယ်"

"အဲဒီလူက ခင်ဗျားအတွက် ဘာလုပ်ပေးရမှာလဲ"



ထိုလူက ခေါင်းကိုသွက်သွက် ခါယမ်းလိုက်သည်။

"ဟင့်အင်း… ခင်ဗျားမှားနေပြီ၊ အဲဒီလူက ကျွန်တော့်အ တွက် လုပ်ပေးရမှာမဟုတ်ဘူး၊ တရုတ်ပြည်သူပြည်သား အရပ်သား တွေအတွက် လုပ်ပေးရမှာပါ၊ နောက်ဆုံးရှင်းရှင်းပြောရရင်တော့ တ ရုတ်ဧကရာဇ်ကြီးအတွက် အလုပ်လုပ်ပေးရမှာပါ၊ တရုတ်ဧကရာဇ် ကြီးက အောက်လမ်းဂိုဏ်းသားတွေကြီးစိုးပြီး ခုတ်ထစ်လုယက်သတ် ဖြတ်နေတာကို မလိုလားဘူး၊ သူ့တပ်မတော်ကြီးနဲ့ နှိမ်နင်းဖို့ကျတော့ လဲ လူရယ်စရာဖြစ်နေတယ်၊ ဒီတော့ သင့်ရာသင့်ကြောင်း သူ့ရဲ့ ကောင်းတွေဖော်ထုတ်ပြီး ဒီတိုင်းပြည်ရဲ့ဆူးညောင့်ခလုတ်ဖြစ်တဲ့ အောက်လမ်းဂိုဏ်းသားတွေကို နှိမ်နင်းစေချင်တယ်"

လင်းထက်ဆွေ ထိတ်လန့်သွား၏။ ဤလူငယ်သည် သာမ ညလူငယ် မဖြစ်နိုင်တော့ပေ။

နေပြည်တော်မှ စေလွှတ်လိုက်သည့် လူတစ်ယောက်၊ စေ တမန်တစ်ယောက်သာ ဖြစ်ပေတော့မည်။

သူသည် တောထဲတောင်ထဲ၌ ကြီးပြင်းခဲ့ရသူဖြစ်၍ နေပြည် တော်မှလူများနှင့် အပေါက်အလမ်းမတည့်အောင် ပြောနိုင်မည်မ ဟုတ်ဟု သူ့ကိုယ်သူ မယုံမရဲဖြစ်လာသည်။

"ဒီလိုဆိုရင် ခင်ဗျား… ခင်ဗျား… ဟာ"

"ကျွန်တော်က ငြိမ်းချမ်းရေးတမန်ပါ၊ ခင်ဗျားကို ပြောပြီးပြီ ပဲ"

လင်းထက်ဆွေသည် ထိုလူ၏သရုပ်မှန်ကို မစဉ်းစားတတ်

တော့ပါ။

သို့ရာတွင် ထိုလူသည် တရားဘက်တော်သား လူတော်လူကောင်းတစ်ယောက်ဟူ၍ကား သူ ကောင်းစွာ သိရှိနေ၏။

"ကဲ... အခု ခင်ဗျား ဘာလုပ်ချင်သလဲ"

"ကျွန်တော်ပြောပြတာတွေကို ခင်ဗျား သဘောပေါက်ပါတယ်နော်၊ ကျွန်တော့်အဓိက ရည်မှန်းချက်ကို ခင်ဗျားသိမယ်လို့ ကျွန်တော် ထင်ပါတယ်"

"ကျွန်တော်က ခင်ဗျားကိုကူညီရမယ်လို့ ဆိုလိုတာလား"

ထိုလူက နှစ်နှစ်ကာကာ ပြုံးလိုက်၏။

"ကျွန်တော်တို့ရဲ့ ကေရာဇ်ကြီးဟာ တိုင်းပြည်ပြုလုပ်ငန်းတွေကို မနားတမ်း ဆောင်ရွက်နေရပါတယ်၊ တကယ်လို့ ခင်ဗျားဆန္ဒရှိမယ်ဆိုရင် ဒီဘက်မှာကွက်လပ်ဖြစ်နေတဲ့နေရာကို ခင်ဗျား ဖြည့်ပေးပါ၊ ကျွန်တော့်ကိုကူညီတာတော့ မဟုတ်ပါဘူး၊ ကေရာဇ်ကြီးကို ကူညီတာပါ"

"ဒီလိုတော့ မပြောပါနဲ့၊ ကျွန်တော်ဟာ ကျေးတောသားတစ်ယောက်ပါ၊ ကေရာဇ်ကြီးကို...."

ထိုလူက ခေါင်းညိတ်လိုက်၏။

"မှန်ပါတယ်... ကျွန်တော်တို့အားလုံးဟာ ကေရာဇ်ကြီးရဲ့ ကျေးတော်မျိုး ကျွန်တော်မျိုးပါ၊ ကေရာဇ်ကြီးရဲ့ အမှုတော်ကို ခင်ဗျားထမ်းပါ၊ လိုအပ်တဲ့အချိန်တိုင်းမှာ ခင်ဗျားကို လာတွေ့ပါမယ်ကဲ... အခုဆိုရင် ကျွန်တော့်တာဝန်ဟာ ငါးဆယ်ရာခိုင်နှုန်း အောင်မြင်



သွားပါပြီ၊ ကျွန်တော့်ကို ခွင့်ပြုပါတော့"

လင်းထက်ဆွေက လှမ်းတားလိုက်၏။

"ခင်ဗျားနာမည် ပြောခဲ့ပါဦး"

ထိုသူက ရယ်လိုက်၏။

"အင်း... အခုလိုဆိုတော့လဲ ပြောရတာပေါ့ဗျာ၊ ထန်မင်းကွေ့ဆိုတာ ကျွန်တော့်နာမည်ပါပဲ"

ထိုလူလေချွန်လိုက်သောအခါ အလွန်တရာ ထွားကျိုင်းသန်မာသောမြင်းကြီးတစ်ကောင် ပြေးလာ၏။

ထိုလူသည် လွှားခနဲ ခုန်တက်လိုက်ပြီး လက်ပြနှုတ်ဆက်ကာ အပြင်းစိုင်းနှင်သွားလေတော့၏။

## အခန်း(၆၆)
## တောင်စောင့်ခုနစ်တော်

လင်းထက်ဆွေသည် ထန်မင်းကွေ့ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေပြီးနောက် တောအုပ်ထဲသို့ဖြေးညင်းစွာ လျှောက်သာမိလေ၏။

သူ၌ စဉ်းစားစရာများစွာ ရှိနေလေပြီ။ သူ မည်မျှလျှောက်နေမိသည်မသိ တောအုပ်အလယ် ကျောက်ပြားတစ်ချပ်ပေါ်၌ ထိုင်ငိုနေသည့်မိန်းကလေးကိုတွေ့မှ သူ့အတွေးစများ ပြတ်သွားလေ၏။

"ဟင်... ကွမ်းရဲစမ်းပါလား"

ကွမ်းရဲစမ်းသည် ကျောက်ပြားပေါ်တွင် ရှိုက်ငင်ငိုကြွေးနေသည်။

သူမ၏မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်လျှက် တစ်ကိုယ်လုံး တသိမ့်သိမ့်ခါ ငိုရှိုက်နေသည်။

သူမ၏အနီးသို့ လင်းထက်ဆွေရောက်ရှိလာသည်ကိုပင် လုံး



ဝဂရုမစိုက်ပဲ ငိုမြဲငိုနေ၏။

လင်းထက်ဆွေက နှစ်သိမ့်ဖျောင်းဖျလိုက်သည်။

"ကွမ်းရဲစမ်း... ဒီလောက်အထိ စိတ်မကောင်းဖြစ်မနေပါနဲ့၊ ဒီသွေးစုပ်ဂိုဏ်းကို ငါကိုယ်တိုင်ဖြိုပစ်မှာပါ၊ ခုလဲ ကြျူလုံပေါင်းဂိုဏ်းမှာ..."

ကွမ်းရဲစမ်းသည် လင်းထက်ဆွေ၏စကားကို ဆုံးအောင်နားမထောင်တော့ပဲ ကျောက်ပြားထက်မှ ဆတ်ခနဲ ခုန်ထလိုက်သည်။

ထို့နောက် လင်းထက်ဆွေအား နှင်ထုတ်တော့သည်။

"သွားပါ... ရှင် ကျွန်မကို အရေးလုပ်မနေစမ်းပါနဲ့"

လင်းထက်ဆွေမှာ အောင့်သက်သက် ဖြစ်သွား၏။

"မင်း ဘယ်သူ့ကိုစိတ်ဆိုးနေတာလဲ ညီမလေးရယ်"

ကွမ်းရဲစမ်းက လက်ညှိုးငေါက်ငေါက်ထိုး၍ ရန်တွေ့သည်။

"ရှင့်ကိုစိတ်ဆိုးနေတာ... ရှင့်ကိုစိတ်ဆိုးနေတာရှင်... သိပြီလား"

"ဟင်... ငါ့ကိုစိတ်ဆိုးနေတယ် ဟုတ်လား"

"ဟုတ်တယ်... ဟုတ်တယ်၊ ရှင်ဟာ အလကားလူ၊ မသိနားမလည်သလိုနဲ့ အိပ်ချင်ယောင်ဆောင်နေတဲ့လူ"

"ငါ ဘာဖြစ်နေလို့လဲကွာ"

"ရှင် ဘာဖြစ်နေတယ်ဆိုတာ ရှင့်ကိုယ်ရှင် မသိဘူးလား။ ရှင်က ကျွန်မကို ဘယ်လိုအောင့်မေ့နေလို့လဲ၊ ရှင် ကျွန်မကို ဘယ်လို

သဘောထားနေလဲ"

လင်းထက်ဆွေသည် ရှုပ်ပွေနေသည့် ဆံပင်များကို တဖျင်းဖျင်းကုတ်လိုက်၏။

"ဟင်း... သွားကြည့်လိုက်ချင်စမ်းပါတယ်၊ သွေးစုပ်ဂိုဏ်းချုပ်ရဲ့ မြေးမလေး လိနဲရှန်လန် ဘယ်လောက်များ လှနေသလဲလို့ သိုင်းပညာလဲ ဘယ်လောက်များ ကောင်းနေသလဲလို့"

သူမသည် စကားဆုံးသည်နှင့် ရုတ်တရက် တောအုပ်အတွင်းသို့ ပြေးထွက်သွားတော့သည်။

လင်းထက်ဆွေမှာ ငိုင်၍ ကျန်ရစ်လေ၏။

ကွမ်းရဲစမ်းတစ်ယောက် သူ့အပေါ် တိမ်းညွတ်ကာ လိနဲရှန်လန်ကို မကျေမနပ်ဖြစ်နေကြောင်း စဉ်းစားမိသောအခါမှ ရုတ်တရက် ထိတ်လန့်သွားမိလေတော့သည်။

ကွမ်းရဲစမ်းသည် စိတ်ကြီးသူ စိတ်ဆတ်သူဖြစ်သည်။

အချစ်စိတ်မွှန်ပြီး လိနဲရှန်လန်ထံသို့သွားကောင်း သွားနိုင်သည်။

ကျူးအီးတောင် မည်မျှ အန္တရာယ်ကြီးသည်ကို သူ ကောင်းစွာ သိသည်။

ထို့ကြောင့် အရေးတကြီးပင် ကွမ်းရဲစမ်း၏နောက်မှ ပြေးလိုက်မိလေတော့၏။



"ကွမ်းရဲစမ်း... ကွမ်းရဲစမ်း"

"ရှီ... ဝှစ်...."

လင်းထက်ဆွေ၏ အော်ဟစ်လိုက်သံအဆုံးတွင် လက်နက်ပုန်းတစ်ခု လေထုကိုထိုးခွဲထွက်လာသံထွက်ပေါ်လာသည်။

ထိုလက်နက်ပုန်း၏ပစ်အားမှာ ပြင်းထန်လှပေသည်။

လင်းထက်ဆွေသည် ဖျတ်လတ်သွက်လက်စွာ ဖမ်းယူလိုက်သည်။ သို့သော် မမိပေ။

"ဒုတ်...."

ကြယ်ပွင့်သဏ္ဍာန် ထောင့်လေးထောင့်ရှိသောလက်နက်ပုန်းမှာ လျှင်မြန်လွန်းလှသဖြင့် လင်းထက်ဆွေကဲ့သို့ သိုင်းပညာအတော်အတန် အဆင့်မြင့်သူတစ်ဦးပင် မိအောင် မဖမ်းလိုက်နိုင်ပဲ သစ်ပင်တစ်ပင်တွင် စိုက်ဝင်သွားသည်။

လင်းထက်ဆွေ ငိုင်သွားသည်။

"ငါက သူ့ကိုသွေးစုပ်ဂိုဏ်းဌာနချုပ်ကိုသွားရင် အန္တရာယ်တွေ့မှာစိုးလို့ တားတာကို သူက ငါ့စေတနာကို နားမလည်တာကြောင့် ဒီလောက်ရက်စက်ရတာလဲ၊ ငါ့ကို တော်တော်လေးပဲ မေတ္တာတုံးမုန်းတီးနေပြီနဲ့တူပါရဲ့"

သူသည် တီးတိုးရေရွတ်ရင်း ကွမ်းရဲစမ်း နောက်သို့ဆက်၍ လိုက်သင့်မလိုက်သင့် စဉ်းစားနေ၏။

"ချာတိတ်လေး... မင်းက အိပ်မက်ပြီး စကားပြောနေတာလား"

မဝီမသ အသံဝဲဝဲဖြင့် လင်းထက်ဆွေ နံဘေးမှစကားသံတစ်သံ ထွက်ပေါ်လာသည်။ လင်းထက်ဆွေ လန့်သွားပြီး အသံလာရာသို့ ကြည့်လိုက်မိသည်။ ထိုအခါမှ ပို၍ လန့်ဖျပ်သွားရတော့သည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

သူနှင့်မလှမ်းမကမ်း၌ လူခုနစ်ဦး တန်းစီ၍ ရပ်နေကြသည်ကို သူ တွေ့လိုက်ရ၏။ ထိုသူများမှာ လူနှင့်မတူဘဲ တိရစ္ဆာန်အရိုင်းအစိုင်းများနှင့် တူနေသည်။

ဤမျှအေးချမ်းသော ရာသီဥတုဖြစ်သော်လည်း သူတို့၏ကိုယ်ပေါ်တွင် မည်သည့်အဝတ်အစားမျှ ဝတ်ဆင်မထားပဲ ခန္ဓာကိုယ်အောက်ပိုင်း၌သာ တိရစ္ဆာန်သားရေတစ်ချပ်ကို ခါးပတ်၍ စည်းထား၏။

ထိုသူများ၏ဆံပင်များကလည်း ငှက်သိုက်များပမာ ကြည့်မကောင်း ရှုမကောင်းဖြစ်နေသည်။

လည်ပင်း၌ တိရစ္ဆာန်များ၏အစွယ်များကို ကြိုးဖြင့်သီကုံးထား၏။ ခါးတွင်မူ ပေါက်ဓားပုံဆယ့်နှစ်လက်ကို ချိတ်ဆွဲထားပေသည်။

သူတို့၏လှုပ်ရှားမှုနှင့်ပုံသဏ္ဍာန်များမှာ မကောင်းဆိုးရွားများနှင့်အလွန်ပင် တူပေသည်။



၎င်းတို့ခုနစ်ယောက်ထဲမှ အသန်မာ အတောင့်တင်းဆုံးလူက စကားထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောသည်။

"မင်း တို့ကို မသိဘူးလား"

"ဘယ်သူက ခင်ဗျားတို့ကို သိရမှာလဲ၊ ခင်ဗျားတို့ကကော ကျုပ်ကို သိနေလို့လား"

"ဟား... ဟား... ဟား... မင်း မသိသလို တို့ကလဲ မင်းကိုမသိပါဘူး"

လင်းထက်ဆွေမှာ အူကြောင်ကြောင် ဖြစ်သွား၏။

"တစ်ယောက်နဲ့တစ်ယောက် မသိကြပဲ ခင်ဗျားတို့က ဘာဖြစ်လို့ ကျုပ်လမ်းကို တားထားရတာလဲ၊ ဘာလို့လက်နက်ပုန်းနဲ့ပစ်ရတာလဲ"

ထိုသူက အားပါးတရ ရယ်မောလိုက်ပြီး...

"မင်းကို မသိပေမယ့် မင်းအိတ်ထဲက ကေရာဇ်သိုင်းကျမ်းစာအုပ်ကိုတော့ ငါတို့သိတယ်"

"ဒီစာအုပ်နဲ့ခင်ဗျားတို့နဲ့ တူလို့တန်လို့လား"

လင်းထက်ဆွေက အထင်သေးစွာ ပြောလိုက်မိ၏။

ထိုအခါ ခေါင်းဆောင်ဖြစ်ဟန်တူသူက....

"မင်း တော်တော် အပြောကြီးပါလား၊ စိချွမ်... ကွမ်တုံ... ယွင်နန်နဲ့ကွေကျူးပြည်နည်တွေမှာ 'ကန်းစု ဓားပျံဂိုဏ်း'ကို ဘယ်သူမှ မလွန်ဆန်ရဲဘူး၊ ဘယ်သူမှမလွန်ဆန်ရဲဘူး၊ ဝိစမ်းစင်ရဲ့အမိန့်ကို တ

သဝေမတိမ်း လိုက်နာကြရတယ်၊ ဒီနေ့ ငါတို့တောင်စောင့်ညီနောင် ခုနစ်ဖော်ကိုယ်တိုင် လိုက်လာတာဟာ မင်းအိတ်ထဲက သိုင်းကျမ်းစာအုပ်တစ်အုပ်အတွက်ကြောင့်ဆိုတာ နားလည်ပါ"

ကန်းစု စားပွဲဂိုဏ်း။ ယင်းဂိုဏ်းမှာ စီချွမ်... ကွမ်တုံ... ယွင်နန်နှင့် ကွေကျူးပြည်နယ်များ၌ ထိပ်ဆုံးရောက် နံပါတ်တစ်ဂိုဏ်းတစ်ဂိုဏ်း ဖြစ်သည်။

သို့ရာတွင် ထိုဂိုဏ်းသားများမှာ တရုတ်ပြည်အလယ်ပိုင်း မြေပြန့် သိုင်းလောကသားများနှင့် အသွားအလာ အဆက်အဆံမရှိကြပေ။

အလယ်ပိုင်း မြေပြန့်သိုင်းသမားများကလည်း သူတို့ကို ရန်မပြုဝံ့ကြပေ။

ဘုတ် ကျီးရှိသေ၊ ကျီး ဘုတ်ရှိသေ အပြန်အလှန် တလေးတစား ရှိကြ၏။

လင်းထက်ဆွေသည် သိုင်းလောကထဲသို့ ဝင်ရောက်လာချိန် မကြာသေးသော်လည်း ကန်းစုစားပွဲဂိုဏ်း၏ အမည်နာမကိုမူ စောစောကတည်းကပင် ကြားဖူးနားဝရှိခဲ့ပေသည်။

လင်းထက်ဆွေသည် မပေါ့ဆရဲတော့ပေ။ သတိနှင့်ခပ်ဖြည်းဖြည်း ပြောသည်။

"ခင်ဗျားတို့ ဘာတွေ ပြောနေတာလဲ၊ ကန်းစုစားပွဲဂိုဏ်းဆိုတာ တောတန်းတွေဘက်မှာသာ ရှိတာ၊ အလယ်ပိုင်းမြေပြန့်သိုင်းလောကသားနဲ့လားလားမှ သက်ဆိုင်တာမဟုတ်ဘူး။ မြစ်ရေနဲ့တွင်း



ရေလို တသီးတခြားစီပဲ"

ခေါင်းဆောင်ဖြစ်သူက သူ့ရင်ဘတ်ကို တဗုန်းဗုန်း ထုပြရင်း

"ဘာဖြစ်သလဲ... မင်းတို့မြေပြန့်သားတွေလဲ တောင်တန်းကို လာကြတာပဲ၊ ငါတို့တောင်တန်းသားတွေ မြေပြန့်ကိုလာတာ ဘာဖြစ်သလဲ အဆန်းလား"

"လာပြီးရင် ပြန်ပေါ့ဗျာ၊ ဒါပဲ ရှိတာပဲ"

"ကျောက်စိမ်းကေရာဇ်သိုင်းကျမ်းရရင် ပြန်မယ်"

"ဟား... ဟား... ဟား... ဒီလိုတော့ လွယ်လွယ်နဲ့ဘယ်ရမလဲဗျာ၊ လွယ်လွယ်ပေးလိုက်ရင် ခင်ဗျားတို့ကိုကြောက်လို့ ပေးလိုက်တယ်လို့ အများက ထင်သွားမှာပေါ့၊ သိုင်းလောကလဲ နာမည်ပျက်တော့မှာပေါ့"

ကန်းစု ခေါင်းဆောင်သည် လင်းထက်ဆွေ၏စကားကို ရုတ် တရက် နားမလည်လိုက်သဖြင့် ထပ်မေး၏။

"မင်း ဘာပြောလိုက်တာလဲ"

လင်းထက်ဆွေက စကားကိုပြင်ပြောလိုက်၏။

"ကျုပ်က ခင်ဗျားတို့ကို သိုင်းကျမ်းလိုချင်လို့ အလကားမပေးနိုင်ဘူးလို့ ပြောတာပါ"

"အလကား မပေးနိုင်ဘူး ဟုတ်လား၊ တို့က ဘာပြန်ပေးရမှာလဲ"

"ခင်ဗျားတို့ရဲ့သိုင်းပညာက ကျုပ်ရဲ့သိုင်းပညာထက် သာသလား မသာဘူးလားဆိုတာ စမ်းသပ်ပြီးမှ ပေးနိုင်မယ်"

"မင်း ဆိုလိုတဲ့သဘောက သိုင်းပညာနဲ့ယှဉ်ပြိုင်တိုက်ခိုက်မယ်ဆိုပါတော့"

တောင်စောင့်ညီနောင် ခုနစ်ဖော်တို့က တဟားဟား ရယ်လိုက်ပြန်သည်။

သူတို့၏ရယ်သံများက ငှက်ဆိုးထိုးလိုက်သည့်အလား တောအုပ်ကလေးအတွင်း၌ ပဲ့တင်ထပ်သွားသည်။

"မင်းက ငယ်ငယ်လေးပဲ၊ တို့ကို မင်း ဘယ်လိုမှနိုင်မှာမဟုတ်ဘူး၊ အပြော သိပ်မကြီးနဲ့"

လင်းထက်ဆွေသည် ထိုသူများနှင့်စကားအပိုပြောချင်စိတ်မရှိတော့ဘဲ လက်ဝါးနှစ်ဖက်ကို သူ့ရင်ဘတ်ရှေ့တွင် အသင့်ပြင်ထားလိုက်သည်။

"ဘယ်သူက အပြောကြီးသလဲဆိုတာ ကြည့်ကြသေးတာပေါ့"

"ဝုန်း..."

လင်းထက်ဆွေက ခုနစ်ယောက်အလယ်သို့ရိုက်ချလိုက်၏။ တောင်စောင့်ညီနောင်ခုနစ်ဖော်တို့မှာ ဇူးဇူးရားရား အော်ဟစ်လိုက်ကြပြီး တရိပ်ရိပ် ခုန်ရှောင်ထွက်သွားကြသည်။

သူတို့နှုတ်ဖျားမှ ထွက်ပေါ်လာသော အော်ဟစ်သံမှာ တိ



ရစ္ဆာန်အော်သံများနှင့်တူနေသည်။

သူတို့သည် တမုဟုတ်ချင်းမှာပင် လူစုခွဲလိုက်ကြပြီး လင်းထက်ဆွေအား ရှေ့နောက်ဝဲယာ ဝိုင်းရံလိုက်ကြ၏။

လင်းထက်ဆွေသည် ခုနစ်ယောက်၏အလယ်၌ မသိမသာ ကိုယ်ကိုလှည့်နေသည်။

ထိုသူတို့၏ခါးများတွင် ချိတ်ဆွဲထားသည့်ပေါက်ဓားပုံများကို အထူးဂရုစိုက်ရမည်ကို သူ့ဘာသာ သတိပေးနေလေ၏။

တောင်စောင့်ညီနောင် ခုနစ်ဖော်တို့မှာ လူစုခွဲလိုက်ပြီးသည်နှင့်ချက်ချင်း ရှေ့သို့တက်မလာကြပေ။

လည်ချောင်းခြစ်သံဖြင့် မာန်ဖီအော်ဟစ်နေပုံမှာ သားရဲတိရစ္ဆာန်တို့လူကို ခုန်အုပ်တိုက်ခိုက်မည့်ရှေ့ပြေး အမူအရာများနှင့်တူနေပေသည်။

လင်းထက်ဆွေမှာ သားရဲတိရစ္ဆာန်များ အလယ်သို့ရောက်သည့်သားကောင်နှင့်တူနေ၏။

"အူး..."

တောင်စောင့်ညီနောင်တို့ ရုတ်တရက် ပြိုင်တူအော်လိုက်ကြပြန်သည်။

တိုက်ပွဲခေါ်သံပင် ဖြစ်ပေလိမ့်မယ်။ သူတို့၏အော်သံက တစ်တောလုံး ဆူညံသွား၏။

အော်ပြီးသည်နှင့် လင်းထက်ဆွေထံသို့ ပြိုင်တူခုန်အုပ်လိုက်ကြလေတော့၏။

ညီညာခြင်း၊ လျှင်မြန်ခြင်းတို့တွင် စံနမူနာယူလောက်သော တိုက်ကွက် ဖြစ်ပေသည်။

ချောက်ချားဖွယ်ကောင်းသော တိုက်ခိုက်မှုဖြစ်သော်လည်း လင်းထက်ဆွေ သတိလက်လွတ်မဖြစ်ခဲ့ပေ။

လေပွေပင်လယ်ဖြတ်သိုင်းကွက်ဖြင့် လက်ဝါးနှစ်ဖက်ကို အဆက်မပြတ် ရိုက်ထုတ်သည်။

ရိုက်အားပြင်းထန်လွန်းသဖြင့် သစ်ကိုင်းများပင် လေရှိန်ဖြင့် လွင့်ခါသွား၏။

တောင်စောင့်ညီနောင်ခုနစ်ဖော်မှာ နောက်လန်သွားကြ၏။

တောင်စောင့်ညီနောင်တို့ သိသွားသည့်အချက်မှာ ဤလူငယ်ကလေး၏ သိုင်းပညာသည် အသက်ငယ်သည်နှင့် ဆန့်ကျင်စွာ သိုင်းပညာကြီးမားနေသည့်အချက်ပင်တည်း။ သို့သော် သူတို့မကြောက်ပေ။

တောရဲတိရစ္ဆာန်များကဲ့သို့ အော်ဟစ်ရင်း ထပ်မံတိုက်ခိုက်ကြပြန်၏။



လင်းထက်ဆွေသည် အားလုံးကိုတားထားရ၏။

အကယ်၍သာ တစ်စုံတစ်ယောက်သာ ရှေ့သို့တက်လာပါက လင်းထက်ဆွေအဖို့ အရှုံးနှင့်ရင်ဆိုင်ကာ အသက်ပင် ဆုံးသွားနိုင်ပေသည်။

ထိုသူများမှာ နွားသိုးများကဲ့သို့ သန်မာအားကြီးသောသူများ ဖြစ်ကြ၏။

ရှေ့သို့တက်ခွင့်ရသည်နှင့် ကိုယ့်အသက်ကို အမိကမထားပဲ လင်းထက်ဆွေကို ဖက်တွယ်ထားမည်ဆိုပါက ကျန်ခြောက်ဦးက အလွယ်တကူပင် ဝိုင်းဝန်းတိုက်ခိုက်ကာ အသက်ဇီဝိန်ခြွေယူသွားမည် ဖြစ်ပေသည်။

ထိုအချက်ကို ကြိုတင်သိမြင်ထားသော လင်းထက်ဆွေသည် လူရိုင်းခုနစ်ယောက်စလုံးကို အပြင်းအထန် တားဆီးထားရလေသည်။

"ဝုန်း...."

"ဖြတ်... ဖြတ်"

ကြာသော် တောင်စောင့်ခုနစ်ဖော်သည် တိုက်ပွဲနည်းဗျူဟာ ပြောင်းလဲလာ၏။

ခုနစ်ယောက်စလုံးက အားကုန်တိုက်သည့်စနစ် မသုံးတော့ပေ။

တစ်ယောက်စီ အားကုန်တိုက်ပြီး ကျန်လူများက သူတို့၏ အတွင်းအားများကို လျှို့ထားကြ၏။

လင်းထက်ဆွေ လက်ပန်းကျအောင် တိုက်ခိုက်ကြခြင်းဖြစ်ပေသည်။

လင်းထက်ဆွေသည် ထိုနည်းဗျူဟာကို တဖြည်းဖြည်း ရိပ်မိလာ၏။

ထို့ကြောင့်....

"ခင်ဗျားတို့အသက်ကို ခင်ဗျားတို့နှမြောကြရင် ကိုယ့်နေရာကိုယ်ပြန်သွားကြပါ၊ ဒီလိုမှမဟုတ်ရင်တော့ ကျုပ် လုံးဝသည်းမခံနိုင်တော့ဘူး"

လင်းထက်ဆွေက အလိမ္မာသုံး၍ နှင်ထုတ်ခြင်းဖြစ်ပေသည်။

သို့သော် တောင်စောင့်ခုနစ်ဖော်ဆိုသူတို့မှာလည်း သိုင်းလောကသားများပေပဲ။

ဤစကားမျှနှင့်လောက်တော့ မည်သို့မျှ နောက်မဆုတ်ကြပေ။

လင်းထက်ဆွေသည် ဆုံးဖြတ်ချက်ချလိုက်၏။ သူ့ထံသို့ ခေါင်းဆောင်ဖြစ်သူ ခုန်ဝင်လာသည်နှင့် ကျောက်စိမ်းကေရာဇ်သိုင်းကျမ်းမှ ပထမတစ်ကွက်ဖြင့် ရိုက်ချလိုက်သည်။

"ဗုန်း...."

"အား...."

နားပွင့်လုမတတ် နာကျင်စွာ အော်ဟစ်လိုက်သောအသံတစ်သံ ထွက်ပေါ်လာ၏။



ခေါင်းဆောင်ဖြစ်ဟန်တူသူမှာ လင်းထက်ဆွေ၏လက်ဝါးရိုက်ချက်ကြောင့် အပေါ်သို့မြောက်တက်သွားသည်။

"ဗုန်း...."

ထိုသူမှာ မြေပြင်ပေါ်သို့ပြန်ကျသည့်တိုင် မရပ်မနားနိုင်ဘဲ တလိမ့်လိမ့် ရွေ့သွား၏။

ကျန်တောင်စောင့်ညီနောင် ခြောက်ယောက်တို့၏တိုက်ကွက်မှာ ရုတ်ခြည်း ရပ်တန့်သွားသည်။

လင်းထက်ဆွေက....

"ကျုပ် တော်တော်လေး သည်းခံခဲ့ပြီးပြီ၊ ခုတော့ ခင်ဗျားတို့ ဘာတတ်နိုင်သေးသလဲ"

တောင်စောင့်ညီနောင်တို့က လင်းထက်ဆွေကိုစူးစိုက်ကြည့်နေကြသည်။

ထိုစဉ် သူတို့ထဲမှ အရုပ်ဆိုးဆိုး လူတစ်ယောက်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"ဓားပျံထုတ်"

အသံသည် ပွဲတင်ထပ်သွားသည်။

## အခန်း(၆၇)
## အသက်သခင်ကျေးဇူးရှင်

တောင်စောင့်ညီနောင်ခုနစ်ဖော်တို့သည် ခါးတွင်ချိတ်ဆွဲထားသောခါးပတ်များမှ ဓားအသီးသီး ဆွဲထုတ်လိုက်လေသည်။

ဓားများသည် နေရောင်ကြောင့် တဖျပ်ဖျပ် တောက်ပနေသည်။

လင်းထက်ဆွေက ထိုသူများ ဒေါသထွက်ပြီး အချိန်အဆလွဲမှားစေရန် ဆွပေးလိုက်၏။

"ခင်ဗျားတို့ အရှက်မရှိကြဘူးလား၊ ဒီသံချေးတက်နေတဲ့ဓားကလေးတွေနဲ့ အလယ်ပိုင်းမြေပြန့်ဒေသကို လာခြိမ်းခြောက်တာတော့ တကယ့်ကို ကလေးကလား နိုင်တာပဲ"

ဓားထုတ်ရန် အမိန့်ပေးသည့်ရုပ်ဆိုးဆိုးလူက မီးဝင်းဝင်းတောက်သည့်မျက်လုံးများဖြင့် လှမ်းကြည့်ပြီး ကြုံးဝါးလိုက်၏။

"မင်း သတိထားပြီး ရှောင်ပေါ့ကွာ၊ ငါတို့ဂိုဏ်းရဲ့ ပေါက်ဓား



ပျံတွေကို မြောင်လူမျိုး... ယောင်လူမျိုး... လေနဲ့တို့ လူမျိုးတွေရဲ့အဆိပ်တွေထဲမှာ ရက်ပေါင်းတစ်ရာကျော်စိမ်ခဲ့လို့ သိပ်ပြီးအဆိပ်ပြင်းတယ်၊ ခြေလှမ်းခုနစ်လှမ်းအတွင်း အသက်ပျောက်သွားမယ်"

ထိုစကားကို လင်းထက်ဆွေ ယုံသည်။ နယ်ခြားဒေသနှင့်တောင်ပေါ်သားများသည် မြေပြန့်သားများကဲ့သို့ ပရိယာယ်ဝေဝုစ်မရှိကြချေ။

အရိုးခံအတိုင်း ပြောတတ်ကြသည်ဟု သူ့ဆရာစီမာကမ်းစင်းကိုယ်တိုင် ပြောခဲ့ဖူးသည်မဟုတ်ပါလား။

ထို့ကြောင့် ဂရုတစိုက် ခုခံရန်သာ အသင့်ပြင်ထားလိုက်သည်။

သို့သော်လည်း သူ့မျက်နှာ၌ စိုးရိမ်ထိတ်လန့်သည့် အမူအရာကိုမပြဘဲ ပြုံးပြုံးရွှင်ရွှင်ပင် ပြန်ဖြေသည်။

"သွေးထွက်တာနဲ့ သေရုံမကလို့ လေဟပ်တာနဲ့ပဲ သေသေကျုပ်လို လူစားတစ်ယောက်ကို ခြောက်လှန့်လို့ရလိမ့်မယ် မထင်နဲ့ကြောက်စိတ်ဝင်လာလိမ့်မယ်လို့လဲ မထင်လိုက်လေနဲ့"

"အေး... ဒီလောက်တောင် သတ္တိရှိနေရင်လဲ ကြည့်ကြသေးတာပေါ့"

စကားဆုံးသည်နှင့်လှုပ်ရှားမှုကို စတင်လိုက်သည်။

"ဗိုး... ဝှစ်... ဝှစ်... ဝှစ်"

ငွေရောင်အလင်းတန်းများ လက်ဖြာသွားသည်။ တောင်စောင့်ညီနောင်ခြောက်ယောက်၏လက်တွင်းမှ ပေါက်ဓားခြောက်စင်း

သည် လင်းထက်ဆွေထံသို့ တစ်ဟုန်ထိုး ပြေးဝင်သွားသည်။

လင်းထက်ဆွေသည် သူတို့၏အဆိပ်များကို လုံးဝအထင်မသေးချေ။

ပေါက်ဖားများကို လက်ဖြင့်ဖယ်ရှားရန်မကြိုးစားပဲ အကျီလက်စရှည်ဖြင့် ဝှေ့ယမ်းခါထုတ်ပစ်လိုက်သည်။

ဖားများသည် ထက်ကောင်းကင်သို့လွင့်တက်ကုန်ကြလေသည်။

"ဟား... ဟား... ဟား"

ရယ်သူမှာ လင်းထက်ဆွေ မဟုတ်ပါ။ တောစောင့်ညီနောင်ခြောက်ယောက်ပင် ဖြစ်သည်။

သူတို့ အဘယ်ကြောင့်ရယ်သည်ကို လင်းထက်ဆွေ မသိပါ။

"ဗိုး... ဝှစ်... ဝှစ်"

လေတိုးသံများ ကြားသည်နှင့်လင်းထက်ဆွေမှာ သူ့အကျီလက်စရှည်များကို ခါထုတ်ပစ်ရပြန်သည်။

ပေါက်ဖားများသည် ထက်ကောင်းကင်သို့ပြန်လည်လွင့်တက်သွားပြန်လေ၏။

ထိုအခါကျမှ တောင်စောင့်ညီနောင်ခြောက်ယောက် အဘယ်ကြောင့် ရယ်ကြသည်ကို လင်းထက်ဆွေ ရိပ်မိလေတော့၏။



ထိုသူတို့၏ပေါက်ဖားများသည် သာမန်ပေါက်ဖားများနှင့်မတူပဲ ကွေ့ဝိုက်ပြုလုပ်ထားသဖြင့် လင်းထက်ဆွေက သာမန်ရိုက်ထုတ်လိုက်သည့်အခါ ကွေ့ထွက်သွားပြီး နောက်တဖန် လင်းထက်ဆွေထံသို့ ပြန်လည်ကွေ့ဝင်လာကြခြင်း ဖြစ်ပေသည်။

အခြားသော လက်နက်ပုန်းများနှင့်မတူပဲ မျက်စိရှိသောသတ္တဝါတစ်ကောင်ကဲ့သို့ ဦးတည့်ထိုးစိုက်လာခြင်းမှာ အံ့သြတုန်လှုပ်စရာ ကောင်းလှပေတော့သည်။

ဤသို့ဖြင့် ပေါက်ဖားပျံများသည် တတိယအကြိမ် ကွေ့ဝင်လာပြန်သည်။

လင်းထက်ဆွေအနေဖြင့် အကျီလက်စရှည်ဖြင့် ကာကွယ်ခုခံရုံမှတစ်ပါး အခြားနည်းလမ်းများမရှိသဖြင့် လက်စရှည်များကို ထပ်မံဝှေ့ယမ်းလိုက်ရပြန်သည်။

ဝုန်းဟူသောမြည်သံနှင့်အတူ ပေါက်ဖားခြောက်လက်တို့မှာ အောက်သို့ပြုတ်ကျခြင်းမရှိဘဲ ဆယ်ကိုက်ကျော်အမြင့်ဆီသို့ မြင့်တက်သွားသည်။

ယခုရိုက်ထုတ်လိုက်သောရိုက်အားမှာ ယခင်ရိုက်ထုတ်လိုက်သော ရိုက်အားထက် အဆများစွာ ပြင်းထန်နေသဖြင့် ပေါက်ဖားပျံ၏ အောက်သို့ဆင်းကျလာသော အရှိန်နှင့်နှုန်းအားမှာ ယခင်က

ထက် ပိုမိုပြင်းထန်လျှင်မြန်လာမည်ကို လင်းထက်ဆွေ တွက်ဆ၍သည်။

ထို့ကြောင့် လက်ဝါးရိုက်ချက်ထုတ်လွှင့်ပြီးသည်နှင့် လူကလည်း ပေနစ်ဆယ်အကွာသို့ ရှောင်တိမ်းလိုက်သည်။ လူခြောက်ယောက်ကြားမှ ဖောက်ထွက်လိုက်သည်။

တောင်စောင့်ညီနောင် ခြောက်ယောက်တို့မှာ လင်းထက်ဆွေ ဤကဲ့သို့ လှုပ်ရှားမည်ကို ကြိုတင်တွက်ချက်ထားမိသဖြင့် စောစီးစွာပင် ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်ပေသည်။

ပေါက်ဓားပျံပစ်လွှတ်ခြင်းပညာမှာ သူတို့၏အထူးချွန် အထက်မြက်ဆုံးသောပညာရပ်ဖြစ်ပေရာ ၎င်းတို့အချင်းချင်း အချက်ပြကာ နောက်ထပ်ပေါက်ဓားပျံခြောက်လက်ကို ပစ်လွှတ်လိုက်ပြန်လေတော့သည်။

"ဝှစ်... ဝှစ်... ဝှစ်"

ပေါက်ဓားပျံခြောက်လက်က လင်းထက်ဆွေထံသို့ တစိုက်မတ်မတ် ဦးတည်ပြေးဝင်လာပြန်သည်။

ပထမအကြိမ် ပစ်လွှတ်လိုက်စဉ်ကထက် ပို၍ ပြင်းထန်လှပေသည်။

ဤသို့ဖြင့် လင်းထက်ဆွေမှာ ဒုတိယအကြိမ်မြောက် ဓားများကို အကြိမ်ကြိမ် ရိုက်ထုတ်နေရပြန်လေတော့၏။

လင်းထက်ဆွေမှာ ယန္တရားတစ်ခုနှင့် ကြုံတွေ့နေရသည့်အလား ပေါက်ဓားပျံများ၏ ကွေ့ဝိုက်တိုက်ခိုက်မှုကို အကြိမ်ကြိမ်ခုခံနေ



ရ၏။

အကယ်၍ သူ၌ ဓားတစ်ချောင်း သို့မဟုတ် လှံတစ်ချောင်းရှိနေပါက ပေါက်ဓားပျံများကို မြေပြင်သို့လွင့်ကျသွားအောင် သူ ဖန်တီးနိုင်စွမ်းရှိပေလိမ့်မည်။

ယခုမူ ပေါက်ဓားများသည် သူ့အား ချောက်ချားတုန်လှုပ်စေသည်အထိ ဒုက္ခပေးလျက်ရှိနေလေပြီ။

လင်းထက်ဆွေ ထိုသို့စိုးရိမ်ပူပန်နေမိစဉ် ပေါက်ဓားပျံများက သူနှင့်အလွန်ပင် နီးကပ်လာပြန်သည်။

ကမန်းကတန်း လက်ဝါးရိုက်ချက်ထုတ်လိုက်ရပြန်သည်။ ရိုက်အားပျော့သွားသောကြောင့် ဓားများက သိပ်အမြင့်သို့ပျံတက်မသွားတော့ပေ။

တဖြည်းဖြည်း လက်အံ့သေလာသဖြင့် ရိုက်အားသည်လည်း လျော့လာရသည်။

တောင်စောင့်ညီနောင်ခြောက်ယောက်တို့မှာ ထိုအဖြစ်ကိုမြင်ရလျှင် သံသေးသံကြောင့် အော်ဟစ်မြူးထူးကြတော့သည်။

ထိုသို့ရှိနေစဉ် တောအုပ်ကလေး၏အပြင်ဆီမှ 'ဟင်း'ဆိုသောသက်ပြင်းချသံတစ်သံကို လင်းထက်ဆွေ ကြားလိုက်ရတော့သည်။

ထိုအသံနှင့်အတူ ကြီးမားထွားကျိုင်းသော ခန္ဓာကိုယ်တစ်ခု တောအုပ်ထဲသို့ ဝင်ရောက်လာလေ၏။

လင်းထက်ဆွေမှာ အားကုန်ခန်းပြီး မောပန်းနေသည်။

သို့သော် နားနှင့်မျက်စိများ ဖျတ်လတ်နေတုန်းဖြစ်ရာ နောက်ထပ်ရောက်ရှိလာသူကို မသိမသာ အကဲခတ်လိုက်မိ၏။

ထိုအခါ သူ့အတွက် မျှော်လင့်ချက်ရောင်ခြည်ကလေးထွက်ပေါ်လာလေတော့သည်။

ရောက်လာသူမှာ တခြားသူမဟုတ်ပဲ ကြူလုံပေါင်းဂိုဏ်းချုပ်ကြီး ကွမ်းကျန့်ဟုန်းဖြစ်နေသောကြောင့်တည်း။

ကြူလုံပေါင်းဂိုဏ်းချုပ်ကြီးသည် သူနှင့်အဆင်ပြေလှသည်မဟုတ်ပေ။

သို့သော် ကြူလုံပေါင်းဂိုဏ်းချုပ်ကြီးအနေဖြင့် သူ့နယ်မြေအတွင်း ကန်းစုဓားပျံဂိုဏ်းလာရောက်'စွာ'နေခြင်းကို ခံနိုင်လိမ့်မည်မဟုတ်ဟု လင်းထက်ဆွေ သိသည်။

ကြူလုံပေါင်း ဂိုဏ်းချုပ်ကြီး ကွမ်းကျန့်ဟုန်းသည် ချက်ချင်းဝင်မတိုက်သေးပေ။ အခြေအနေကိုစောင့်ကြည့် အကဲခတ်နေ၏။

လင်းထက်ဆွေအနေဖြင့် မြေပြန့်သိုင်းလောကသားချင်း အကူအညီတောင်းနိုင်သော်လည်း အောက်ကျို့ခံ၍ အကူအညီမတောင်းပေ။

သူ့ဘာသာ သူ့အသိဖြင့် ဝင်ကူက ကူစေတော့ဟု သဘောထား၏။



ရန်သူများ၏ဓားပျံများကို သူ့အစွမ်းဖြင့် အပြင်းအထန်ခုခံနေသည်။

"အစ်ကို ကွမ်းကျန့်ဟုန်း... ဂေဟာမှာ ပြဿနာတွေဖြစ်နေပြီ"

အမျိုးသမီးတစ်ယောက်၏အော်ဟစ်ခေါ်လိုက်သံက ဝေးရာမှ တဖြည်းဖြည်း နီးကပ်လာသည်.

စကားသံဆုံးသည်နှင့်လူရိပ်တစ်ရိပ် ရောက်ရှိလာတော့သည်။

"ဂေဟာမှာ ဘာဖြစ်နေလို့လဲ"

ကွမ်းကျန့်ဟုန်းက လေသံတိုးတိုးဖြင့် မေးလိုက်သည်။

အော်ဟစ်ရောက်လာသူမှာ ရဲ့ဖုံးလိမ်ပင်တည်း။

ရဲ့ဖုံးလိမ်သည် လင်းထက်ဆွေ၏တိုက်ပွဲကိုမြင်လိုက်ရတော့သည်။ အကြီးအကျယ် တုန်လှုပ်သွားတော့သည်။

"ဟင်... သား လူလေး၊ စိတ်မလောနဲ့"

သူမသည် စကားဆုံးသည်နှင့် လူသည်လည်း ရိပ်ခနဲ ခုန်ပျံတက်သွားသည်။

အထက်အမြင့်သို့ လွင့်တက်သွားသောဓားပျံများနှင့် ရဲ့ဖုံးလိမ်မှာ အမြင့်တွင် တပြေးညီဖြစ်သွားသည်။

"ဖျပ်... ဖျပ်...."

ရဲ့ဖုံးလိမ်က သူမ၏အင်္ကျီလက်စကို ရုတ်တရက် ဝှေ့ယမ်းလိုက်ရင်း လူများအကြားသို့ ရောက်ရှိသွားသည်။

အင်္ကျီလက်စတိုက်ကွက်ကြောင့် ဓားပျံများ တထန်းထန်းမြည်ကာ အဝေးသို့လွင့်စဉ်ကုန်တော့သည်။

သူ၏ခေါင်းပေါ်မှ ပေါက်ဓားပျံများ ပျောက်ကွယ်သွားသဖြင့် လင်းထက်ဆွေမှာ များစွာ စိတ်သက်သာရာရသွားတော့သည်။

သို့သော် တောင်စောင့်ညီနောင်ခြောက်ယောက်က မကျေချမ်းသောမျက်လုံးများဖြင့် ရဲ့ဖုံးလိမ်အား ဖြိမ်းခြောက်ကြလေတော့၏။

"သိပ်တော်တဲ့ အဘွားကြီးပါလား"

တောင်စောင့်ညီနောင်ခြောက်ယောက်သည် သူတို့ထံ၌ကျန်ရှိနေသေးသော ပေါက်ဓားပျံများဖြင့် ရဲ့ဖုံးလိမ်ထံသို့လည်းကောင်း၊ လင်းထက်ဆွေထံသို့လည်းကောင်း ပစ်လွှတ်လိုက်၏။

ထိုအခါ၌ ရဲ့ဖုံးလိမ်သည် လင်းထက်ဆွေ၏အန္တရာယ်များကို ကာကွယ်ပြီးသည်နှင့် လင်းထက်ဆွေထံသို့ပြေးဝင်သွားချိန်ပင်ဖြစ်သည်။

သူ့အား တောင်စောင့်ညီနောင်တို့က ရန်ပြုသည်ကိုလုံးဝသတိမထားတော့ပေ။

သူမသည် ဝမ်းသာအားရအော်ဟစ်ပြီး လင်းထက်ဆွေထံသို့ပြေးဝင်သွားလေ၏။



"သား... လင်းထက်ဆွေ၊ အား... အမယ်လေး"

ရဲ့ဖုံးလိမ်၏ခန္ဓာကိုယ်မှာ လေထဲတွင်ပင် တွန့်လိမ်ကောက်ကွေး ပြုတ်ကျသွားသည်။

"ဟာ..."

လင်းထက်ဆွေမှာ အထိတ်တလန့် ဖြစ်သွားလေတော့၏။

လင်းထက်ဆွေက ဒေါသတကြီး အော်ဟစ်လိုက်၏။

"လူမဆန်တဲ့ကောင်တွေ... ဒီနေ့မှ မင်းတို့ကိုမသတ်ရရင်ငါလူ့လောကမှာ ဆက်မနေတော့ဘူး"

လင်းထက်ဆွေ၏လက်ဝါးရိုက်အားမှာ ပြင်းထန်လွန်းသဖြင့် တဝုန်းဝုန်း မြည်ဟည်းနေသည်။

ရဲ့ဖုံးလိမ် ဒဏ်ရာရသွားသဖြင့် ဂိုဏ်းချုပ်ကြီးကွမ်းကျန့်ဟုန်းလည်း တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်သည်။

တောင်စောင့်ညီနောင်ခြောက်ယောက်တို့မှာ ခေါင်းမာမာနှင့်ပင် ပြန်လည်တိုက်ခိုက်ကြသည်။

လင်းထက်ဆွေ တစ်ယောက်တည်းကိုပင် ပြတ်ပြတ်သားသား အနိုင်မတိုက်နိုင်သောတောင်စောင့်ညီနောင်တို့မှာ ကွမ်းကျန့်ဟုန်းပါ ပါဝင်လာသောအခါ မခံနိုင်ကြတော့ပေ။

အသက်အကြီးဆုံးဖြစ်ဟန်တူသူမှာ လင်းထက်ဆွေ၏လက်

ဝါးရိုက်ချက်ထိပြီး တုံးခနဲ လဲကျသေဆုံးသွားသည်။

သို့သော်လည်း ကျန်ငါးယောက်တို့မှာ နောက်ဆုတ်ရှောင်တိမ်းခြင်းမပြုပဲ အပြင်းအထန် ခုခံကြသည်။

နောက်ဆုံးတွင် အော်ဟစ်ဆူညံသံများ ဖုံးလွှမ်းကာ တောင်စောင့်ညီနောင်တို့မှာ သေဆုံးကုန်ကြတော့သည်။

လင်းထက်ဆွေသည် ရန်သူအလောင်းများအကြား၌ မတ်တတ်ရပ်ကာ အကဲခတ်နေသည်။

ရန်သူအားလုံး သေဆုံးသွားပြီဖြစ်၍ သူ့အတွက် ဘေးရန်ကင်းရှင်းသွားပေပြီ။

သို့သော် ကြာမြင့်စွာ တိုက်ခိုက်ခဲ့ရသဖြင့် သူကိုယ်တိုင်လည်း အတော်ကလေး ပင်ပန်းခဲ့လေပြီ။

ထိုတဒင်္ဂအတွင်းမှာပင် သူသည် ရဲ့ဖုံးလိမ်ကိုသတိရလာ၏။

"ငါ့အသက်သခင် ကျေးဇူးရှင်"

လင်းထက်ဆွေသည် ရဲ့ဖုံးလိမ်လဲကျသည့်နေရာသို့ ကြည့်လိုက်၏။

ရဲ့ဖုံးလိမ် မရှိတော့ပေ။ ကွမ်းကျန့်ဟုန်းက ပွေ့ချီခေါ်ဆောင်သွားလေပြီ။

လင်းထက်ဆွေက အော်ဟစ်တားဆီးလိုက်၏။

"ဂိုဏ်းချုပ်ကြီး... ခဏလောက် နေပါဦးခင်ဗျာ"

ထိုအချိန်တွင် ကွမ်းကျန့်ဟုန်းသည် တောစပ်သို့ရောက်ရှိနေလေပြီ။



လင်းထက်ဆွေ၏အော်ဟစ်သံကို ကောင်းစွာကြားသော်လည်း သူသည် ရပ်တန့်ခြင်းမရှိပဲ ရှေ့သို့သာ ဆက်၍ သွားနေလေ၏။

လင်းထက်ဆွေသည် ကွမ်းကျန့်ဟုန်းက ရပ်စောင့်ခြင်းမရှိသဖြင့် အပြေးလိုက်ရတော့သည်။

ရဲ့ဖုံးလိမ်၏အခြေအနေကိုသိရှိရန် လိုအပ်နေသည်မဟုတ်ပါလား။

## အခန်း(၆၈)
## တစ်ဦးမေတ္တာတစ်ဦးမှာ

"ဂိုဏ်းချုပ်ကြီး...."

ကွမ်းကျန့်ဇုန်းနှင့် လက်တစ်ကမ်းအကွာသို့ရောက်လျှင် လင်းထက်ဆွေက အကျိုးအကြောင်းရှင်းပြရန် စကားစလိုက်သည်။

သို့သော် လင်းထက်ဆွေ ထိတ်လန့်သွားလောက်အောင် မျက်ထောင့်နီကြီးဖြင့်လှည့်ကြည့်ပြီး ကွမ်းကျန့်ဟုန်းက အော်ငေါက် လေတော့၏။

"မင်းက ကြူလုံပေါင်းကို ဘာလာလုပ်ရတာလဲ၊ ငါ သတိ ပေးထားတာတွေ မင်း မေ့နေပြီလား"

လင်းထက်ဆွေသည် သည်းခံစိတ်မွေးပြီး ချိုသာစွာပင် ပြော၏။

"ဒါတွေ နောက်မှပြောပါခင်ဗျာ၊ အခု လောလောဆယ် ကျွန်တော်ပြောချင်တာက ဂိုဏ်းချုပ်ကတော်ကြီးကို ထိမှန်ထားတဲ့



ပေါက်ဓားပျံမှာ အဆိပ်တွေလူးထားတယ်ဆိုတာ ခင်ဗျားကို အသိ ပေးချင်လို့ ပဲ"

"ငါ သိတယ်၊ ဒါကြောင့်မို့ သူလက်မောင်းက သွေးကြော တွေကို ပိတ်ပစ်လိုက်တာပေါ့၊ ရုတ်တရက် အဆိပ်မပျံ့ပါဘူး"

"ဟုတ်ကဲ့... ဒီလိုဆိုရင်တော့ သိပ်ကောင်းတာပေါ့၊ ကြူလုံ ပေါင်းရောက်ရင်တော့ အဆိပ်ဖြေဆေးလုံး တိုက်လိုက်ပါခင်ဗျာ"

ကွမ်းကျန့်ဟုန်းက ခြောက်ကပ်စွာ ရယ်မောလိုက်သည်။

"ဟင်း... ဟင်း... ဟင်း၊ မင်းက သူ့ကို သာမန်အဆိပ်ဖြေ ဆေးနဲ့ ကုလို့ရမယ် ထင်နေသလား"

"ခင်ဗျာ... ဒါ... ဒါဆိုရင်...."

"ဟုတ်တယ်... သူ့အသက်အန္တရာယ်က ကင်းလွတ်စိတ်ချ နိုင်ဖို့ အခွင့်အလမ်း မကျိန်းသေသေးဘူး၊ လိုအပ်ရင် ကန်းစုပြည်နယ် ကိုသွားပြီး ကန်းစုဓားပျံဂိုဏ်းဆီက အဆိပ်ဖြေဆေးတောင်းယူရလိမ့် မယ်"

လင်းထက်ဆွေမှာ ရင်ထဲ၌ ဆို့သွား၏။

ရဲဖုံးလိမ်အပေါ် မကျေမနပ်ချက်များရှိခဲ့သော်လည်း ယခုမူ သူ့အား အသက်စွန့်၍ ဓားပျံဘေးရန်မှကာကွယ်ခဲ့သဖြင့် ထိုမကျေနပ် ချက်များ တိမ်မြုပ်သွားခဲ့ရပေသည်။

"ဒီလိုဆိုရင် ကန်းစုပြည်နယ်မှာ အဆိပ်ဖြေဆေးတောင်းယူဖို့ကိစ္စကို ကျွန်တော်ကပဲ ဆောင်ရွက်ပေးပါရစေ၊ အခုလိုဖြစ်လာရတာကလဲ ကျွန်တော်နဲ့ပတ်သက်ပြီး ဖြစ်လာရတာမို့ ကျွန်တော့်မှာ တာဝန်အများကြီးရှိနေပါတယ်၊ ဒါကြောင့် ကျွန်တော်ပဲ သွားဖို့သင့်ပါတယ်"

ကွမ်းကျန့်ဟုန်းက မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း စဉ်းစားဟန်ပြုသည်။

ပြီးမှ လင်းထက်ဆွေကိုစူးစိုက်ကြည့်ကာ....

"ကိစ္စမရှိပါဘူး... မင်းကို ငါ ဒုက္ခမပေးချင်ဘူး"

ထိုစဉ် ကွမ်းကျန့်ဟုန်း၏ရင်ခွင်ထဲမှ ရဲ့ဖုံးလိမ်မှာ လူးလွန့်လာသည်။

နှမ်းဖျော့တိုးညင်းသော လေသံကလေးမှုဖြင့်....

"သူ့ကို ပေးသွားလိုက်ပါ... ဒါမှ ကျွန်မ မွေးရကျိုးနပ်လိမ့်မယ်"

လင်းထက်ဆွေမှာ ထိုစကားကိုကြားလိုက်ရလျှင် ယခင်ကိစ္စများ ခေါင်းထဲသို့ အစီအရီဝင်ရောက်လာတော့သည်။

ထိုအချိန်တွင် ကွမ်းကျန့်ဟုန်းက ခေါင်းတယမ်းယမ်းဖြင့်



ပြောလာ၏။

"သမီး ကွမ်းရဲ့စမ်းက မင်းကို စောင့်ရှောက်ပြုစုနေခဲ့လိမ့်မယ်၊ ကန်းစုပြည်နယ်ကို ငါကိုယ်တိုင်ပဲ သွားလိုက်မယ်"

ရဲ့ဖုံးလိမ်မှာ ပြန်ဖြေနိုင်ရန် ခွန်အားမရှိသဖြင့် ခေါင်းကိုငြိမ်းညင်းညင်သာစွာ ခါယမ်းပြသည်။

လင်းထက်ဆွေသည် ထိုအခါကျမှ ကွမ်းရဲ့စမ်းကို သတိရလာ၏။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ... ကျုပ်တွေ့မယ် ကွမ်းရဲ့စမ်းဟာ ကြူလုံပေါင်းဂေဟာမှာ ရှိမနေပါဘူး၊ ကြူလုံပေါင်းဂေဟာမှာ ပြဿနာတွေ အများကြီးဖြစ်ပျက်နေပါတယ်၊ ဒါတွေကို ဂိုဏ်းချုပ်ကြီး မသိသေးဘူးလား"

ကွမ်းကျန့်ဟုန်းက လင်းထက်ဆွေကို စူးစူးရဲရဲကြည့်ပြီး သက်မကင်းသည့်လေသံဖြင့် မေးလိုက်သည်။

"ပြဿနာတွေဖြစ်နေတယ် ဟုတ်လား၊ ဘာပြဿနာလဲ၊ ငါ အခုမှ အပြင်ကပြန်ရောက်လာလို့ ဂေဟာထဲကိုမရောက်သေးဘူး"

"ကျွန်... ကျွန်... ကျွန်မ ကြူလုံပေါင်းဂေဟာထဲ ရောက်ခဲ့ပြီးပြီ"

ရဲ့ဖုံးလိမ်က တီးတိုးဝင်ပြောသည်။ သူမ အသံက မသဲကွဲ။

လင်းထက်ဆွေက အလျှင်အမြန် ဝင်၍ ရှင်းပြလိုက်ရသည်။

"ဂိုဏ်းချုပ်ကြီးရဲ့ကြူလုံပေါင်းဂေဟာကို ညတုန်းက လူရမ်းကားတွေ လာတိုက်သွားကြပါတယ်"

ကွမ်းကျန့်ဟုန်းမှာ အကြီးအကျယ် မျက်နှာပျက်သွားလေသည်။

သိုင်းလောကတွင် နံပါတ်တစ်ထိပ်သီးနေရာယူထားသူ သူ လိုလူအား ရန်သူများက မထီမဲ့မြင် ဝင်ရောက်စော်ကားရပါမည်လား ဟု တွေးပြီး ဒေါသအမျက် ခြောင်းခြောင်းထွက်သွား၏။

သူ့အသက်နှင့်အမျှ ထိန်းသိမ်းတည်ဆောက်ထားရသော ကြူလုံပေါင်း၏ဂုဏ်သတင်း ပျက်စီးဆုံးရှုံးရမှုအတွက် ကွမ်းကျန့်ဟုန်းမှာ မချိမဆန့် ခံစားသွားရသည်။

ထိုအချက်ကိုရိပ်မိလိုက်သော လင်းထက်ဆွေက ကွမ်းကျန့်ဟုန်းအား ကပျာကယာ နှစ်သိမ့်လိုက်ရသည်။

"လူရမ်းကားတွေက ဂိုဏ်းချုပ်ကြီးတို့ဇနီးမောင်နှံ မရှိမှန်း သိလို့လာပြီး ရန်ရှာရဲတာဖြစ်မှာပါ။ ကြူလုံပေါင်းကိုလာတိုက်ဖို့ကိစ္စဟာ ကိုယ့်သေတွင်း ကိုယ်တူးတဲ့ကိစ္စပဲ၊ ဂိုဏ်းချုပ်ကြီး သိပ်လဲ ဒေါသမဖြစ်ပါနဲ့"

လင်းထက်ဆွေ၏ ဖြေသိမ့်မှုစကားက ထိရောက်မှုရှိသွားလေ၏။

"မင်းက ဒီကိစ္စတွေကို ဘယ်လိုလုပ်သိတာလဲ"

"ကျွန်တော်လဲ ကြူလုံပေါင်းကိုကိစ္စတစ်ခုကြောင့် လာခဲ့တာပါ၊ ဒီကိုရောက်တော့ မမျှော်လင့်ပဲ သူတို့နဲ့ဆုံခဲ့ရပါတယ်၊ ဒါကြောင့်ပဲ ကျားပွတ်မယ်ကွမ်းရဲ့စမ်းနဲ့အတူတူ သူတို့ကိုခုခံတွန်းလှန်ခဲ့ပါတယ်၊ သူတို့ထွက်ပြေးသွားကြပါပြီ"



"တောက်... တော်တော် သတ္တိကောင်းတဲ့ကောင်တွေပါလား၊ ဒီကောင်တွေ ဘယ်ဂိုဏ်းကလဲ၊ မြေပြန့်သိုင်းလောကသားတွေ ဟုတ်ရဲ့လား"

"ဟုတ်ကဲ့... သိပါတယ်၊ မြေပြန့်သိုင်းလောကသားတွေ တော့ မဟုတ်ပါဘူး"

"ပြောစမ်းကွာ... ဘယ်ဂိုဏ်းကလဲ"

"သွေးစုပ်ဂိုဏ်းကပါ"

"ဟင်...."

ကွမ်းကျန့်ဟုန်းမှာ တစ်ကိုယ်လုံး တုန်သွား၏။ ကောင်းကင်ကြီးပြိုကျလာသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ရသူအလား စ ကားမပြောနိုင်အောင် တုန်လှုပ်ချောက်ချားသွား၏။

သူ မွေ့ချီထားသာ ရဲ့ဖုံးလိမ်ပင် လွတ်ကျမတတ်ဖြစ်သွားလေ၏။

ကွမ်းကျန့်ဟုန်း၏ အမူအရာကို ကြည့်ရှုမှုနှင့် သူ ပေးလိုက်သည့်သတင်းသည် မည်မျှအံ့သြဖွယ် ထိတ်လန့်ဖွယ်ဖြစ်နေကြောင်း လင်းထက်ဆွေ သိလိုက်သည်။

အတန်ကြာမှ ကွမ်းကျန့်ဟုန်းသည် သူ့ကိုယ်သူ ထိန်းနိုင်လာသည်။ ထို့နောက် အံကြိတ်ပြီး ဖြည်းညင်းစွာ မေးလေတော့၏။

"သွေးစုပ်ဂိုဏ်းချုပ်ဆိုတဲ့ အယုတ်တမာကောင် လိန်လွယ်ကော ပါလာသေးသလား"

"လိန်လွယ် ပါမလာပါဘူး။ သူ့လက်အောက်ဂိုဏ်းသားတွေထဲက အမာရွက်သက်တော်စောင့်အဘိုးအိုနဲ့ သိုင်းသမားကိုးယောက်ပဲ လာကြတာပါ"

"ဟုတ်လား... ဒါနဲ့ငါ့သမီး ကွမ်းရဲစမ်းကကော အခု ဘယ်မှာလဲ၊ ဘာကြောင့် ကြူလုံပေါင်းမှာ မရှိရတာလဲ"

ကွမ်းကျန့်ဟုန်း စိုးရိမ်တကြီးမေးသည်။ လင်းထက်ဆွေက သူသောကဖြေဖျောက်နိုင်သည့် အဖြေစကားကို ပြောကြားလိုက်၏။

"စိတ်ချပါ... ကွမ်းရဲစမ်း ဘာမှထိခိုက်ဒဏ်ရာမရလိုက်ပါဘူး"

"ဒါဖြင့် သူက ဘာလို့ ဒီကထွက်သွားရတာလဲ"

"ဒါ... ဒါကိုတော့ ကျွန်တော်လဲ မသိပါဘူး"

ကွမ်းရဲစမ်း ထွက်သွားရသည့်အကြောင်းရင်းကို လင်းထက်ဆွေ ထုတ်မပြောရဲချေ။

အဘယ်မှာလျှင် ထုတ်ပြောရဲပါမည်နည်း။ ကွမ်းရဲစမ်းသည် သူ့အား စိတ်ဆိုးပြီး ထွက်သွားခြင်းမဟုတ်ပါလား။

ထိုစဉ် ကွမ်းကျန့်ဟုန်းထံမှ ညည်းညူသံထွက်လာတော့သည်။

"ဒုက္ခပါပဲ... ဒီကောင်မလေးတော့ သူတစ်ယောက်တည်း သွေးစုပ်ဂိုဏ်းချုပ်လိန်လွယ်ဆီကို လိုက်သွားပြီး ထင်တယ်၊ လိန်လွယ်



ဆိုတဲ့လူက တခြားသိုင်းသမားတွေ၊ ဂိုဏ်းချုပ်ကြီးတွေနဲ့ တူတဲ့လူစားမျိုး မဟုတ်ဘူး၊ ကောက်ကျစ်စဉ်းလဲယုတ်မာတဲ့နေရာမှာ ကမ်းကုန်အောင်ဆိုးရွားတဲ့လူမျိုး"

ဂိုဏ်းချုပ်တော်တော်များများသည် အသက်အရွယ်ကြီးရင့်ပြီး အတွေ့အကြုံများပြားသူများဖြစ်၍ လောကဓံ၏ အရိုက်အပုတ်၊ အထုအထောင်းကို သာမန်လူများထက် ခံနိုင်ရည်ရှိ၏။

သို့သော် ယခု ဂိုဏ်းချုပ်ကြီးကွမ်းကျန့်ဟုန်းမှာမူ သမီးအတွက် ရတတ်ဖျာပါဝေလျက်ရှိပြီး ကြီးစွာသော အပူမီးတောက်လျက်ရှိနေရှာလေပြီ။

အခြား အခြားသော ဂိုဏ်းချုပ်ကြီးများနှင့် ကွာခြားလေစွ။

တစ်ချက်စဉ်းစားရသည်မှာ သွေးစုပ်ဂိုဏ်းချုပ်လိန်လွယ်သည် သူပြောသလို ယုတ်မာသည့်နေရာတွင် ကမ်းကုန်၍ ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

"မဖြစ်ဘူး... မဖြစ်ဘူး၊ ငါကိုယ်တိုင် သူ့ကိုလိုက်ရှာမှဖြစ်လိမ့်မယ်"

သူ ထိုသို့ပြောဆိုနေစဉ် လက်ထဲမှ ရဲ့ဖုံးလိမ်က ဆတ်ခနဲ တွန့်ပြီး ဝေဒနာအရှိန်ကြောင့် တဟင်းဟင် ညည်းညူလိုက်သည်။

ကွမ်းကျန့်ဟုန်းမှာ ရဲ့ဖုံးလိမ်ကိုငုံ့ကြည့်လိုက်ပြီး သက်ပြင်းချလိုက်မိပြန်သည်။ သူ့စိတ်ထဲတွင် ဆုံးဖြတ်ရခက်သွားပြန်သည်။

လင်းထက်ဆွေသည် ကွမ်းကျန့်ဟုန်း၏အခက်အခဲကို ကိုယ်ချင်းစာနာမိသည်။ ထို့ကြောင့် တွေးတွေးဆဆ ဝင်ပြောသည်။

"ဂိုဏ်းချုပ်ကြီး ခင်ဗျား... အခုအချိန်မှာ ဒေါ်ဒေါ် ရဲ့ဖုံးလိမ့်ရဲ့ ဒဏ်ရာကလဲ အတော်ပဲ ပြင်းထန်နေပါတယ်၊ သူ့ကိုကြည့်ရှုစောင့်ရှောက်ဖို့ လူတစ်ယောက် မလွဲမသွေလိုအပ်နေတာမို့ ကြူလုံပေါင်းမှာ အကြီးအကဲတစ်ယောက်ယောက် ရှိမနေလို့ မဖြစ်ပါဘူး၊ သွေးစုပ်ဂိုဏ်းက မိတ်ရိုင်းဝင်ပြီး နောက်တစ်ကြိမ် လာရောက်တိုက်ခိုက်လို့မှ ဂိုဏ်းချုပ်ကြီး ရှိမနေဘူးဆိုရင် အားလုံး မတွေးဝံ့စရာ ဖြစ်ကုန်ပါလိမ့်မယ်"

"ဟင်း..."

ကွမ်းကျန့်ဟုန်းထံမှ သက်ပြင်းချသံကြီး ထွက်ပေါ်လာ၏။

ကွမ်းကျန့်ဟုန်းမှာ ဂိုဏ်းချုပ်ကြီးဖြစ်သည်။

သာမန် လင်းထက်ဆွေလို လူတစ်ယောက်အား အကူအညီတောင်းခံရန်ကိစ္စမှာ လွယ်ကူလှသည်မဟုတ်ပေ။ ဂိုဏ်းချုပ်ဆိုသည့် ဂုဏ်သိက္ခာက ရှိသေးသည်။

ထိုအချက်ကို လင်းထက်ဆွေ ရိပ်မိလိုက်၏။ ထို့ကြောင့် ဂိုဏ်းချုပ်ကြီးကွမ်းကျန့်ဟုန်းအား လေးလေးစားစားဖြင့် ပြောသည်။

"ဒီလိုလုပ်ရင် မကောင်းဘူးလားခင်ဗျာ၊ ကျွန်တော်ကပဲ ဂိုဏ်းချုပ်ကြီးကိုယ်စား သွားရောက်ပေးပါ့မယ်၊ ကွမ်းရဲစမ်းကိုအမီ တားဆီးပြီး အရောက်ပြန်ခေါ်လာပေးပါ့မယ်"

"အဲဒါကတော့ ဟုတ်ပါပြီ၊ ကန်းစုပြည်နယ်ကိုသွားဖို့က ရော"

"အဲဒီအတွက်ပါ ကျွန်တော် တာဝန်ယူပါတယ် ခင်ဗျာ၊ ကျွန်တော်ကွမ်းရဲစမ်းကို အချိန်မီတားမြစ်ပြီးမှ ကန်းစုပြည်နယ် ယောင်'တောင်ကို ဆက်သွားပါ့မယ်၊ လမ်းလဲ ကြုံနေပါတယ်၊ ဂိုဏ်းချုပ်ကြီး ခွင့်ပြုမယ်ဆိုရင်ပေါ့လေ"



ကွမ်းကျန့်ဟုန်း ခေတ္တမျှစဉ်းစား၏။ ထို့နောက် လေးလေးနက်နက် ပြော၏။

"အဆိပ်ဖြေဆေးက လေးဆယ့်ကိုးရက်အတွင်း အချိန်မီယူလာရမယ်၊ နို့မဟုတ်ရင်...."

"စိတ်မပူပါနဲ့ခင်ဗျာ၊ ကျွန်တော် အသက်နဲ့ရင်းပြီး အစွမ်းကုန်ဆောင်ရွက်ခဲ့ပါ့မယ်၊ ကြူလုံပေါင်းကိုလဲ အချိန်မီပြန်လာနိုင်အောင် ကျွန်တော် ကြိုးစားပေးပါ့မယ်"

ကွမ်းကျန့်ဟုန်း ပွေ့ချီထားသည့်ရဲ့ဖုံးလိမ်မှာ အဆိပ်မတက်အောင် လက်မောင်းသွေးကြောပိတ်ထားသည့်ကြားမှ တစ်ချက် တစ်ချက်ညည်းညူနေသည်။

အဆိပ်မည်မျှ ပြင်းထန်သည်ကို ထိုအချက်က သက်သေပြနေခြင်းဖြစ်ပေသည်။

လင်းထက်ဆွေက....

"ဂိုဏ်းချုပ်ကြီး... ဒေါ်ဒေါ်ရဲ့ဖုံးလိမ်ကို မေ့သွားအောင်လုပ်လိုက်ရင် ကောင်းပါလိမ့်မယ်၊ သူ့ဝေဒနာ သက်သာသွားတာပေါ့"

ကွမ်းကျန့်ဟုန်းက ခေါင်းညိတ်လိုက်၏။

"ကျေးဇူးပြုပြီး မင်းပဲ သူ့ရဲ့ မေ့ကြောကို လာနှိပ်ပေးစမ်းပါကွယ်"

လင်းထက်ဆွေသည် ရဲ့ဖုံးလိမ်၏မေ့ကြောကို နှိပ်ပေးလိုက်သည်။ သည်တော့မှ ရဲ့ဖုံးလိမ် ငြိမ်သက်သွားတော့သည်။

ကွမ်းကျန့်ဟုန်းက စဉ်းစဉ်းစားစား ချင့်ချိန်ပြောသည်။

"အင်း... ဒီအတိုင်းသာဆိုရင်တော့ ဘေးအန္တရာယ်တွေဟာ တစ်ကြိမ်တည်း တစ်ခါတည်း ဖြစ်မှာမဟုတ်ဘူး။ သိုင်းလောကတိုင်းရဲ့အသက်အန္တရာယ်က နေ့ရောညပါ စိုးရိမ်စရာ ကောင်းနေပြီ"

လင်းထက်ဆွေ ဘဝင်ကျသွားသည်။ သွေးစုပ်ဂိုဏ်းသည် သိုင်းလောက၏ နံပါတစ်ပုဂ္ဂိုလ်ကြီး၏ မာနကို ရိုက်ချိုးပစ်နိုင်သည်ပဲ။

သူရဲကောင်းဖူးကျားလို၏ အတွေးများသည် လွန်စွာ မှုန်ကန်နေသည်။

"ဒီကိစ္စအားလုံးဟာ ကျွန်တော့်ကြောင့် ဖြစ်ရတာပါပဲခင်ဗျာ"

"မဟုတ်ပါဘူးကွယ်... ဒါတွေဟာ ကံတရားအလိုကျ ဖြစ်လာရတာတွေပါ၊ တကယ်လို့ မင်းသာ ရောက်မလာရင်လဲ သမီးလေး ကွမ်းရဲစမ်းတောင် သွေးစုပ်ဂိုဏ်းရဲ့ အန္တရာယ်က လွတ်မြောက်နိုင်မှာ မဟုတ်ပါဘူး၊ မင်းကို ငါ ကျေးဇူးတင်ပါတယ်ကွာ"

ဂိုဏ်းချုပ်ကြီး ကွမ်းကျန့်ဟုန်းနှင့် လင်းထက်ဆွေတို့၏



ဆက်ဆံရေးမှာ မမျှော်လင့်ပဲ အလွန်တရာ ပြေပြစ်သွား၏။

ထို့အတွက် လင်းထက်ဆွေ လွန်စွာ ဝမ်းသာသည်။ ကွမ်းကျန့်ဟုန်းက ခပ်တိုးတိုး ပြော၏။

"ဒါတွေဟာ တကယ်တော့ ငါ့ခွတ်ယွင်းချက်လဲ ပါ,ပါတယ်လေ၊ အရင်တစ်ခါ ကြူလုံပေါင်းကို မင်းလာပြီး သတင်းပေးတုန်းက ငါယုံကြည်ခဲ့ရင် ဒီလိုဖြစ်မှာမဟုတ်ဘူး။ သွေးစုပ်ဂိုဏ်းရဲ့ အန္တရာယ်ကို ကြိုတင်ကာကွယ်ချိန် အများကြီး ရခဲ့တာပဲ၊ ငါက မယုံခဲ့တော့ ခုလို သမီးအတွက် သောကပွေရတော့တာပဲ"

လင်းထက်ဆွေက ကွမ်းကျန့်ဟုန်းကိုဖျောင်းဖျပြီး နှစ်သိမ့်စကားဆိုလိုက်ရသည်။

"ဒါတွေကို အပြစ်လုပ်ပြီး ပြောနေလို့မရပါဘူးခင်ဗျာ၊ သွေးစုပ်ဂိုဏ်းဟာ သိုင်းလောကထဲကို အငြိုးကြီးကြီးနဲ့ နောက်တကျော့ပြန်ရောက်လာတာ၊ သိုသိပ်လျှို့ဝှက်လွန်းလို့ ဘယ်သူမှလဲ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာတွေးထင် မထားမိကြပါဘူး၊ ဂိုဏ်းချုပ်ကြီးတစ်ယောက်တည်းတင် မကပါဘူး၊ ကျွန်တော်ချိန်းစိန်ဂိုဏ်းကို သွားသတင်းပေးတုန်းကလဲ သူတို့တတွေ မယုံကြည်ခဲ့ကြပါဘူး၊ သူတို့က ကျွန်တော့်ကို လိမ်လည်လုပ်ကြံပြီး ပြောတယ်လို့တောင်မှ ယူဆလိုက်ကြပါသေးတယ်"

စကားဆုံးသွားသောအခါ လင်းထက်ဆွေသည် ရဲ့ဖုံးလိမ်ကို ငေးကြည့်နေမိသည်။

သူအကြည့်များက ရဲ့ဖုံးလိမ်နှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ မေးမြန်းပြောဆိုချင်ပုံရနေ၏။

ပြောသင့်မပြောသင့်လည်း စဉ်းစားချင့်ချိန်နေပုံရသည်။

အရိပ်အကဲဖမ်းမိသော ကွမ်းကျန့်ဟုန်းက....

"နောက်ထပ် ဘာကိစ္စများ ရှိနေသေးလို့လဲ"

လင်းထက်ဆွေက အရဲစွန့်ပြီး မေးလိုက်၏။

"ဒေါ်ဒေါ် ရဲ့ဖုံးလိမ်ဟာ ကျွန်တော့်ကိုတွေ့တိုင်း သူ့ရဲ့သား ပါလို့ ပြောပြောနေတယ်၊ အဲဒါ..."

ကွမ်းကျန့်ဟုန်း၏ သိမ်မွေ့တည်ကြည်နေသောမျက်နှာထားမှာ ရုတ်ခြည်းပင် ပြောင်းလဲသွားသည်။

လင်းထက်ဆွေ၏စကားကိုဆုံးအောင်ပင် နားမထောင်တော့ပဲ တင်းမာခက်ထန်စွာ ပြောချလိုက်သည်။

"မင်းက ငါ့သမီး ကွမ်းရဲ့စမ်းကိုလိုက်ခေါ်ဖို့နဲ့ ကန်းစုပြည်နယ်မှာ အဆိပ်ဖြေဆေးသွားယူဖို့အတွက် ဒီလိုအခွင့်အရေးကို တောင်းလိုက်တာလား"

ဤသို့စိတ်ဆိုးသွားမည်ကို လင်းထက်ဆွေ စိုးရိမ်ပါသည်။

ထို့ကြောင့် စဉ်းစဉ်းစားစားဖြင့် ဤမေးခွန်းကိုမေးခဲ့ခြင်း



ဖြစ်သည်။

ကွမ်းကျန့်ဟုန်း တင်းမာခက်ထန်သွားလျှင် သွားချင်း ချက်ချင်းပင်၊ တောင်းပန်စကားဆိုလိုက်ရသည်။

"ဟာ... မဟုတ်ပါဘူးခင်ဗျာ၊ ဒီလိုမဟုတ်ရပါဘူး၊ ကွမ်းရဲ့စမ်းကိုလိုက်ရှာဖို့နဲ့ 'ယောင်'တောင်ပေါ်မှာ ဖြေဆေးသွားယူဖို့ကိစ္စတွေဟာ စေတနာသက်သက်နဲ့ကူညီတာပါ၊ ဒီအတွက် ကျွန်တော်ဘာအခွင့်အရေးမှမယူဘဲ ကူညီဖို့ တာဝန်ယူပါတယ်၊ ကျွန်တော် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

"ဒါဆိုရင် မင်း အခုချက်ချင်း ထွက်သွားပါတော့လား၊ ဘာဖြစ်လို့ ဟိုဟာမေး ဒီဟာမေးနဲ့အချိန်ဆွဲနေရတာလဲ"

"ဟုတ်ကဲ့ ခင်ဗျာ... ဒါဖြင့်လဲ ကျွန်တော် သွားပါတော့မယ်"

လင်းထက်ဆွေ ကိုယ်ကိုလှည့်လိုက်ပြီး ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်သည်။

ကွမ်းကျန့်ဟုန်းထံမှ တားမြစ်သံပေါ်လာ၏။

"နေဦး... ခဏနေဦး"

လင်းထက်ဆွေ နောက်ပြန်လှည့်ကြည့်၏။

"နောက်ထပ် ဘာများ မှာစရာရှိနေသေးလို့လဲ ခင်ဗျာ"

ကွမ်းကျန့်ဟုန်းသည် လင်းထက်ဆွေအား ကရုဏာသက်သောမျက်လုံးများဖြင့် လှမ်းကြည့်ပြီးနောက် မွေ့ချီထားသော ရဲ့ဖုံးလိမ်ကို မေးဆတ်ပြသည်။

"ခုနက မင်းမေးတဲ့ကိစ္စကို မင်းပြန်လာတော့မှ သူ့ကိုမေး

ကြည့်"

"ဟုတ်... ဟုတ်ကဲ့ခင်ဗျာ၊ ဟုတ်ကဲ့"

ကွမ်းကျန့်ဟုန်းက ဆက်ပြောသည်။

"သမီးလေးကိုတွေ့ရင်တော့ ကြူလုံပေါင်းကို အမြန်ဆုံးပြန်လာခဲ့ဖို့ တိုက်တွန်းပေးစမ်းပါ၊ ဒါမှ သူ့အမေကို အနီးကပ်ကြည့်ရှုစောင့်ရှောက်ပေးမယ့်သူ ရှိမှာ၊ နောက်ပြီး အရေးကြီးဆုံးက အဆိပ်ဖြေဆေးမရလို့ မဖြစ်ဘူး၊ လေးဆယ့်ကိုးရက်ထက်ကျော်လာရင်အင်း..."

ကွမ်းကျန့်ဟုန်းမှာ စကားကိုပင်ဆုံးအောင် ဆက်မပြောနိုင်ပဲ သက်ပြင်းချလိုက်သည်။

"ဟုတ်ကဲ့... ကျွန်တော် နားလည်ပါတယ်ခင်ဗျာ၊ အတတ်နိုင်ဆုံး ဂိုဏ်းချုပ်ကြီးမှာတဲ့အတိုင်းဖြစ်အောင် ကျွန်တော် ဆောင်ရွက်ပါ့မယ်"

သူသည် ကွမ်းကျန့်ဟုန်းကို ဂါရဝပြုလိုက်၏။ ထို့နောက် ကျူးအီးတောင်ရှိရာ အရပ်ဆီသို့ ခြေဦးလှည့်လိုက်သည်။

လင်းထက်ဆွေ စတင်ပြေးလွှားတော့သည်။



## အခန်း(၆၉)

## တားကပေးသောပြဿနာ

လင်းထက်ဆွေသည် တရိပ်ရိပ် ပြေးလွှားနေ၏။ ကိုယ်ဖော့ပညာကောင်းသဖြင့် သူ့ကိုတော်ရုံတန်ရုံ သိုင်းသမား အမီလိုက်နိုင်မည်မဟုတ်ပေ။

ပြေးလွှားရင်း လင်းထက်ဆွေ စဉ်းစားလာ၏။

"ငါ့အမေဟာ ဝက်ပါဂူရှင် ဝူယို့နမ်ပဲ၊ သူ့အပေါ်မှာ ငါ ဘာမှသံသယဖြစ်စရာမရှိအောင် ရှင်းလင်းနေပါလျက်နဲ့ရဲ့ ဖုံးလိမ်က ငါ့ကိုဘာကြောင့် သားလို့ခေါ်နေရတာလဲ၊ တကယ်တမ်းသာ ငါဟာ ရဲ့ဖုံးလိမ်ရဲ့သား ဖြစ်ရိုးမှန်ရင် ဘာဖြစ်လို့ ကွမ်းမိသားစုဝင်တစ်ဦး မဖြစ်ခဲ့ရတာလဲ၊ မဖြစ်နိုင်ဘူး၊ ငါ သူ့သား ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ငါ ကွမ်းရဲ့စမ်းကိုလိုက်ရှာရမယ်၊ ပြီးရင် ယောင်တောင်ပေါ်ဆက်သွားပြီး အဆိပ်ဖြေဆေးကိုရအောင် တောင်းရမယ်၊ ဆေးရရချင်း လေးဆယ့်ကိုးရက်အတွင်း ကြူလုံပေါင်းကိုပြန်ပို့ပေးရမယ်၊

ပြီးမှ ငါ့စိတ်ထဲမှာ သံသယဒွိဟဖြစ်နေတဲ့ကိစ္စကို ရှင်းရှင်းလင်းလင်းသိအောင် မေးရမယ်"

လင်းထက်ဆွေ ခရီးအတော်ပေါက်လာ၏။

သူသည် တောင်စောင့်ညီနောင်များနှင့် တိုက်ခဲ့သည့်တိုက်ပွဲတွင် အတော်ကလေး အတွင်းအား ကုန်ခန်းခဲ့ရသည်။

ကျူးအီးတောင်သို့ ခရီးမဆက်မီ အေးချမ်းသောတစ်နေရာ၌ အတွင်းအား လေ့ကျင့်မည်ဟု သူ ဆုံးဖြတ်ချက်ချလိုက်သည်။

ဤသို့ပြေးလာရင်း ခပ်ပျပျ ရွာငယ်ကလေးကို မြင်လိုက်ရသည်။

ထိုရွာတွင်းသို့ဝင်၍ ဝမ်းဗိုက်ဖြည့်မည်ဟု သူ ဆုံးဖြတ်သည်။ ထိုစဉ် ထိုရွာမှ တရိပ်ရိပ် ပြေးလာသည့်လူရိပ်တစ်ရိပ်ကိုတွေ့လိုက်ရသဖြင့် လင်းထက်ဆွေသည် သစ်ပင်တစ်ပင်အကွယ်သို့ ကပ်လိုက်၏။

ထိုလူရိပ်သည် တဖြည်းဖြည်း နီးလာ၏။ ထိုလူကား ခေါင်းကြီးကြီး နားရွက်ကားကားနှင့် အလွန်တရာ ထွားကျိုင်းသော လူကြီးတစ်ဦးဖြစ်၏။

ဝတ်ရုံကြီး ဖိုးရိုးဖားရား ဝတ်ဆင်ထားသဖြင့်ရှိရင်း ခန္ဓာကိုယ်ထက် ကြီးထွားနေသယောင် ထင်မှတ်ရပေသည်။

သူ၏ဝတ်ရုံကြီးကိုလုံခြုံအောင် ဝတ်ဆင်ထားခြင်းမရှိသဖြင့် ရင်ဘတ်နှင့်ဝမ်းဗိုက်နေရာများ လစ်ဟာနေပြီး ရင်ဘတ်မှ အမွေးအမှင်များကို အထင်းသား မြင်နေရပေသည်။

လက်မောင်း လက်ဖျံများက သန်မာထွားကျိုင်းလှပြီး ဘယ်ဘက်လက်မောင်း၌ ကြေးကွင်းသုံးကွင်းကို စွပ်ထားကြောင်း တွေ့ရသည်။

ကြေးကွင်းသံ တချွင်ချွင်ကိုပင် အဝေးမှကြားနေရပေသည်။

ကြမ်းတမ်းခက်ထရော်သည့် မျက်နှာအနေအထားကိုကြည့်၍ ဤလူကား လူကောင်းမဟုတ်နိုင်ဟု လင်းထက်ဆွေ ကောက်ချက်ချလိုက်၏။

သူသည် သစ်ပင်အကွယ်မှချောင်းကြည့်ရင်း အထိတ်တလန့် ဖြစ်လောက်ဖွယ် အရာဝတ္ထုတစ်ခုကို တွေ့လိုက်ရသည်။

ထိုအရာကား ထိုကြေးကွင်းစွပ်လူကြီး၏ခါး၌ ထိုးထားသည့်ဓားတစ်ချောင်းပင်တည်း။

"ဒါ... ဒါ... ငါ့ဓားပဲ၊ ဘယ့်နှယ် သူ့ဆီရောက်နေရတာလဲ"

လင်းထက်ဆွေသည် ကပျာတယာ ခုန်ထွက်လိုက်၏။

"ဆရာကြီး ခဏနေပါဦး"

ကြေးကွင်းစွပ်လူကြီးသည် မထင်မှတ်သည့်နေရာမှ လူတစ်ယောက်ခုန်ထွက်လာသဖြင့် ထိတ်လန့်သွားပြီး တန့်ခနဲ ရပ်သွားသည်။

"ဟေ့... ဒါ ဘာလုပ်တာလဲ"

"ဆရာကြီး ခဏနေပါဦး"

ကြေးကွင်းစွပ်လူကြီးသည် ဒေါသမီးလျှံ တရိပ်ရိပ် ထနေသော မျက်လုံးများဖြင့် လင်းထက်ဆွေအား ကြည့်လိုက်၏။

"မင်းနဲ့ငါ ဘာကိစ္စမှမရှိဘူး၊ ဘာဖြစ်လို့ နေရမှာလဲ"

လင်းထက်ဆွေက တောင်းပန်လိုက်၏။

"သည်းခံပါ ဆရာကြီး၊ ခဏတော့ သည်းခံပါ၊ ကျွန်တော် စကားလေးတစ်ခွန်းလောက် ပြောချင်ပါတယ်"

ကြေးကွင်းစွပ်လူကြီးက စိတ်မရှည်ဟန်ဖြင့်....

"ကဲ... ပြော၊ ဘာပြောမလို့လဲ"

လင်းထက်ဆွေက လူကြီး၏ခါး၌ထိုးထားသည့်ဓားကို လက်ညှိုးထိုးပြလိုက်သည်။

"အဲဒီဓားကို ဆရာကြီး ဘယ်ကရလာတာလဲခင်ဗျာ"

"ဘာ...."

ကြေးကွင်းစွပ်လူကြီးက ခြသေ့်ဟိန်းသကဲ့သို့ ဟိန်းလိုက်လေ၏။

သစ်ပင်များပေါ်၌ နားနေသည့်ငှက်ကလေးများပင် လန့်ဖျပ်ပျံထွက်ပြေးသွားလေ၏။

"ဘယ်ကရလာလာ မင်းနဲ့ဘာဆိုင်လို့လဲ"

ကြေးကွင်းစွပ်လူကြီးသည် ဓားကို ရှမ်းခနဲ ဆွဲထုတ်လိုက်၏။ ဓားသွားသည် နေရောင်အောက်၌ ဝင်းလက်သွား၏။

ဓားသွား၏ပြောင်လက်တောက်ပပုံနှင့် ပုံစံကိုမြင်ရုံမျှနှင့် မိမိဆရာ၏ဓားဖြစ်ကြောင်း သိလိုက်သည်။



"ဆရာကြီးကို ကျွန်တော် အမှန်အတိုင်း အသိပေးပါ့မယ်၊ အဲဒီဓားဟာ ကျွန်တော့်ဆရာက ကျွန်တော့်ကို အမွေပေးခဲ့တဲ့ဓား ဖြစ်ပါတယ်၊ ကျွန်တော့်ဓားပါ ခင်ဗျာ"

"ဟား... ဟား... ဟား"

"ဟီး... ဟီး... ဟီး"

ကြေးကွင်းစွပ်လူကြီးသည် အမောင့်ပယောဂဝင်သွားသည့်အလား တဟားဟား တဟီးဟီး ရယ်မောလေတော့သည်။

လင်းထက်ဆွေသည် အမူအရာအမျိုးမျိုး ပြောင်းလဲနေသည့်လူကြီးအား ခပ်ကြောင်ကြောင် ရပ်ကြည့်နေမိသည်။

အတန်ကြာမှ လူကြီးသည် ရယ်ရှိန်သတ်နိုင်သည်။

"ကောင်စုတ်ကလေး... မင်း တော်တော် အတင့်ရဲပါကလား၊ ကိုယ့်ပစ္စည်းမဟုတ်ပဲနဲ့ ဘယ့်နှယ် ကိုယ့်ပစ္စည်းပါလို့ ညာပြီး လာတောင်းနေရတာလဲ၊ ကျလဲ ကျတဲ့ကောင်ကွာ၊ ဟား... ဟား... ဟား"

လင်းထက်ဆွေက တည်ကြည်စွာ ပြော၏။

"ဟင့်အင်း... ကျွန်တော် မညာတတ်ပါဘူး၊ ဒီဓားဟာ ကျွန်တော် ပျောက်ဆုံးသွားတဲ့ဓား ဖြစ်ပါတယ်"

"ဘာကွ... မင်းက ဒီဓားပျောက်ဆုံးသွားတယ်ဆိုတော့ ငါက ဒီဓားကို မင်းဆီက ခိုးယူခဲ့တယ်ဆိုပါတော့ ဟုတ်လား၊ ငါ့ကိုသူခိုးလို့ ယိုးစွပ်တာပေါ့ ဟုတ်လား"

"ဒီလိုဆိုလိုတာ မဟုတ်ပါဘူးခင်ဗျာ"

"ဟောကောင်… ဒီခါးကို ငါ အသက်နဲ့ရင်းပြီး ယူလာတာကွ ဖယ်စမ်း… ငါ့ခရီးကို လာမရှုပ်နဲ့"

လင်းထက်ဆွေသည် ဓား မည်သို့ အဆင့်ဆင့်လက်ပြောင်းခဲ့သည်ကို စဉ်းစား၍မရပဲ ဖြစ်နေ၏။

"ဆရာကြီး… ဒီဓားကို သီလရှင်လိနှံရင်ဆီက လုယူခဲ့တာများလား"

"ထို့… ပေါက်တတ်ကရတွေ လာမပြောနဲ့ ဖယ်စမ်း"

"ရှမ်း…"

ကြေးကွင်းစွပ်လူကြီးသည် လင်းထက်ဆွေအား စကားဖြင့်မရှင်းတော့ဘဲ ဓားဖြင့် ရှင်းတော့သည်။

သူ့ဓားသည် လေထဲ၌ အလင်းရောင်တန်းများ ဖြာထွက်လောက်အောင် လှုပ်ရှားဝှေ့ယမ်းနေသည်။

အမူမဲ့ အမှတ်မဲ့ တိုက်ခိုက်ခြင်းခံလိုက်ရသဖြင့် လင်းထက်ဆွေမှာ ဓားထိလုနီးနီး ဖြစ်သွား၏။ အသေအလဲ နောက်ဆုတ်ရှောင်တိမ်းလိုက်ရသည်။

လင်းထက်ဆွေ ခုန်ရှောင်လိုက်ရသည်ကို တွေ့လိုက်ရသောအခါ ကြေးကွင်းစွပ်လူကြီးသည် တဟီးဟီး တဟားဟား ရယ်မောလေတော့၏။



ဤလူငယ်ကလေးသည် ကိုယ်ခံပညာကောင်းကောင်းမရှိဘဲနှင့် သူ့အား လာဆွဲသူဟု အထင်မှားသွားလေတော့သည်။

"ရှမ်း… ရှမ်း"

သူ့လက်မောင်းမှ ကြေးကွင်းများသည် တချွင်ချွင် မြည်နေ၏။

လင်းထက်ဆွေသည် ကြေးကွင်းစွပ်လူကြီး၏ ပညာကို သိလိုသဖြင့် တဖြည်းဖြည်း နောက်ဆုတ်ပေးသည်။ ခုန်ရှောင်သည်။

တိုက်ကွက်ဆယ်ကွက်မျှ ရှိလာသောအခါ ဤလူကြီး၏ပညာကို သူ မှုလောက်စရာမရှိကြောင်း လင်းထက်ဆွေ ရိပ်မိလာ၏။

ထို့ကြောင့် အော်ဟစ်သတိပေးလိုက်သည်။

"ဆရာကြီး… ကျုပ်ဓားကို အေးအေးဆေးဆေး ပြန်အပ်ပါ၊ ကျုပ် ဘယ်သူ့ကိုမှ အရှက်ကွဲအောင် မလုပ်ချင်ဘူး"

"အောင်မယ် ရာရာစစ မင်းကများ"

လူကြီးသည် မုန်တိုင်းတိုက်သလို တရကြမ်း ဝင်တိုက်တော့သည်။

"ရှမ်း… ရှီး… ဗိုး… ဝှစ်… ဝှစ်"

လင်းထက်ဆွေသည် မာန်သွင်းအော်ဟစ်ပြီး ဓားစက်ဝိုင်းအတွင်း ခုန်ဝင်လိုက်၏။

ဓားသွား၏စက်ဝိုင်းကြားသို့ လှစ်ခနဲ တိုးဝင်သွားသည်။ အံ့ဩဖွယ်ရာပင်တည်း။

"ဖုန်း...."

"အို...."

ကြေးကွင်းစွပ်လူကြီး၏ အထိတ်တလန့် အော်သံနှင့်အတူ ဓားစက်ဝိုင်းသည် ရပ်တန့်သွား၏။

လင်းထက်ဆွေသည် ကြေးကွင်းစွပ်လူကြီး၏လက်ကို လိမ်ချိုးပြီး ဓားကိုလုယူလိုက်သည်။

"သွားပေရော့"

"ဝုန်း...."

ကြေးကွင်းစွပ်လူကြီး၏ မျက်နှာတပြင်လုံး ဖြူဆွတ်သွားတော့၏။

သူ မလောက်လေး မလောက်စား လူငယ်ကလေးဟု ထင်မှတ်ထားသူက သူ့အား လက်လိမ်ချိုးပြီး ဓားလုယူသွားသဖြင့် သူ့ခမျာ အကြီးအကျယ် အရှက်ရသွားသည်။

"ကျုပ်ကို ခွင့်လွှတ်ပါ၊ ကျုပ်ဓားကိုပြန်ယူတာမို့ တရားပါတယ်"

ကြေးကွင်းစွပ်လူကြီးသည် လူးလဲ၍ ထလာ၏။ ဖြူဆွတ်သောမျက်နှာ၌ သွေးရောင်ပြန်လျှမ်းလာ၏။



သူသည် လင်းထက်ဆွေကို လက်ညှိုးငေါက်ငေါက်ထိုးပြီး မေးလေ၏။

"ဒီရန်ကြွေးကို ဒီတင် ဘယ်ပြီးမလဲ၊ မင်းနာမည် ဘယ်သူဆိုတာ ပြောစမ်း ဒမြလေး"

ကြေးကွင်းစွပ်လူကြီးက သူ့အား ရန်ငြိုးဖွဲ့လိုက်ပြီကို အ ...ည့်အလင်း ကြေငြာလေ၏။

"ကျုပ်နာမည် လင်းထက်ဆွေ... မှတ်ထားပါ"

"ကောင်းပြီ... တစ်ချိန်ချိန်မှာ ထပ်တွေ့ကြသေးတာပေါ့၊ အဲဒီအချိန်မှာတော့ မင်းကို အတိုးရော အရင်းပါ အကြွေးဆပ်ရသေးတာပေါ့"

ကြေးကွင်းစွပ်လူကြီးသည် လင်းထက်ဆွေအား အခဲမကျေသောအကြည့်ဖြင့်ကြည့်ကာ သစ်တောအတွင်း ပြေးဝင်သွားလေတော့သတည်း။

လင်းထက်ဆွေသည် သစ်ပင်များအကြား၌ ကြေးကွင်းစွပ်လူကြီးပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေမိ၏။

လူလုံးပျောက်ကွယ်သွားသောအခါမှ ဟင်းခနဲ သက်ပြင်းချလိုက်မိသည်။

ထို့နောက် သူ့လက်ထဲမှဓားကို မြတ်နိုးစွာ ကြည့်လိုက်သည်။

"ဟိုက်... ဒုက္ခပဲ၊ မှားသွားပြီ"

လင်းထက်ဆွေသည် ဓားကိုကြည့်ပြီးလျှင် အထိတ်တလန့်

ရေရွတ်လိုက်မိသည်။

သူ့လက်တွင်းမှ ဓားမှာ သူ့ဆရာပေးခဲ့သည့်ဓားနှင့် တူလှသော်လည်း ဓားလက်ကိုင်ရိုး၌ ထွင်းထုထားသော ရွှေပန်းခက်များမှာမူ တစက်ကလေးမျှ တူညီမှုမရှိပဲ အကွဲပြားကြီး ကွဲပြားခြားနားနေတော့သည်။

သူ့ဆရာပြုလုပ်ခဲ့သောဓားမှာ ဖိုထဲမှထွက်လာခါစဖြစ်၍ အသေးစိတ်မွမ်းမံခြင်း မပြုလုပ်ရသေးပေ။

ဓားရိုးလက်ကိုင်မှာ သံမဏိအတိုင်းသာ ရှိနေပေသည်။

ရွှေမကွပ်ရသေးသလို ပန်းနွယ်ကနုတ်များလည်း ပုံမဖော်ရသေးပေ။

ယခု ဓားတွင်ကား လက်ကိုင်ဓားရိုး၌ ရွှေကွပ်ထားပြီး ပိုးကြိုးမျှင်ကလေးများကို သပ်သပ်ရပ်ရပ် ရစ်ပတ်ထားသည်။

လင်းထက်ဆွေမှာ သူ့မှားယွင်းမှုကြောင့် ငိုင်သွားမိသည်။

“သီလရှင် လိနံရှင်နဲ့ဟုအင်ဟုန်တို့ကပဲ အလှအပ ကြိုက်နှစ်သက်လို့ ဒါတွေ မွမ်းမံလိုက်သလား မသိဘူး”

လင်းထက်ဆွေအနေဖြင့် သည်မျှသာ စဉ်းစားနိုင်သည်။

ဓားကိုပြန်ပေးရမည့် ကြေးကွင်းစွပ်လူကြီးလည်း မရှိတော့သဖြင့် လင်းထက်ဆွေသည် ဓားကိုခါးကြားထဲ၌ ထိုးထားပြီး မှုန်ပျပျမြင်နေရသည့် ရွာကလေးဆီသို့ လျှောက်လာခဲ့၏။

ရွာထိပ်သို့ရောက်သောအခါ ကြီးမားသော ဇရပ်ကြီးတစ်ဆောင်ကို တွေ့လိုက်ရသည်။



“ဟာ… ဟန်ကျပြီ၊ ငါရွာထဲ မဝင်တော့ဘူး၊ လောလောဆယ် အတွင်းအားလေ့ကျင့်ဖို့က အရေးကြီးတယ်၊ ဒီဇရပ်ထဲဝင်နိုပြီး အတွင်းအား လေ့ကျင့်ရမယ်”

လင်းထက်ဆွေသည် ဇရပ်ထောင့်တစ်ထောင့်သို့ သွားသည်။ တင်ပျဉ်ခွေထိုင်လျက် အတွင်းအား စတင်လေ့ကျင့်သည်။

ချက်တိုင်အတွင်းမှ အပူစီးကြောင်းသည် ခန္ဓာကိုယ်တစ်ခုလုံးသို့ တဖြည်းဖြည်း လှည့်ပတ်လာသဖြင့် တစ်ကိုယ်လုံး ပူနွေးလာသည်။ အားအင်သစ်များ ဝင်လာသကဲ့သို့ ခံစားလာရသည်။

“ရှပ်… ရှပ်… ရှပ်… ရှပ်”

“ရှပ်… ရှပ်… ရှပ်… ရှပ်”

လင်းထက်ဆွေ အတွင်းအားလေ့ကျင့်၍ အလုံအလောက်ရှိပြီးချိန်တွင် ဇရပ်ထဲသို့ဝင်လာသည့် တရှပ်ရှပ် ခြေသံများကိုကြားလိုက်ရလေတော့၏။

လင်းထက်ဆွေသည် အတွင်းအားလေ့ကျင့်မှုကို ဖြတ်တောက်လိုက်၏။

ခြေသံများကို အာရုံစိုက်လိုက်သည်။ မျက်လုံးတော့ ဖွင့်မကြည့်ပေ။ လာသူမှာ တစ်ယောက်တည်းသာ။ လူအများ၏ခြေသံမဟုတ်နိုင်။

"ရှိ..."

လက်ခေါက်မှုတ်သံက စူးစူးရှရှ ထွက်ပေါ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံးကို ပွဲတင်ထပ်သွားတော့သည်။

လက်ခေါက်မှုတ်သံ ထွက်ပေါ်လာပြီးနောက် အရပ်လေးမျက်နှာဆီမှ လက်ခေါက်မှုတ်သံများ တစ်ချက်ပြီးတစ်ချက် ပြန်လည်ထွက်ပေါ်လာတော့သည်။

မျက်စိတမှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် အရပ်ရှစ်မျက်နှာမှ လူဆယ်ယောက်ခန့် ဇရပ်ဆီသို့ ရှေ့ဆင့်နောက်ဆင့် ရောက်ရှိလာကြသည်။

လင်းထက်ဆွေသည် မျက်လုံးများကို ဝိတ်မထားတော့ပေ။

များပြားသောခြေသံများကို ကြားလိုက်သည်နှင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။

ဇရပ်ထဲသို့ဝင်လာသူများကိုလည်း တည်ငြိမ်သောမျက်လုံးများဖြင့် ကြည့်နေလိုက်သည်။

ပထမဦးစွာ ရောက်လာသည့်လူက လင်းထက်ဆွေအား လက်ညှိုးထိုးပြပြီး သူ့လူများကို လှည့်ပြော၏။

"ရှာလို့တွေ့ပြီ... သူ့ကိုယ်ပေါ်မှာ ရှိတယ်"

လင်းထက်ဆွေသည် ထိုလူ၏စကားကိုနားမလည် သဘောမပေါက်ပေ။

လင်းထက်ဆွေ နားမလည်သော်လည်း နောက်ထပ်ရောက်လာသူများက နားလည်ဟန်တူ၏။



လင်းထက်ဆွေအား ဝိုင်းဝန်းဝိတ်ဆို့လိုက်ကြ၏။

ထိုလူများက....

"အုပ်ချုပ်ရေးမှူးကြီး... ကျွန်တော်တို့ သူ့ကိုဝိုင်းတိုက်ရတော့မလား"

အုပ်ချုပ်ရေးမှူးကြီးဟု အခေါ်ခံရသူမှာ ပထမဦးစွာ ဇရပ်ထဲသို့ရောက်ရှိလာပြီး လက်ခေါက်မှုတ် အချက်ပေးသူဖြစ်၏။

ထိုသူက လမ်းမဘက်သို့တစ်ချက်လှမ်းကြည့်ပြီး အားလုံးကို လက်တားလိုက်၏။

"ခဏနေကြဦး... ရွာသူကြီး လာနေပြီ၊ သူ့အဆုံးအဖြတ်အတိုင်း ဆောင်ရွက်ရင် ပိုကောင်းမယ်"

လူစိမ်းအားလုံးသည် ရွာလမ်းမဘက်သို့လှမ်းကြည့်လိုက်လေ၏။

ရွာထဲမှလူတစ်ယောက် တရိပ်ရိပ် ပြေးထွက်လာနေသည်။

ငွေရောင်ဆံပင်များသည် လေထဲ၌ တလူလူ လွင့်ပျံနေ၏။

တဖြည်းဖြည်း နီးလာသောအခါ အသက်ခုနစ်ဆယ်ခန့်ရှိသောအဘိုးအိုတစ်ဦးဖြစ်ကြောင်း လင်းထက်ဆွေ တွေ့ရှိရသည်။

"အင်း... တယ်ကောင်းတဲ့ ကိုယ်ဖော့ပညာပါလား၊ ငါ ဘာပြဿနာတွေ ထပ်တွေ့ရဦးမလဲ မသိဘူး"

အဘိုးအိုသည် ဇရပ်ပေါ်သို့ လှားခနဲ ခုန်တက်လာ၏။

"အုပ်ချုပ်ရေးမှူး ဘာကိစ္စပေါ်ပေါက်လာလို့ အချက်ပေးလိုက်ရတာလဲ"

အဘိုးအို ဇရပ်အတွင်းသို့ရောက်ရှိလာသောအခါ ဟန်တပြင်ပြင်ဖြစ်နေကြသောလူများသည် နောက်သို့ရှဲခနဲ ဆုတ်ခွာနေရာပေးလိုက်ကြ၏။

အုပ်ချုပ်ရေးမှူးပေါ့က ရှေ့သို့ခြေတစ်လှမ်း လှမ်းတက်လိုက်ပြီး...

"ကျွန်တော်တို့ ဓားသူခိုးကိုတွေ့ထားပါပြီ၊ ဒါကြောင့် ရွာသူကြီးကို သတင်းပို့ရတာပါ"

လင်းထက်ဆွေသည် ခါးပေါ်မှ ဓားရိုးပေါ်သို့ လက်ကိုအုပ်ကိုင်ထားလိုက်မိသည်။

ငွေရောင်ဆံပင်နှင့်အဘိုးအိုက လင်းထက်ဆွေကို အကဲခတ်သည်။

သူ့အား ရဲရင့်သောမျက်လုံးများဖြင့် ကြည့်နေသည့် လင်းထက်ဆွေကို တွေ့လိုက်ရသောအခါ ချိုသာစွာ လှမ်း၍ မေးမြန်းလေ၏။

"ကျုပ်က ဟောဒီချိုရှင်ကျွမ်းကျေးရွာက ရွာသူကြီး တုံဖန်းချိုချင်ပါ၊ မောင်ရင်လေးရဲ့နာမည်ကို သိပါရစေလား"

အဘိုးအိုက သိမ်မွေ့စွာ ပြောသဖြင့် လင်းထက်ဆွေကလည်း ယဉ်ကျေးစွာ ပြန်ဖြေသည်။



"ကျွန်တော့်နာမည် လင်းထက်ဆွေပါခင်ဗျာ၊ သူကြီးမင်းအနေနဲ့ ကျွန်တော့်ကို ဘာများပြောစရာရှိနေပါသလဲ"

"မောင်ရင်လေးက ဒီစကားပြောလိုက်တာမသိလို့ ပြောလိုက်တာလား... သိလျက်သားနဲ့ တမင်တကာ ပြောလိုက်တာလား"

"ကျွန်တော် တကယ်ပဲမသိလို့ မေးရတာပါခင်ဗျာ"

တုံဖန်းချိုချင်က ပေါ့ပါးသောအပြုံးကိုပြုံးလျက် လင်းထက်ဆွေ၏ခါးထဲမှ ဓားကိုလက်ညှိုးညွှန်ပြကာ...

"ကျုပ်တို့က မင်းရဲ့ခါးထဲက ဓားအတွက် လိုက်လာရတာပါ"

"ခင်ဗျာ... ဒီဓားက ဘာဖြစ်နေလို့ပါလဲခင်ဗျာ"

လင်းထက်ဆွေက ခပ်ရိုးရိုးပင် ပြန်မေးလိုက်သည်။

"ဟား... ဟား... ဟား၊ သိုင်းလောကမှာ ငါ့ကိုလူတွေက 'ဒုတိယထိပ်ခေါင်'လို့ သတ်မှတ်ခဲ့ကြတယ်၊ ဒီချိုရှင်ကျွမ်းမှာ နေလာခဲ့တာလဲ နှစ်ပေါင်းငါးဆယ်ကျော်သွားပြီ၊ အထက်လမ်းဂိုဏ်းတွေကကော အောက်လမ်းဂိုဏ်းတွေကကော ငါ့ကိုရိုသေလေးစားကြတယ်၊ ဘယ်သူကမှလဲ ငါ့ရဲ့အေးချမ်းစွာ နေထိုင်မှုကို လာမဖျက်ဆီးကြဘူး၊ ဒီနေ့တော့...."

အဘိုးအို၏လေသံသည် ရုတ်ခြည်းတိုးသွား၏။

"မောင်ရင်လေး... မင်းဟာ ဓားကလေးတစ်လက်အတွက်နဲ့ ငါ့ရဲ့နှစ်ပေါင်းငါးဆယ်ကျော် အေးချမ်းတည်ငြိမ်နေတဲ့ဘဝကို နှောင့်ယှက်ဖျက်ဆီးဖို့ ရောက်လာခဲ့တာပဲ မဟုတ်လား"

လင်းထက်ဆွေ ခေါင်းခါလိုက်၏။

"ကျွန်တော်ကတော့ ဆရာကြီးပြောတာတွေကို ဘာမှနားမလည်ဘူး"

လင်းထက်ဆွေ၏ မသိနိုးနားပုံစံကြောင့် တုံဖန်းချိုချင် မျက်နှာပိရှဲသွားလေသည်။

သူမှတ်ဆိတ်မွေးများကို ပွတ်သပ်လိုက်ပြီး....

"မင်းဟာ ညကြီးအချိန်မတော် တို့ရဲ့ ချိုရှင်ကျွမ်းကို လာခဲ့တယ်၊ ငါတို့ဆီက ဓားတစ်လက်ကိုခိုးယူသွားခဲ့တယ် သေသေချာချာ စဉ်းစားကြည့်ရင် ဒီအလုပ်မျိုးကို တော်ရုံတန်ရုံ သိုင်းသမားတစ်ယောက် လုပ်ရဲမှာ မဟုတ်ဘူး၊ ဒါလောက်အထိလဲ ရဲတင်းမှာမဟုတ်ဘူး၊ ဒီမှာ မောင်ရင်လေး... မင်းဟာ အခုမှသိုင်းလောကထဲကို ရောက်လာတဲ့လူတစ်ယောက်တော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ ဒါနဲ့တောင်ငါ့နာမည်ကို နည်းနည်းလေးမှ မကြားမိဘူးလား"

လင်းထက်ဆွေ ပြုံးလိုက်သည်။ လက်ထဲမှဓားကို မြှမြှမြှမြှ ဆုပ်ကိုင်ထားရင်း ဣန္ဒြေရရပင် မေးသည်။

"ဆရာကြီးက ကျွန်တော့်ကို ဒီဓားခိုးသွားတယ် စွပ်စွဲနေတာပေါ့"

"ဟုတ်တယ်... ခိုးမသွားရင် မင်းကို ဘယ်သူက လက်ဆောင်ပေးမလဲ"



"လက်ဆောင်ပေးတယ်လို့ပြောရင်လဲ မထူးပါဘူးလေ"

"ဘာ... ဘယ်လိုပြောလိုက်တယ်"

"ဆရာကြီးကို ရှင်းရှင်းပြောရရင်တော့ ကျွန်တော် ဒီဓားကို လုယူလာခဲ့တာပါပဲ"

"လုယူလာတယ် ဟုတ်လား။ မင်းစကားက တော်တော်ကြီးကျယ်နေပါလား"

"တကယ်လုယူလာခဲ့ရတာပါ... ဘာလဲ ဆရာကြီးက မယုံလို့လား"

"အေး... ဒါဆို မင်းဆီက ငါ ပြန်လုရလိမ့်မယ်"

တုံဖန်းချိုချင်သည် လင်းထက်ဆွေအနီးသို့လည်း ရိပ်ခနဲရောက်ရှိလာသည်။

တစ်ဆက်တည်းပင် လက်ဝါးတစ်ချက်ရိုက်ချသည်။ သူ့လက်ဝါးရိုက်ချက်မှာ အတော်ကလေး ပြင်းထန်သည်။

လင်းထက်ဆွေသည် အဘိုးအို၏သိုင်းပညာကို စိတ်ထဲက အံ့သြချီးကျူးမိ၏။

ယင်းတိုက်ကွက်ကို ရိပ်ခနဲ ခုန်ပျံရှောင်တိမ်းလိုက်သည်။

သူ့လှုပ်ရှားမှုမှာ လျှပ်ပြက်လိုက်သည့်အလား လျင်မြန်လှသဖြင့် ဘေးမှကြည့်နေသူများ အံ့အားသင့်သွားကြသည်။

တုံဖန်းချိုချင်သည် သူ၏ပထမတိုက်ကွက်ဖြင့် လင်းထက်ဆွေကိုထိအောင် မတိုက်ခိုက်နိုင်သဖြင့် ဒေါသထွက်လာကာ လင်း

ထက်ဆွေနောက်သို့ ခုန်ဆုတ်သွားသည်။

ပြင်းထန်သောလက်ဝါးရိုက်ချက်တစ်ချက် ထပ်ရိုက်ပြန်သည်။

"ဝုန်း..."

လင်းထက်ဆွေမှာ မြေပေါ်သို့ခြေချမိသည်နှင့် သူ့အနီးသို့ရောက်ရှိလာသော လက်ဝါးရိုက်အားကို ကမန်းကတန်း ခုန်ရှောင်လိုက်ရပြန်သည်။

ပြင်းထန်သော လေလုံးအားလှိုင်းများက သူ့ခန္ဓာကိုယ်ဘေးမှ ပွတ်ကာသီကာ လွတ်သွား၏။

"ခဏနေပါဦး... ကျွန်တော်ရှင်းပြပြီးမှ တိုက်ခိုက်ကြရင်လဲ ခင်ဗျားတို့အတွက် နောက်မကျသေးပါဘူး"

လင်းထက်ဆွေက ခုန်ရှောင်ရင်းမှ အော်ဟစ်ပြောကြားလိုက်သည်။ တုံဖန်းချိုချွင်သည် လင်းထက်ဆွေ၏စကားကြောင့် ဆက်မတိုက်တော့ဘဲ ရပ်တန့်သွားသည်။

ထိုစဉ် ဇရပ်အပြင်ဘက်မှ ကြည်လင်ချိုသာသောအသံလေး လွင့်ပျံ့လာသည်။ မိန်းကလေးတစ်ယောက်၏အော်ဟစ်ပြောကြားသံပေတည်း။

"ဘိုးဘိုး... ဓားမြတ်ကိုရှာတွေ့ခဲ့ပြီ၊ သူခိုးကိုလဲ ဖမ်းမိထားပါပြီ"



## အခန်း(၇၀)
## တည်ကြည်သောသိုင်းမိသား

အဘိုးအိုသည် အထိတ်တလန့် နောက်ဆုတ်သွားလေ၏။

ထိုအချိန်မှာပင် မိန်းကလေးက ရှေ့သို့ခုန်ထွက်လာ၏။ ဇရပ်ပေါ်တက်လာသည်။

"မြေးမလေး... ညည်း ဘာပြောလိုက်တာလဲ"

အဘိုးအိုထံမှ အလွန်တရာ အံ့သြနေသည့်မေးခွန်းထံ ထွက်လာသည်။

လင်းထက်ဆွေသည်လည်း အဘိုးအိုနည်းတူ အံ့အားသင့်သွားသည်။ မည်သို့ပင်ဖြစ်စေ သူ့အတွက် လောလောဆယ်ဆယ် သက်သာခွင့် ငြိမ်းချမ်းခွင့်ရနေသည်ကတော့ အမှန်ပင်။

ထိုမိန်းကလေးကား သပြေနုသစ် ဆယ့်ခြောက်နှစ်အရွယ်မျှသာ ရှိသည်။ အလွန်ဆုံးရှိမှ ဆယ့်ခုနစ်ခန့်သာ ဖြစ်သည်။

ငယ်ရွယ်နုနယ်သလောက် ဖြစ်မျိုးမှဲ့ထင် အလှပိုင်ရှင်ဖြစ်

လေသည်။

သူမသည် လက်ထဲမှ ပြုံးပြုံးပြောင်ပြောင် ဝင်းလက်နေသည့်ဓားတစ်ချောင်းကို မြှောက်ပြရင်း အဘိုးအိုအား ရှင်းပြလာလေ၏။

"ဓားမြှတ်ကိုရှာတွေ့ပြီ ဘိုးဘိုးရဲ့... ဓားသူခိုးကိုလဲ ဖေဖေရယ်... မေမေရယ်... သမီးရယ် တိုက်ခိုက်ပြီး ဖမ်းလာခဲ့ပြီ"

တုံဖန်းချိုချွင်မှာ မယုံကြည်နိုင်လောက်အောင် တုန်လှုပ်ချောက်ချားသွား၏။

တအံ့တသြ အမူအရာဖြင့်....

"သမီး တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ ဘိုးဘိုးရဲ့၊ ဟောဒီမှာ ကြည့်ပါလား"

မိန်းမပျိုလေးက ပြောရင်းမှ ဓားကိုတစ်ချက်ဝှေ့ယမ်းပြလိုက်သည်။ အဘိုးအိုက မိန်းမပျိုလေး၏လက်ထဲမှဓားကို ဆွဲယူလိုက်၏။

ဘယ်ပြန်ညာပြန် အသေအချာကြည့်ရှုပြီးလျှင် ခပ်ပြတ်ပြတ်ပြောလေ၏။

"ဒီဓားဟာ ဘိုးဘိုးတို့ဓား မဟုတ်ဘူး မြေးမလေး"

"ရှင်...."

မိန်းကလေးမှာ တအံ့တသြ ဖြစ်သွားသည်။ မျက်လုံးကလေးများ ဝိုင်းစက်သွားသည်။

"ဘိုးဘိုးက သမီးကို ကျီစယ်နေတာလား၊ ကမ္ဘာပေါ်မှာ



ဒါလောက်ကောင်းတဲ့ဓားကတော့ မရှိနိုင်တော့ဘူး၊ ဓားဖျားမှာ ဒီလိုအရောင်တဖျပ်ဖျပ် တောက်နေတဲ့ဓားမျိုးကကော ရှိနိုင်ပါဦးမလား"

တုံဖန်းချိုချွင်က လင်းထက်ဆွေ၏ခါးထဲမှဓားကို လက်ညှိုးညွှန်ပြလိုက်ပြီး....

"ဒီဓားကလဲ ဓားအတုတော့ မဟုတ်ဘူး၊ ဒါပေမယ့် ဒီသူငယ်လေးဆီကဓားမှ ဘိုးဘိုးတို့ပျောက်သွားတဲ့ဓား"

မိန်းကလေးသည် ပထမပိုင်း၌ ဓားကိုစူးကိုသာ စိတ်ဝင်စားနေသဖြင့် လင်းထက်ဆွေကို လုံးဝဂရုမပြုမိပေ။ အဘိုးအိုညွှန်ပြလိုက်သောအခါမှ လင်းထက်ဆွေကို သတိပြုမိသည်။

နုငယ်ချောမောသောလုလင်ပျို လင်းထက်ဆွေကိုတွေ့လိုက်ရသည့်အခါ မိန်းကလေးမှာ ရင်ကလေး ဖိုသွား၏။

ထို့ကြောင့် ကပျာကယာ ဓားဆီသို့ မျက်နှာလွှဲလိုက်ရသည်။ ထိုအခါကျမှ သူမ၏မျက်လုံးကလေးများ ပို၍ ဝိုင်းစက်သွားရတော့သည်။

"ဒါက ဘယ်လိုဖြစ်ကုန်ရတာလဲ ဘိုးဘိုး"

တုံဖန်းချိုချွင်သည် ဘာမျှမစဉ်းစားတတ်တော့ဟန်ဖြင့် ခေါင်းယမ်းပြသည်။

"ဘိုးဘိုးလဲ ဘာဆက်လုပ်ရမှန်း မသိတော့ပါဘူးကွယ်"

မိန်းကလေးကတော့ အဘိုးအိုကဲ့သို့ အကြံဉာဏ်တုံးသွားဟန် မတူပေ။ နိုးနိုးဇတ်ဇတ်ဖြင့် ရှေ့သို့တိုးလာပြီး လင်းထက်ဆွေထံ လက်ဖြန့်တောင်းလိုက်သည်။

"အဲဒီစား ကျွန်မကိုပေးစမ်းပါ၊ ဒီဓားနဲ့ရှိုင်းယှဉ်ကြည့်ရအောင်"

မည်သူသည် မိုက်မိုက်မဲမဲ ဓားကိုပေးပါမည်နည်း။ လင်းထက်ဆွေ ပြုံးမိသည်။ လူမိုက်မှမဟုတ်ပါပဲကိုး။

"ကောင်းပါပြီဗျာ"

ပါးစပ်က ကောင်းပါပြီဟု ပြောသော်လည်း ဓားကိုမူ သူမထံသို့မပေးပဲ ရင်ဘတ်ရှေ့တွင် အသင့်ထောင်ကာ ထားလိုက်သည်။

"ပေးလေ... ဘာလုပ်နေတာလဲ"

လင်းထက်ဆွေက ခပ်အေးအေးပင် ပြန်ပြောသည်။

"မိန်းကလေးရဲ့ဓားကိုသာ ကျုပ်ကိုခဏပေးပါ၊ ကျုပ် ယှဉ်ကြည့်ပါ့မယ်"

မိန်းကလေးသည် လင်းထက်ဆွေ၏စကားကြောင့် စိတ်ဆိုးသွားသည်။

"ရှင့်စိတ်ထားက သိပ်ပြီး သေးသိမ်ပါလား"

"သဘောထား သေးသိမ်လို့ မဟုတ်ပါဘူးလေ၊ မှန်မှန်ကန်ကန် ဖြစ်စေချင်လို့ပါ"

"ဟင်း... ကြီးကျယ်လိုက်တာ၊ ကျွန်မတို့ကို ကောက်ကျစ်ယုတ်မာမယ့်လူတွေများ မှတ်နေသလား၊ ဒီဓားဟာ ကျွန်မတို့ဓားဆို



ရင် ရှင်နဲ့ဘာမှမပတ်သက်ဘူး၊ ရှင်ယူသွားလို့လဲ ရလိမ့်မယ်မထင်နဲ့၊ ကျွန်မတို့ပစ္စည်းမဟုတ်ဘူးဆိုရင်လဲ ရှင်က လက်ဆောင်ပေးပါ့မယ်ဆိုတာတောင် ကျွန်မတို့က ယူမှာမဟုတ်ဘူးဆိုတာ ရှင် သိရဲ့လား"

မိန်းကလေးက ဒေါသတကြီး ပြောနေ၏။ လင်းထက်ဆွေကမူ သူ့ဓားကို သူတစ်ပါးလက်ထဲ ပေးအပ်ရန် လုံးဝစိတ်မကူးချေ။

သူသည် သိုင်းလောကအတွေ့အကြုံ အတော်ကလေး ရှိပြီးခဲ့လေပြီ။

ထိုစဉ် တုံဖန်းချိုချင်က လင်းထက်ဆွေတို့အနီးသို့ လျှောက်လာပြီး ပြေပြစ်ချောင်စွာ ရှင်းပြသည်။

"သူငယ်လေး... ဒီဓားမြတ်ဟာ ကျုပ်တို့ကို မရှင်းမလင်းဖြစ်ပြီး သံသယတွေ ပွားနေရတယ်၊ ဝန်မလေးဘူးဆိုရင် ကျုပ်တို့နဲ့လိုက်ခဲ့ပါလား၊ ဟောဒီရွာရဲ့အရှေ့ဘက်မှာ ကျုပ်ဂေဟာရှိပါတယ်၊ အဲဒီကျမှပဲ ရှုပ်ထွေးနေတဲ့ကိစ္စကို ရှင်းကြတာပေါ့၊ လိုက်ခဲ့ဖို့ ကျုပ်က အရှုံအညွတ် မေတ္တာရပ်ခံတောင်းပန်ပါတယ်"

တုံဖန်းချိုချင်၏ သိမ်မွေ့ယဉ်ကျေးသော ဖိတ်ခေါ်စကားကြောင့် လင်းထက်ဆွေ ငြင်းဆိုရန် ခက်သွားသည်။

လင်းထက်ဆွေသည် ခပ်ကြမ်းကြမ်းပြောဆိုသူများကို ခပ်ကြမ်းကြမ်း တုံ့ပြန်ရန် ဝန်မလေးသော်လည်း ယဉ်ကျေးစွာ ဆက်ဆံသူများကိုမူ ခပ်ကြမ်းကြမ်း ဆက်ဆံရန် လွန်စွာ ဝန်လေးသူဖြစ်၏။

ထို့ပြင် အဘိုးအိုသည် သူ့အား အကောက်ကြံမည်မဟုတ်ဟု ဥပမိရုပ်အရ ယုံကြည်ရသည်။

"ကောင်းပါပြီ... ကျွန်တော်လိုက်ခဲ့ပါ့မယ်၊ ဆရာကြီးကပဲ ဦးဆောင်လမ်းပြပေးပါ"

အဘိုးအို သူ့လူများကိုလှည့်၍ အမိန့်ပေးလိုက်၏။

"အုပ်ချုပ်ရေးမှူးပေါ့... အလျင်ဆုံးပြန်နှင့်ပြီး ဧည့်ခံဖို့ အဆင်သင့် စီစဉ်ဆောင်ရွက်ထားပါ"

"ကောင်းပါပြီ ခင်ဗျာ"

အုပ်ချုပ်ရေးမှူးက ဦးညွတ်ကာအရိုအသေ ပေးလိုက်ပြီး သူ့အဖွဲ့သားများကိုခေါ်ဆောင်ကာ ရှေ့မှပြေးလွှားထွက်ခွာ သွားလေတော့သည်။

ထိုသူများ ထွက်ခွာသွားလျှင် အဘိုးအိုက လင်းထက်ဆွေအား အဝါရောင်မိန်းကလေးနှင့် မိတ်ဆက်ပေးသည်။

"ဒါက ကျုပ်ရဲ့မြေးမလေးလေ၊ တုံဖန်မိန်လို့ခေါ်တယ်၊ လူကသာ အပျိုကြီးဖားဖားဖြစ်နေတာ စိတ်ကတော့ တကယ့်ကို ကလေးစိတ်ပဲ ရှိသေးတယ်၊ ကျုပ်တို့ကလဲ သူ့ကိုကလေးလို့ပဲ ထင်နေတုန်းပဲလေ၊ ဟား... ဟား... ဟား"

"အို... ဘိုးဘိုးကလဲ"

တုံဖန်းချိုချင်က ရယ်ရယ်မောမော ပြော၏။ တုံဖန်းမိန်မှာ အပျိုသွေးကြွေစ အလှကြွယ်ချိန်မို့ မျက်နှာတပြင်လုံးရဲကာ အရက်ပိုသွားရသည်။

ထို့နောက် အုပ်ချုပ်ရေးမှူး ပြေးထွက်သွားသည့်လမ်းအတိုင်း တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။



လင်းထက်ဆွေသည် လှပကျော့ရှင်းသော မိန်းမပျိုလေးကို ငေးကြည့်မိလေ၏။

ဤမိန်းမလှကလေးသည် ကွမ်းရဲစမ်းလောက် ခက်ထန်မာကျောခြင်းမရှိ။ လိန်ရန်လန်လောက်လည်း ခြေတစ်လှမ်း ကုဋေတစ်သန်း ဆိုရလောက်အောင် နူးညံ့သိမ်မွေ့ခြင်းလည်း မရှိပေ။

အလှနှင့်သိုင်းပညာကို သမမျှတနေသော မိန်းကလေးဟုဆိုရပေလိမ့်မည်။ ဟာရှန်းရိသည်ပင်လျှင် သူမထက် အနည်းငယ် ခက်ထန်ကြမ်းတမ်းနေသည်။

တုံဖန်းမိန်၏အလှကွန်ယက်တွင် တဒင်္ဂမျှ နစ်မျောနေသဖြင့် လင်းထက်ဆွေမှာ ငိုင်နေသည်။

"မောင်ရင်လေး... သွားကြရအောင်"

လင်းထက်ဆွေမှာ အရှက်သွားရ၏။ မျက်နှာမထားတတ်အောင် ဖြစ်သွားသည်။ အဘိုးအိုသည် ထိုအဖြစ်ကို မသိဟန်ဆောင်ကာ ရှေ့မှဦးဆောင်ပြေးထွက်သွားသည်။

လင်းထက်ဆွေလည်း နောက်မှ ပြေးလိုက်သွားရလေတော့၏။ အဘိုးအိုနှင့်လင်းထက်ဆွေတို့သည် ပေါ့ပါးစွာ ပြေးလွှားလာကြ၏။

လမ်းအသီးသီး၊ ခြံဝင်းအသီးသီးဖြင့် စနစ်တကျ ဆောက်လုပ်ထားသောကျေးရွာကလေးကို ဖြတ်ကျော်လာကြသည်။

ရွာ၏ အရှေ့ဘက်သို့ ရောက်သောအခါ ကြီးမားကျယ်ဝန်းသော ခြံကြီးအတွင်းမှ ဂေဟာကြီးတစ်ခုကို အုံ့ဩစဖွယ် တွေ့ရှိ

လိုက်ရသည်။

ချိုရှင်ကျွမ်းဟူသော ရွှေရောင်စာလုံးဖြင့် ရေးထိုးထားသော မှန်တံခါးကို ဖြတ်ကျော်လိုက်သောအခါ ခြံဝင်းထဲသို့ ရောက်ရှိသွားကြသည်။

---

ဂေဟာကြီး၏ တံခါးဝတွင် အသက်လေးဆယ်ခန့်ရှိသော ယောကျ်ားတစ်ဦးနှင့် အသက်သုံးဆယ်ခန့်ရှိသော အမျိုးသမီးတစ်ဦးတို့က ဆီးကြိုလျက် ရှိကြ၏။

"ဒါ ကျုပ်သားနဲ့ ချွေးမလေ၊ သိုင်းလောကသားတွေကတော့ နတ်လက်ဝါးတုံဖန်းဟောနဲ့ ရွှေစားရှင်ဖန့်စီလို့လို့ ခေါ်ကြတယ်"

လင်းထက်ဆွေသည် ထိုစုံတွဲနာမည်ကို ကြားလိုက်ရလျှင် ဆတ်ခနဲ တုန်လှုပ်သွားရသည်။

ထိုသူနှစ်ဦးစလုံးမှာ သိုင်းလောကတွင် နာမည်ကျော်ကြားသူများဖြစ်ကြပြီး သူ့ဆရာ စီးမာကမ်းစင်း မသေမီက သူတို့အကြောင်းကို တခုတ်တရ ပြောပြခဲ့ဖူးပေသည်။

ဆရာနှင့် အဆင့်တူ ပုဂ္ဂိုလ်များဖြစ်သဖြင့် လင်းထက်ဆွေက တရိုတသေ ဂါဝရပြုလိုက်သည်။

"ကျွန်တော်နာမည် လင်းထက်ဆွေပါခင်ဗျာ၊ အခုလို သိုင်းလောကမှာ ထင်ရှားကျော်ကြားလှတဲ့ ဦးနဲ့ဒေါ်ဒေါ်ကို တွေ့ဆုံရတာ



အများကြီးပဲ ဝမ်းသာဂုဏ်ယူပါတယ်"

လင်းထက်ဆွေ၏ ရိုကျိုးနှိမ့်ချမှုကို တွေ့လိုက်ရသောအခါ နတ်လက်ဝါး သိုင်းစုံတွဲသည် ကျေနပ်သွားကြ၏။

လင်းထက်ဆွေအား ပြန်လည်ဂါဝရပြုကာ ဧည့်ခန်းအတွင်းသို့ ခေါ်ယူနေရာချပေးကြ၏။

ဧည့်ခန်းအတွင်း၌ ကျမ်းစာအုပ်များ၊ ရှေးဟောင်းပစ္စည်းများ ပြည့်နေ၏။ စာပေဗဟုသုတရှိ၍ ကြွယ်ဝသော မိသားစုတစ်စုဖြစ်ကြောင်း လင်းထက်ဆွေ ခန့်မှန်းလိုက်မိသည်။

တုံဖန်းချိုရှင်က ဧည့်ခံစကား သိပ်ပြောမနေတော့ဘဲ လင်းထက်ဆွေအား လိုရင်းကိစ္စကို တည့်တည့်လင်းလင်းပင် မေးမြန်းလိုက်သည်။

"မောင်ရင်လေးရဲ့စားမြတ်က ဘယ်ကရလာသလဲဆိုတာ ကျုပ်တို့ကိုပွင့်ပွင့်လင်းလင်း ပြောပြပါလား၊ ကျုပ်တို့ကို ယုံကြည်တယ်ဆိုရင်ပေါ့လေ"

လင်းထက်ဆွေက ပြုံးလိုက်၏။

"ကျွန်တော်ကလဲ အဲဒီအကြောင်းကိုပြောမလို့ပါပဲ၊ ရှင်းပြခွင့်ကိုမရလို့ ကျွန်တော်တို့ ဒီလောက်ပြဿနာ တက်ကုန်တာပါ"

လင်းထက်ဆွေသည် သူ့လက်ဝယ်ရှိနေသောဓားကို မည်သို့မည်ပုံ ရရှိလိုက်ကြောင်း ရှင်းပြလိုက်၏။

နတ်လက်ဝါး တုံဖန်းဟောသည် ထိုစကားကိုကြားလိုက်ရသည်နှင့် ဒေါသအမျက်ချောင်းချောင်း ထွက်သွားလေတော့၏။

"ငါ့တူပြောတဲ့လူမှာ ကြေးကွင်းသုံးကွင်းရှိနေသလား"

"ဟုတ်ကဲ့ ရှိပါတယ်... လက်မောင်းမှာ ကြေးကွင်းစွပ်ထားတဲ့ ထွားထွားကျိုင်းကျိုင်း ခေါင်းကြီးကြီးလူတစ်ယောက်ပါပဲ"

တံ့ဖန်းဟေက တီးတိုးရေရွတ်လိုက်၏။

"တော်တော် အရက်မရှိတဲ့သူခိုးပဲ၊ အိမ်သည်တွေရဲ့ ဧည့်ဝတ်ကျေပွန်မှုကို မထောက်"

"လူလေး စကားကိုဆင်ခြင်ပြောကွယ်... ဧည့်သည်ရှိတယ်"

တံ့ဖန်းဟေ နှုတ်ပိတ်သွား၏။ တံ့ဖန်းချိုချင်က ခပ်အေးအေးပင် ရှင်းပြသည်။

"မောင်ရင်ပြောတဲ့လူဟာ သိုင်းလောကထဲမှာ ထိုက်သင့်သလောက် နာမည်ရှိပါတယ်၊ ကျုပ်တို့ဂေဟာကို ရောက်လာလို့ ကျုပ်တို့က ဧည့်သည်အဖြစ်နဲ့ ဧည့်ဝတ်ကျေပွန်စွာ ပြုစုကြပါတယ်၊ ကျုပ်တို့ရဲ့ဂုဏ်သိက္ခာ၊ သူ့ရဲ့ဂုဏ်သိက္ခာကို မထောက်ဘဲနဲ့ အဲဒီလူဟာ ကျုပ်တို့ဆီကဓားကို ခိုးယူသွားတယ်၊ ပျောက်ပျောက်ချင်း မသိဘူးလေ၊ ဧည့်သည်မရှိတော့မှ ဓားပျောက်မှန်းသိပြီး လိုက်ရှာရတာပါ"

လင်းထက်ဆွေက မေးလိုက်၏။

"အဲဒီလူက ဆရာကြီးတို့နဲ့ သိဟောင်းကျွမ်းဟောင်းတွေပါလား ခင်ဗျာ"

တံ့ဖန်းဟေက သက်ပြင်းချလိုက်၏။

"ချိန်းလိန်တောင်မှာ 'ဟုငါးယောက်'ဆိုတာ ရှိတယ်၊ ချိန်းလိန်တောင်ခြေမှာ သူတို့ရဲ့စခန်းကြီးရှိပါတယ်၊ တပည့်လက်သားတွေလဲ ရှိပါတယ်၊ သိုင်းလောကထဲမှာ နာမည်ထိုက်သင့်သလောက်ရှိနေတဲ့လူတွေဆိုတော့ ဦးလေးတို့ကလဲ ဧည့်ခံမိကြတာပေါ့ကွယ်"



လင်းထက်ဆွေက....

"ကျွန်တော်ကတော့ ဒီဟုငါးယောက်ဆိုတာကို မကြားဖူးပါဘူး ခင်ဗျာ"

"ဟုတ်လား"

တံ့ဖန်းဟေ အံ့သြသွား၏။

"သူတို့နာမည် ရှိကြပါတယ်၊ တူမောင်က ဘာဖြစ်လို့ မကြားပါလိမ့်၊ အဲဒီဟုငါးယောက်ရဲ့ ထူးခြားချက်ကတော့ ငါးယောက်စလုံး ဘယ်ဘက်လက်မောင်းတွေမှာ ကွင်းသုံးကွင်းစီ စွပ်ထားကြတာပဲ"

"ဒါ သူတို့အမှတ်အသားပေါ့ ဟုတ်လား"

"ဟုတ်တယ်... ဒါပေမယ့် ကွင်းတွေရဲ့ သတ္တုအမျိုးအစားကတော့ မတူညီကြဘူး"

"ဘာတွေများပါလိမ့်ခင်ဗျာ"

"သတ္တုအမျိုးအစားတွေကတော့ ရွှေ၊ ငွေ၊ ကြေး၊ သံနဲ့ခဲပဲ၊ နံပါတ်တစ် အစ်ကိုအကြီးဆုံးက ဟုယွင်တဲ့၊ သူက ရွှေကွင်းသုံးကွင်းစွပ်တယ်၊ နံပါတ်နှစ်က ဟုလျင်းတဲ့၊ ငွေကွင်း စွပ်တယ်၊ နံပါတ်သုံးက ဟုလီတဲ့၊ ကြေးကွင်းစွပ်တယ်၊ နံပါတ်လေးက ဟုရှင်တဲ့၊ သံကွင်းစွပ်တယ်၊ နံပါတ်ငါးက ဟုယောင်တဲ့၊ ခဲကွင်း စွပ်တယ်၊ ငါ့တူနဲ့တွေ့ခဲ့တဲ့လူကတော့ နံပါတ်သုံး ဟုလီပေါ့ကွယ်"

လင်းထက်ဆွေ ထပ်မံမမေးနိုင်ခင် အဘိုးအို တံ့ဖန်းချိုချင်က

အံ့ကြိတ်၍ ပြောလေ၏။

"ကိစ္စမရှိပါဘူး... ချိန်းလိန်တောင်ဟာ ဘယ်မှထွက်ပြေးနိုင်တာမှ မဟုတ်ပဲ၊ ဒီကြေးကိစ္စကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သွားရှင်းရမှာပဲ"

လင်းထက်ဆွေက ထောက်ခံလိုက်၏။

"ဟုတ်တယ်... ဆရာကြီးပြောတာ မှန်ပါတယ်၊ ဒီလိုမလုပ်ဘဲ လက်ပိုက်ငုံ့ခံနေရင် သိုင်းသမားတိုင်း အကျင့်ပျက် စည်းကမ်းမဲ့ကုန်ကြတော့မှာပေါ့"

တုံဖန်းချိချွင်က ခေါင်းညိတ်လိုက်ပြီး ဓားမြတ်ကိစ္စသို့ စကားဦးတည်လိုက်ပြန်သည်။

"မောင်ရင့် လက်ထဲကဓားဟာ ကြေးကွင်းဟုလီဆီက ရလာတာဆိုရင် ကျုပ်ကို ခဏလောက်ပြပါလား"

လင်းထက်ဆွေ စဉ်းစားရပြန်သည်။

တစ်ချက်ယုံကြည်ရန်ရှိသည်မှာ ယခု သူတွေ့ဆုံဆက်ဆံနေရသည့် မိသားစုသည် စကားကိုတည်တည်ကြည်ကြည် လေးလေးနက်နက် ပြောဆိုတတ်ကြခြင်းပေတည်း။

ထိုစဉ် တုံဖန်းဟောက ဝင်ပြော၏။

"ငါ့တူအနေနဲ့ အဲဒီဓားကို ကျုပ်တို့ကိုပြန်ပေးနိုင်မလား



ဒီဓားဟာ ကျုပ်တို့ပိုင်တဲ့ဓားမဟုတ်ဘဲ မိတ်ဆွေတစ်ယောက်က အပ်နှံထားတဲ့ဓားတစ်လက် ဖြစ်နေပါတယ်၊ ဒါကြောင့် သူ့အပေါ်မှာ တာဝန်မကျေရာ ရောက်နေမှာစိုးလို့ပါ"

"ရပါတယ်ခင်ဗျာ... ကျွန်တော်ကလဲ ကိုယ်ပိုင်ပစ္စည်း မဟုတ်ရင် မလိုချင်ပါဘူး၊ ပိုင်ရှင်အစစ်အမှန်ရဲ့ လက်ထဲကို ပြန်ပေးရမှာပေါ့"

ပြောပြီးသည်နှင့် လင်းထက်ဆွေသည် ခါးကြားမှဓားကို ဖြုတ်ယူလိုက်သည်။ တုံဖန်းချိချွင်အား လက်နှစ်ဖက်နှင့် တရိုတသေ ကမ်းပေးလိုက်သည်။

တုံဖန်းချိချွင်မှာ အတိုင်းထက် အလွန် ဝမ်းသာကြည်နူးသွားသည်။ လင်းထက်ဆွေထံမှ ဓားကိုလက်ခံယူလိုက်ပြီး တုံဖန်းဟောထံ အပ်နှံထားကာ...

"မြေးမလေး မိန်ကို ကောင်းကောင်းမွန်မွန် သိမ်းခိုင်းထားလိုက်"

တုံဖန်းဟောက ရိုရိုသေသေပင် လက်ခံယူလိုက်ပြီး လင်းထက်ဆွေအား ကျေးဇူးစကားဆိုသည်။

"မိတ်ဆွေဟောင်းတစ်ယောက်ရဲ့ ယုံယုံကြည်ကြည် အပ်နှံထားတဲ့ပစ္စည်းပြန်ရလို့ သိပ်ဝမ်းသာလှပါတယ်ကွယ်၊ ငါ့တူရဲ့ကျေးဇူးက ကြီးလှပါပေတယ်၊ ဒါကြောင့် ဦးတို့မိသားစုက ငါ့တူကို အထူးပဲ ကျေးဇူးတင်လှပါတယ်"

တုံဖန်းဟောသည် ပြောပြီးသည်နှင့်ခန်းမကြီးနောက်ဘက်သို့

ဝင်ရောက်သွားသည်။

မကြာမီပင် တုံဖန်းဟောသည် အခန်းထဲမှ ပြန်ထွက်လာလေ၏။

သူ့လက်ထဲတွင် ဓားတစ်လက်ပါရှိလာသည်။ သူဖခင် တုံဖန်းချို့ချင်အနီးသို့ ကပ်သွားကာ တီးတိုးတိုင်ပင်လိုက်၏။

လင်းထက်ဆွေထံသို့လျှောက်လာသည်။ အဘိုးအို တုံဖန်းချို့ချင်က ထိုင်နေရာမှ လှမ်းပြော၏။

"ကျုပ်သားက သူများပစ္စည်းနဲ့ လက်ဆောင်ပေးချင်သတဲ့ကွယ်"

တုံဖန်းဟောသည် လင်းထက်ဆွေအနီးသို့ ရောက်ရှိလာပြီး လက်ထဲမှဓားကို လှမ်းပေး၏။

နှုတ်မှလည်း ဖျောင်းဖျောင်းဖျဖျ ပြော၏။ သူလေသံကဓားကို လင်းထက်ဆွေ လက်ခံစေလိုကြောင်း ထင်ရှားလှပေသည်။

"တူမောင်... ဒီဓားကိုလက်ခံပါကွယ်၊ တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုတာလိုပေါ့ကွယ်"

ပြောပြောဆိုဆိုပင် တုံဖန်းဟောက လင်းထက်ဆွေ၏ လက်ထဲသို့ ထိုဓားကို အတင်းထိုးထည့်ပေးလိုက်သည်။ လင်းထက်ဆွေသည် အကြောက်အကန် ငြင်းမနေတော့ဘဲ လက်ခံယူလိုက်သည်။



"ဟင်...."

လင်းထက်ဆွေမှာ သူ့လက်ထဲရောက်လာသည့်ဓားကို ကြည့်ပြီးသည်နှင့် ခုန်ထလိုက်မိလေ၏။ ချက်ချင်းလိုလို ကမန်းကတန်း မေးလိုက်မိ၏။

"ဦးဦးတို့ ဒီဓား ဘယ်ကရလာသလဲဆိုတာ သိပါရစေခင်ဗျာ"

တုံဖန်းဟောက ရှင်းပြ၏။

"ကျုပ်တို့အားလုံးပဲ စောစောက ငါ့တူယူလာတဲ့ဓားပျောက်သွားလို့ လူစုခဲ့ပြီး လိုက်ရှာကြတယ်၊ ကျုပ်တို့လင်မယားနှစ်ယောက် အရှာထွက်ခဲ့တဲ့ဘက် ဒီနေ[illegible]နဲ့ ဆယ်မိုင်လောက်အကွာမှာ ခရမ်းရောင်ဝတ်စုံနဲ့ မိန်းကလေးတစ်ယောက်နဲ့ ရင်ဆိုင်တိုးခဲ့မိကြတယ်၊ သူ့ကို ဒီဓားကိုင်ပြီး အရေးတကြီး လျှောက်သွားနေတာ တွေ့လိုက်ရတော့ ကျုပ်တို့စိတ်ထဲ သင်္ကာမကင်းဖြစ်သွားမိတယ်၊ ပြီးတော့ ဒီဓားကလဲ ကျုပ်တို့ပျောက်သွားတဲ့ဓားနဲ့ တစ်ပုံစံတည်း ဖြစ်နေတာကိုး"

"ဒါနဲ့ပဲ ဦးက ဒီဓားကို အဲဒီကောင်မလေးဆီက လုယူလာခဲ့တယ်ဆိုပါတော့"

လင်းထက်ဆွေက ဝင်မေးလိုက်ရာ တုံဖန်းဟောက ရှက်ကိုးရှက်ကန်းဖြစ်ကာ ခေါင်းညိတ်ပြလိုက်မိသည်။

လင်းထက်ဆွေ စိတ်ထဲတွင် နိုးရိမ်မကင်းဖြစ်သွားမိသည်။

"ဒါဖြင့် ဒီဓားကိုင်တဲ့ကောင်မလေးကကော"

"သူ့ကိုလဲ ကျုပ်တို့ကဖမ်းချုပ်ပြီး ရွာကိုခေါ်လာခဲ့ကြတယ်"

"သူ့ကို ကျွန်တော်နဲ့ခဏလောက် တွေ့ခွင့်ပေးနိုင်မလားခင်ဗျာ"

"ဒါ... ဒါ... ဒါကတော့...."

တုံဖန်းဟေ ထစ်ထစ်ငေါ့ငေါ့နှင့်မျက်နှာပျက်နေသဖြင့် လင်းထက်ဆွေက အားနာဟန်ဖြင့်....

"ကျွန်တော့်ကိုတွေ့ပေးဖို့ အခက်အခဲများ ရှိနေလို့လားခင်ဗျာ"

တုံဖန်းဟေက အလျင်အမြန်ပင် ရှင်းပြသည်။

"ဟာ... ဒီလိုမဟုတ်ရပါဘူး၊ ဒီကောင်မလေးကလဲ ဆိုးသွမ်းတဲ့လူဆိုး သူခိုးမဟုတ်ပါဘူး၊ ဒါကြောင့် ကျုပ်တို့ သူ့ကိုအပြစ်မယူချင်ပါဘူး၊ နောက်ပြီး ဖေဖေပြန်လာရင် ကျုပ်တို့ကို အပြစ်တင်မှာစိုးလို့ သမီးက သူ့အဘိုးကိုသွားခေါ်နေတုန်းမှာပဲ အဲဒီမိန်းကလေးကို ပြန်လွှတ်လိုက်ကြပါတယ်၊ ဒါကြောင့် ငါ့တူကို တွေ့မပေးနိုင်တာပါ"

"ဩော်...."

လင်းထက်ဆွေ ငိုင်ပြီး စဉ်းစားနေမိသည်။ ခရမ်းရောင်ဝတ်စုံဝတ်မိန်းကလေးဆိုသည်မှာ ဟုအင်ဟုန်ဖြစ်ရမည်မှာ မလွဲဟု သူတွေးမိသည်။

သူ့ဆရာ၏ မိုးကြိုးသွားဓား ပြန်လည်ရရှိလိုက်သဖြင့် သူ လွန်စွာ ဝမ်းသာသည်။

ကံကြမ္မာ၏အလှည့်အပြောင်းကို သူ လွန်စွာ အံ့ဩမိသည်၊ ဩော်... မမျှော်လင့်သည့်အချိန်၌ မိမိ၏ဓားသည် မိမိလက်ထဲသို့



မျက်လှည့်ပြသလို ရောက်ရှိနေပါကလား။

"ဒီဓားက သူငယ်လေးနဲ့ဘယ်လိုများ ပတ်သက်နေလို့လဲ"

ဓားကိုင်ပြီး ငိုင်နေသောလင်းထက်ဆွေအား တုံဖန်းချိုချင်က လှမ်း၍ မေးမြန်းလေ၏။

လင်းထက်ဆွေက ဝမ်းနည်းကြေကွဲစွာ ရှင်းပြသည်။

"အမှန်အတိုင်း ပြောရရင် ဒီဓားမြတ်ဟာ သေဆုံးသွားပြီဖြစ်တဲ့ ကျွန်တော့်ဆရာရဲ့ဓားပါ၊ ဆရာပေးခဲ့တဲ့အမွေဆိုလို့ ဒီဓားမြတ်တစ်လက်ပဲ ရှိပါတယ်ခင်ဗျာ"

လင်းထက်ဆွေအဖို့ အတိတ်မှဖြစ်ရပ်များကို ပြန်လည်မြင်ယောင်လာခဲ့၏။ ထို့နောက် တိုးညင်းစွာ ဆက်ပြော၏။

"ဘဘတို့ရဲ့ဓားဟာ ဒီဓားနဲ့ရုတ်တရက် ခွဲမရအောင် တူမနေခဲ့ရင် ကျွန်တော်လဲ ကြေးကွင်းဟုပင်ဆီက တိုက်ခိုက်လုယူခဲ့မှာမဟုတ်ပါဘူး"

တုံဖန်းဟေကလည်း ဝင်၍ မှတ်ချက်ချသည်။

"မယုံကြည်နိုင်လောက်အောင်ပဲ အံ့ဩစရာအဖြစ်အပျက်တွေက တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ခဲ့ရတာပဲ၊ ငါ့တူ လင်းထက်ဆွေ တွေ့ခဲ့တဲ့ဓားက ကျုပ်တို့ရဲ့ဓားဖြစ်နေပြီး ကျုပ်တို့တွေ့ခဲ့တဲ့ဓားက ငါ့တူပိုင်တဲ့ဓား ဖြစ်နေတယ်ဆိုတော့ ဘုရားသခင်က တမင်တကာ ဖန်တီးပေးလိုက်သလိုပါပဲကွယ်"

သားဖြစ်သူနှင့်ညီသည်ဖြစ်သူတို့ ပြောဆိုနေကြသည့် စကားများကို တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေရာမှ တုံဖန်းချိချွင်သည် ရုတ်တရက် ထလာ၏။

လင်းထက်ဆွေ၏လက်ထဲမှဓားကို ယူကြည့်လိုက်သည်။

သူ၏ဖြူဖွေးသော မျက်ခုံးကြီးများ ရှုံ့တက်သွားအောင် သူ စဉ်းစားနေတော့သည်။

"အင်း... ကျုပ်အသက်အရွယ်ကလဲ ခုနစ်ဆယ်ကျော်လို့ ရှစ်ဆယ်ထဲ ရောက်နေခဲ့ပြီ၊ တစ်ခါမှ ဒီလောက်အရောင်တောက်ပ ထက်မြက်တဲ့ ဓားမြတ်နှစ်လက်ရှိနေတယ်ဆိုတာကို မကြားမိဖူးသေးဘူး၊ တကယ့်ကိုမယုံကြည်နိုင်စရာ ကောင်းပါပေတယ်ကွယ်၊ မင်းကို မေးကြည့်စမ်းပါရစေ၊ ဒီဓားမြတ်ဟာ ဖိုထဲကထွက်လာတာ မကြာသေးဘူးလို့ ကျုပ်တော့ယူဆတာပဲ၊ အဲဒါ ဟုတ်မဟုတ် သိပါရစေ"

"ဟုတ်ပါတယ်ခင်ဗျာ... ဆရာကြီးခန့်မှန်းတာ မှန်ပါတယ်"

"ဖြစ်နိုင်မယ်ဆိုရင် မင်းရဲ့ဆရာ ဘယ်သူလဲဆိုတာ ကျုပ်ကိုပြောပြပါလား၊ ဒီလောက်ကောင်းမွန်တဲ့ ဓားမြတ်တစ်လက်ကို ပြုလုပ်နိုင်တာကိုထောက်ရင် မင်းဆရာဟာ နှယ်နှယ်ရရပုဂ္ဂိုလ်တစ်ယောက် မဖြစ်နိုင်ဘူး"

"ဟုတ်ပါတယ်... ဆရာ သက်ရှိထင်ရှားရှိစဉ်တုန်းကတော့ သူ့ကိုသိုင်းလောကသားတွေက မိုးကြိုးသွားဓား စိမာကမ်းစင်းလို့ ခေါ်ကြပါတယ်"

"ဟင်...."



"ဟာ..."

အာမေဋိတ်သံများ ရုတ်တရက် ထွက်လာသည်။ လင်းထက်ဆွေအား ဝိုင်းကြည့်ကြသည်။ အတန်ကြာမှ တုံဖန်းဟေကအားတက်သရောလေသံဖြင့် ကောက်ချက်ချသည်။

"ဟုတ်တာပေါ့... ကြည့်စမ်း... ဒီလောက်ထက်မြက်တဲ့ဓားဟာ အလယ်ပိုင်းမြေပြန့်ဓားနှစ်လက်ထဲက တစ်လက်ဖြစ်တဲ့ အစ်ကိုကြီးစိမာကမ်းစင်းရဲ့ဓားပဲ ဖြစ်ရမှာပေါ့"

သူ့ဆရာကို'အစ်ကိုကြီး'ဟု တရင်းတနှီး ခေါ်လိုက်သဖြင့် လင်းထက်ဆွေက ဝမ်းသာကျေနပ်စွာ ပြန်ဖြေလိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ... အဲဒါ ကျွန်တော့်ဆရာပါပဲ"

တုံဖန်းချိချွင်က စဉ်းစဉ်းစားစားလေသံဖြင့်မေး၏။

"မင်းရဲ့မျိုးနွယ်က'လင်း'ဆိုတော့ သက်တန့်ပုံဓား လင်းအင်ချမ်းကိုများ မင်းသိနေမလား မဆိုနိုင်ဘူး"

"သိတာပေါ့ ခင်ဗျာ... အဲဒါသေဆုံးသွားတဲ့ ကျွန်တော့်ရဲ့ဖေဖေပါပဲ ဆရာကြီး၊ ကျွန်တော့်ဖေဖေအကြောင်းကို သိပါသလားခင်ဗျာ"

တုံဖန်းချိချွင်သည်လည်းကောင်း၊ တုံဖန်းဟေသည်လည်းကောင်း ရုတ်တရက် စကားမပြောနိုင်ပဲ ဖြစ်သွားကြသည်။

အတန်ကြာမှ....

"ဒီလိုဆိုရင်တော့ မှားသွားပြီ၊ ဟိုဓားတစ်ချောင်းကမှ မင်းရဲ့ဓား အစစ်အမှန်ဖြစ်တယ် သူငယ်လေး"

"ခင်ဗျာ... ဘဘ ဘယ်လိုအဓိပ္ပာယ်နဲ့ ပြောလိုက်တာပါ

လိမ့်"

တုံဖန်းချိုချင်က ဘာမျှပြန်မဖြေပဲ ငိုင်နေသောတုံဖန်းဟေဘက်သို့မျက်နှာမူကာ တုန်ယင်သောလေသံဖြင့် ပြောလိုက်၏။

"လူလေး… သူ့ကိုရွှေဝေရေကန်ဆီ ခေါ်သွားလိုက်ပါကွယ်၊ အဲဒီမှာ သူ လှေလာပစေ"

အံ့သြစရာကောင်းလောက်အောင် တုံဖန်းချိုချင်၏မျက်နှာသည် ဝမ်းနည်းကြေကွဲသည့်အသွင်သို့ပြောင်းလဲသွား၏။

တုံဖန်းဟေသည်လည်း သူ့ဖခင်နည်းတူ ဝမ်းနည်းပူဆွေးသောမျက်နှာဖြစ်ပေါ်လာကာ လင်းထက်ဆွေအား လှမ်းပြောလေ၏။

"တူမောင်… ကျုပ်နောက်ကို လိုက်ခဲ့ပါ"

လင်းထက်ဆွေသည် မည်သို့မျှ နားမလည်နိုင်ပဲ တုံဖန်းဟေနောက်မှထ၍ လိုက်ပါသွားလေ၏။

သို့သော် ထူးခြားသည့်အကြောင်းအရာတစ်ခုရှိနေမည်ကိုတော့ အလိုလို သိရှိနေမိ၏။

တစဉ် (၅) ပြီး၏။

တစဉ် (၆) ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်